# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၀၃၅)


# ထိုင်းနိုင်ငံအောက်လွှတ်တော်မှ ပြည်သူ့လွှတ်တော်သို့ Covid–19 ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ ပေးပို့လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၃**

Coronavirus Disease 2019 (Covid–19) ကာကွယ်ရေးတွင် အသုံးပြုရန်အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်ထံသို့ ထိုင်းနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. Chuan Leekpai က ဧပြီ ၂၄ ရက်တွင် နှာခေါင်းစည်း(Mask) ၂၀၀၀ ကိုလည်းကောင်း၊ ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Suchart Tonjaroen က ဇွန် ၂၆ ရက်တွင် နှာခေါင်းစည်း(Mask) ၆၀၀၀၀ နှင့် အောက်တိုဘာ ၂၉ ရက်တွင် နှာခေါင်းစည်း(Mask) ၃၀၀၀၀၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကိုယ်စား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်သန်းက လက်ခံရယူခဲ့သည်။ **(ဓာတ်ပုံ)**

အဆိုပါ လှူဒါန်းမှုများအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ထိုင်းနိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌထံသို့ ကျေးဇူးတင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပြန်လည်ပေးပို့ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






## ကံ့ကော်ရိပ်က လွမ်းပုံပြင်

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဆောင်းပါး

စာ ➤ ၆၊ ၇

..........................................

## ကိုဗစ်–၁၉ ကာလအလွန် ပြောင်းလဲဖြစ်ပေါ်လာနိုင်မှုများကို စောင့်ကြည့်ခြင်း

နိုင်ငံတကာရေးရာ စာ ➤ ၁၄

## Stay at home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

COVID–19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် Stay at home အစီအစဉ်တွင် အကျုံးဝင်သော ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်းကို ဘုတ်အဖွဲ့ဖြင့် စိစစ်ခွင့်ပြုလျက်ရှိရာ စိစစ်ရေးဘုတ်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၀ မှ ၁၄/၂၀၂၀ အထိ) အရ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန ၁၇၆၅ ဌာနမှ အာမခံအလုပ်သမား ၂၄၄၆၇၀ အတွက် ထောက်ပံ့ငွေကျပ် ၁၆၄၁၇ ဒသမ ၇၄၇ သန်းအား သက်ဆိုင်ရာ လုပ်ငန်းရှင်များသို့ အောက်တိုဘာ ၅ ရက်မှစ၍ ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ စိစစ်ရေးဘုတ်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၅/၂၀၂၀ မှ ၂၄/၂၀၂၀ အထိ) တို့အရ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန ၁၆၁၂ ဌာနမှ အာမခံအလုပ်သမား ၂၆၁၉၁၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၅၉၇၇ ဒသမ ၀၃၃ သန်းအား သက်ဆိုင်ရာလုပ်ငန်းရှင်များသို့ ခွင့်ပြုထုတ်ပေးခဲ့ပြီး စာရင်းအသေးစိတ်ကို သက်ဆိုင်ရာ လုပ်ငန်းဌာနများသို့ အကြောင်းကြားပြီးသည့်အပြင် ဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့၏ Website တို့တွင်လည်း ကြေညာထားပြီး UMFCCI နှင့် အလုပ်သမား သမဂ္ဂများထံသို့လည်း *စာမျက်နှာ ၂၄ ကော်လံ ၁* ❐




မြန်မာ့အလင်း

# အခက်အခဲများကို ဖြေရှင်းအောင်မြင်ခြင်း

အနုပဝါဒေါ၊ အနုပဃာတော။

သူတစ်ပါးကို မကဲ့ရဲ့ အပြစ်မတင်ရာ၊ မသတ်ပုတ် မညှဉ်းဆဲရာ။ (ဓမ္မပဒ ဗုဒ္ဓဝဂ်)။

ပုထုဇဉ်လူသားတို့သဘာဝ အမှားအယွင်းမကင်းကြ။ လူတို့၏ ရင့်ကျက်မှုနှင့် ပညာပါရမီပေါ်မူတည်၍ အချို့က အပြစ်ကို အဖန် တလဲလဲပွားများရင်း အပြစ်နွံထဲက မလွတ်မကင်းနိုင်ဘဲ နောင်တ တစ်ဖန်ပူပင်ခြင်းများဖြင့် အကျိုးမဲ့စွာနေ၏။ အချို့က မိမိအပြစ်မှ လွတ်ကင်းရေးကို အားထုတ်၏။ အချို့က အခြားသူတစ်ပါးကို အပြစ်ရှာရင်း မိမိအတွက် အမြတ်ထုတ်ရန် ကြိုးစား၏။ အချို့က အမှားအယွင်းကို လက်ခံကာ မိမိ၏ အပြစ်ကိုဝန်ခံ၏။ ထို့နောက် အမှားအယွင်း၏ ရင်းမြစ်ကိုသိအောင်ကြိုးစားကာ အမှားကို ပြင်ဆင်ရန် ကြိုးစား၏။

အပြစ်ရှာကဲ့ရဲ့ပြစ်တင်နေခြင်းက ပိုမိုကောင်းမွန်သည့် အနေအထားတစ်ခုဆီသို့ ဦးတည်သွားလိမ့်မည်မဟုတ်။ အထူးသဖြင့် ကြီးမားသော အခက်အခဲ အကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ပိုမို၍ တည်ငြိမ်စွာ တွေးဆအဖြေရှာရန်လိုပါသည်။ အပြစ်တင်ခြင်းသက်သက်က အဖြေရှာဖွေခြင်းမဟုတ်။ အခက်အခဲ အကျပ်အတည်းတွင်းက လွန်မြောက်နိုင်သည့် အဖြေကိုရနိုင်ရေးမှာ အခြေအနေအရပ်ရပ်ကို ထောင့်ပေါင်းစုံက သိမြင်နှံ့စပ်ပြီးနောက် ချို့ယွင်းချက်များကို ပြုပြင်ရန် ကြိုးစားခြင်းဖြစ်ပါမည်။ အနေအထားတစ်ခုလုံးပေါ် ကိုယ်တိုင်လည်းစနစ်တကျ ဝေဖန်သုံးသပ်မှုများ ပြုလုပ်သလို အခြားသောသူတို့၏ စနစ်တကျ သုံးသပ်ဝေဖန်မှုများကို နားထောင်လက်ခံရ၏။

အပြစ်တင်ဝေဖန်ခြင်းသက်သက်သည်မှု လွယ်၏။ အခြားသူတစ်ပါးကို လက်ညှိုးထိုး ပြစ်တင်လိုက်ရုံသာ။ စနစ်တကျ ဝေဖန်ပြောဆိုရင်း မည်သို့အဖြေရှာနိုင်မလဲဆိုသည်ကသာ ပိုမိုတိုးမြင့်ကောင်းမွန်ရေးကို ရှေးရှုမည် ဖြစ်၏။

အပြစ်တင်ကဲ့ရဲ့ခြင်းသက်သက်ဖြင့် လုပငြိမ်းချမ်းသော လောကကို တည်ဆောက်နိုင်မည် မဟုတ်ပေ။ စနစ်တကျဝေဖန်ပြောဆိုသည် ဆိုရာတွင်လည်း အချို့သော အကြောင်းကိစ္စများသည် ဝေဖန်ပြောဆိုသူသည် ထိုအကြောင်းကိစ္စနှင့် ပတ်သက်၍ မည်ရွေ့မည်မျှ ပြောဆိုဝေဖန်နိုင်သည့် နေရာတွင်ရှိသလဲဆိုသည်က အရေးပါပါသည်။ နျူကလီးယား ရူပဗေဒညီမျှခြင်းတစ်ခုကို ဝေဖန်ပြောဆိုမည့်သူသည် သိပ္ပံစာအုပ် တစ်အုပ်နှစ်အုပ် ဖတ်ထားရုံမျှဖြင့် မလုံလောက်ဟူသည့် သဘောဖြစ်ပါသည်။ ဘာသာရေး၊ သိပ္ပံ၊ ဝိဇ္ဇာ၊ သမိုင်း၊ စာပေ၊ ပန်းချီ အနုပညာ ယဉ်ကျေးမှု နယ်ပယ်အသီးသီးတွင် မိမိ၏အကြိုက် မကြိုက်ကို ပြောဆိုနေခြင်းက အကြောင်းမဟုတ်သော်လည်း ဝေဖန်ပြစ်တင်မည်ဆိုလျှင်မူ ပြောဆိုဝေဖန်မည့်သူတွင် ထိုသို့ ပြောဆိုခွင့်ရှိ၏လော ဟူသည်ကို ပြောလိုရင်းဖြစ်ပါသည်။ နိုင်ငံတကာနယ်ပယ်တွင် ထိုသို့ဝေဖန်ပြောဆိုမှုများတွင်မူ ယင်းကို ဝေဖန်ပြောဆိုနေသူသည် မည်မျှ authoritative ဖြစ်သလဲဟု အမေးထုတ်ခြင်းရှိ၏။ ထိုသူ၏ ဝေဖန်မှုကို မည်မျှလောက် ယုံကြည်လက်ခံရနိုင်မလဲဟု ချိန်ဆခြင်းဖြစ်ပါသည်။

ယင်းသို့ဖြင့် စနစ်ကျနသော ဝေဖန်သုံးသပ်မှုများကို အခြေခံကာ အားနည်းချက်၏ ရင်းမြစ်ကိုသိပြီး စနစ်တကျ ခြုံငုံသုံးသပ်ဆန်းစစ်ပြီးမှ ပေါ်လစီ၏ အားသာချက်၊ အားနည်းချက်၊ မူဝါဒ၏ အားကောင်းချက်၊ ချို့ယွင်းချက် သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်နေသူတို့၏ အားသာချက်၊ ချို့ယွင်းချက်တို့ကို အဖြေရှာရင်း ပိုမိုတိုးတက်ကောင်းမွန်သည့် နည်းလမ်းကို ရှာဖွေကြ၏။

ဤသို့ဖြင့် အမှားကို ပြင်ရ၏။ အမှန်ကိုရှေးရှုကာ ပြင်ဆင်ရမည်တို့ကို ပြင်ဆင်ရ၏။ ဆက်လက်လျှောက်လှမ်းရမည့် ခရီးကို ဆက်လက်ချီတက်ကြ၏။

ဤပုံဤနည်းဖြင့် စနစ်ကျနစွာ ဝေဖန်ခြင်း၊ သုံးသပ်ခြင်း၊ ပြန်လည်ဆန်းစစ် လေ့လာခြင်း၊ ပြုပြင်စရာရှိပါက ပြုပြင်ခြင်းတို့ဖြင့် လူ့လောကလူ့သမိုင်းက အဆင့်ဆင့်တိုးတက်မြင့်မားလာခြင်း ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။

## မဲရုံကိုသွားလို့ မဲပေးကြပါစို့

- ကိုယ့်ခွင့် ကိုယ်ပိုင် လုပ်ဆောင်နိုင်ဖို့ မဲပေးရွေးချယ်ကြပါစို့။
- ကိုယ့်မျှော်လင့်မှု သက်သေပြုဖို့ မဲပေးရွေးချယ်ကြပါစို့။
- ပြည်သူ့ကိုယ်စား ပြည်သူ့ကိုယ်ပွား ကိုယ်စားလှယ်များ ပေါ်ထွန်းစေဖို့ မဲပေးရွေးချယ်ကြပါစို့။
- ဒို့ပြည်အနာဂတ် ဒို့ဆုံးဖြတ်ဖို့ (အို . . နောင်ညီတို့ ) မဲရုံကို သွားလို့ မဲပေးကြပါစို့ ။ ။

မျိုးမြတ်မြတ်မြင့်မောင်

## ကိုဗစ်-၁၉ ရောဂါ ရင်ဆိုင်ကျော်လွှားခဲ့ရပုံအကြောင်း ဆွေးနွေးခန်းအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၄

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲ မှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

ယခုအခါ အပတ်စဉ် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီခွဲတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူများနှင့် ဆွေးနွေးမေးမြန်းခန်းကို ထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူများဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး၊ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်သူ၊ သဃ်န်းကျွန်းမြို့နယ်မှ ဦးချမ်းငြိမ်းအောင်နှင့် ဒေါ်ကြည်ပြာတို့၏ ကိုဗစ်-၁၉ ရောဂါ ရင်ဆိုင်ကျော်လွှားခဲ့ရပုံများအကြောင်း ဆွေးနွေးခန်းအစီအစဉ်ကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ပနိုင်ငံများရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၃

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၂၉) ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။



အဆိုပါ ကယ်ဆယ်ရေး လေယာဉ်တွင် တောင်အာဖရိကမှ နှစ်ဦး၊ ကနေဒါမှ နှစ်ဦး၊ ဘရာဇီးမှ သုံးဦး၊ ဗြိတိန်မှ သုံးဦး၊ အင်ဒိုနီးရှားမှ နှစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှ ၁၀ ဦးနှင့် ကိုရီးယားသမ္မတနိုင်ငံမှ ၈၁ ဦး၊ မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၃ ဦး လိုက်ပါကြသည်။

### ပြန်လည်ရောက်ရှိ

ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံ၌ စာချုပ်သက်တမ်းကုန်ဆုံး၍ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၄၅ ဦးအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများ အဖွဲ့ချုပ်တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာ့အမျိုးသား လေကြောင်းလိုင်း (MNA) စင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည် ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် သို့ အဆင်ပြေချောမွေ့စွာ ပြန်လည် ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/ သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက် နှင့် နေအိမ်တွင် အသွားအလာ ကန့်သတ်မှုခုနစ်ရက်နေထိုင်စေရေး တို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍ အလိုက် တာဝန်ယူဆောင်ရွက်ပေး သည်။

### ညှိနှိုင်းဆောင်ရွက်

ပြည်ပနိုင်ငံများတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား များနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့် အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံး များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီး တို့တွင် နေရာကျဲကျဲမှနေရာစိပ်စိပ် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## ရေကြည်မြို့နယ်သမဝါယမ အသင်းစုက စပါးဝယ်ယူရေး လုပ်ငန်းများ ဆောင်ရွက်

ရေကြည် နိုဝင်ဘာ ၃

ယခုနှစ် မိုးရာသီတွင် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်ခဲ့သည့် မိုးစပါးများအား ရောင်းချရာတွင် တောင်သူများ အခက်အခဲများ မရှိစေရေးနှင့် အကျိုးစီးပွားမြင့်မားစေရေးတို့အတွက် သမဝါယမအသင်းများမှ စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် သမဝါယမ အသင်းစုက စပါးဝယ်ယူရေးအတွက် ကွင်းသုံးဆင့်ကျေးရွာအုပ်စု ကုန်းတက် ကျေးရွာရှိ မြင့်မိုရ်မြင့်ဆန်စက်ဝင်းတွင်လည်းကောင်း၊ စိုက်ပျိုးရေး ဦးစီးဌာနရုံးဝင်းအတွင်းရှိ သိုလှောင်ရုံနှင့် ဇရပ်ဝိုင်းကျေးရွာတွင်လည်းကောင်း စပါးအဝယ်ဒိုင်ဖွင့်လှစ်၍ စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့သာလျှင် အဓိက

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆွယ်စည်းရုံးရေးကာလ၊ ရွေးကောက်ပွဲကျင်းပစဉ်ကာလနှင့် ရွေးကောက်ပွဲကျင်းပပြီးကာလများတွင် ဆောင်ရွက်ရမည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်သူများက လူမှုကွန်ရက်များပေါ်၌ သတင်းမှားများ ဖြန့်ဝေနေခြင်းအား တားဆီးနိုင်ရေးကိစ္စ၊ နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်ရန် လာရောက်သူများကိစ္စ၊ အရေးပေါ်စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းထားရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက ကော်မတီဝင်များ၏ ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အာဆီယံလူငယ်ခေါင်းဆောင်များညီလာခံသို့ ပါဝင်တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၃**

လူငယ်ခေါင်းဆောင်များဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့်ညီလာခံကို ယနေ့ မွန်းလွဲပိုင်းက အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည့် ဗီယက်နမ်နိုင်ငံက ဦးဆောင်၍ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အဆိုပါညီလာခံသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံအသီးသီးမှ လူငယ်များ၏ အရေးကိစ္စကို ဆောင်ရွက်လျက်ရှိသော ဝန်ကြီးများနှင့်အတူ ပါဝင်တက်ရောက်ခဲ့သည်။ **(အောက်ပုံ)**

ညီလာခံ၌ ဗီယက်နမ်နိုင်ငံ လူငယ်ရေးရာဆိုင်ရာ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဝန်ကြီး Mr. Nguyen Anh Tuan နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Mr. Dato Lim Jock Hoi တို့က အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပြီး အာဆီယံ နိုင်ငံအသီးသီးမှ လူငယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အမှာစကားပြောကြားကြသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံအနေဖြင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် လူငယ်များဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် မိမိတို့အစိုးရ တက်ရောက်လာသည့် ၂၀၁၆ ခုနှစ်မှစတင်၍ လူငယ်ရေးရာမူဝါဒရေးဆွဲရေးကို ဦးစားပေးအနေဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လူငယ်ရေးရာမူဝါဒကို လူငယ်ကိုယ်စားလှယ်များ၏ အဓိကပါဝင်မှုဖြင့် ရေးဆွဲခဲ့ကြရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် မိတ်ဆက်ဖြန့်ချိပေးခဲ့ပြီး လူငယ်များနှင့်ပတ်သက်၍ အစိုးရအဖွဲ့၏ အလေးအနက်ထားမှုကို ပြသခဲ့ပါကြောင်း၊ အဆိုပါမူဝါဒကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာစီမံချက်ကို ရေးဆွဲအတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ လူငယ်များသည် ကိုဗစ် – ၁၉ ကပ်ရောဂါဆိုင်ရာ လုပ်ငန်းများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လူငယ်များအပါအဝင် စေတနာ့ဝန်ထမ်းများ၏ ဆောင်ရွက်မှုများကို အားပေးကူညီနိုင်ရန်နှင့် လိုအပ်သည့်ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်ရန် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ကို ဖွဲ့စည်း၍ စေတနာ့ဝန်ထမ်းများအတွက် ကူညီပံ့ပိုးမှုများ၊ လိုအပ်သော သင်တန်းများ၊ လက်စွဲစာအုပ်များအပြင် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများကို အသိအမှတ်ပြု ဂုဏ်ပြုခြင်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး စသည့်အနာဂတ်အတွက် အရေးပါသည့်လုပ်ငန်းစဉ်များတွင် လူငယ်များ စိတ်ဝင်တစား ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စိန်ခေါ်မှုများ ရင်ဆိုင်နေကြရာတီထွင်ဖန်တီးမှုများ၊ ဆန်းသစ်သောအကြံဉာဏ်များနှင့် နည်းပညာအပေါ် မှီခိုအားထားရမှုများ ပိုမိုလိုအပ်လာရာ လူငယ်များ၏အခန်းကဏ္ဍမှာ ပိုမို၍အရေးပါလာပါကြောင်း။

မြန်မာနိုင်ငံတွင် ဒေသအသီးသီး၌ လူငယ်ကွန်ရက်များ ဖွဲ့စည်းထားပြီးဖြစ်ရာ မြန်မာလူငယ်များအနေဖြင့် အာဆီယံနိုင်ငံအသီးသီးမှ လူငယ်များနှင့် ကူးလူးဆက်သွယ်၍ ဒေသအရေး၊ အာဆီယံအရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ရန် အသင့်ရှိနေကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသင်း (မြန်မာ)ကို ၂၀၁၉ ခုနှစ်က ဖွဲ့စည်းထားပြီး ယင်းအသင်းတွင် လူငယ်ကိုယ်စားလှယ် နှစ်ဦးက အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး အာဆီယံလူငယ်ဆိုင်ရာ အတွေ့အကြုံဖလှယ်ပွဲများ၊ စွန့်ဦးတီထွင်မှု အစီအစဉ်များနှင့် ပြပွဲများကို အာဆီယံနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သလို အာဆီယံလူငယ်ကွန်ရက်များ ပိုမိုအားကောင်းစွာ ဆောင်ရွက်နိုင်ရေးကိုလည်း အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညီလာခံကိုဆက်လက်ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံများမှ လူငယ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ အာဆီယံလူငယ်ရေးရာ ဝန်ကြီးများ၏ ပူးတွဲကြေညာချက်ကို အတည်ပြုပြဋ္ဌာန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဇန်းမော်ခရိုင်အတွင်း ငါးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဇန်းမော် နိုဝင်ဘာ ၃**

ဇန်းမော်ခရိုင်အတွင်း ငါးထုတ်လုပ်မှုနှင့် ငါးစားသုံးမှု တိုးတက်မြင့်မားလာစေရေးအတွက် ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဇန်းမော်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြသိန်းနှင့် ဝန်ထမ်းများသည် ယမန်နေ့က မိုးမောက်မြို့နယ်ရှိ မန်နောင်အင်းသို့ သွားရောက်၍ လက်ရှိ အင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် အင်းနယ်နိမိတ်ကျောက်တိုင်များ စစ်ဆေးသည်။

ထို့နောက် ဇန်းမော်မြို့နယ်ရှိ သုတေသနအင်းဖြစ်သည့် မြောင်အင်းသို့သွားရောက်၍ လက်ရှိအင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မေးမြန်းဆွေးနွေးပြီး မြောင်အင်း၏ ရေအရည်အ သွေးများကို တိုင်းတာစစ်ဆေးခဲ့ရာ ရေအရည်အသွေးကောင်းမွန်ပြီး ငါးပေါက်ပွားနှုန်းကောင်းမွန်သော်လည်း ငါးများနေထိုင်ပေါက်ပွားရာ ငါးနေငါးထိုင်နေရာများ နည်းပါးကြောင်းတွေ့ရသဖြင့် အင်းသူကြီးအား ငါးထုတ်လုပ်မှု မကျဆင်းရေးအတွက် လိုအပ်သည့်အကြံဉာဏ်များ ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မဲရုံတာဝန်ထမ်းဆောင်ကြမည့်သူများနှင့် မဲဆန္ဒရှင်ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများ ဖြန့်ဝေပေး

**လဲချား နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲရုံအလိုက် အသုံးပြုရန် မဲရုံသုံးပစ္စည်းများနှင့် မဲရုံအလိုက် တာဝန်ထမ်းဆောင်ကြမည့်သူများနှင့် မဲဆန္ဒရှင် ပြည်သူများအား ဖြန့်ဝေရန် ကိုဗစ်–၁၉ ကာကွယ်ရေးသုံးပစ္စည်းများကို မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက စတင်ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ ဖြန့်ဝေပေးရာတွင် မဲရုံသုံးပစ္စည်းများနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် KN –95 ၊ Face Shield၊ Surgical Gown၊ Medical Cap ၊ PPE Level–3 ဝတ်စုံ၊ Surgical Glovers ၊ Protective Face Mask ၊Goggles ၊ Boot စသည့် ပစ္စည်းများကို မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများအလိုက် ထုတ်ပေးခြင်းဖြစ်ပြီး လဲချားမြို့နယ်တွင် မဲရုံပေါင်း ၃၆ ရုံအတွက် စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**လွှမ်းသူနောင် (ပြန်/ဆက်)**

# မှော်ဘီမြို့နယ် ရေကျော်ဓာတ်အားခွဲရုံ၊ ဝါးနက်ချောင်း ဓာတ်အားခွဲရုံ၊ ထန်းတပင်မြို့နယ်ရှိ ကျူတောဓာတ်အားခွဲရုံနှင့် တက်သစ်ကျွန်း ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားများ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၉-၂၀၂၀ ဘတ်ဂျက်ဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရေကျော်ဓာတ်အားခွဲရုံ၊ ဝါးနက်ချောင်းဓာတ်အားခွဲရုံနှင့် ထန်းတပင်မြို့နယ် ကျူတောဓာတ်အားခွဲရုံ၊ တက်သစ်ကျွန်းဓာတ်အားခွဲရုံတို့၏ ဖွင့်ပွဲအခမ်းအနားများကို ယနေ့တွင် အဆိုပါဓာတ်အားခွဲရုံများ၌ ကျင်းပသည်။

ရှေးဦးစွာ မှော်ဘီမြို့နယ် 33/11 KV, 5 MVA ရေကျော်ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် 33/11 KV, 5 MVA ဝါးနက်ချောင်းဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ထန်းတပင်မြို့နယ်ရှိ 33/11 KV, 5 MVA ကျူတောဓာတ်အားခွဲရုံဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေအသုံးပြု၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်ခဲ့သော ဓာတ်အားခွဲရုံ ၁၃ ရုံအနက် မြောက်ပိုင်းခရိုင်အတွင်း တည်ဆောက်ရန်ဖြစ်သော ဓာတ်အားခွဲရုံ ခြောက်ရုံမှာ ပြီးစီးပြီး မှော်ဘီမြို့နယ်ရှိ 33/11 KV, 5 MVA ခွဲရုံများဖြစ်သည့် ရေကျော်ဓာတ်အားခွဲရုံ၊ ဝါးနက်ချောင်းဓာတ်အားခွဲရုံ နှစ်ရုံနှင့် ယခုထန်းတပင်မြို့နယ်အတွင်းရှိ 33/11 KV, 5 MVA ခွဲရုံများဖြစ်သည့် ကျူတောဓာတ်အားခွဲရုံနှင့် တက်သစ်ကျွန်းဓာတ်အားခွဲရုံတို့ကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ယနေ့တွင် 33/11 KV, 5 MVA ဓာတ်အားခွဲရုံ စုစုပေါင်း လေးရုံဖွင့်လှစ်ပေးမည် ဖြစ်ကြောင်း။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ထန်းတပင်မြို့နယ် တက်သစ်ကျွန်း ဓာတ်အားခွဲရုံအတွင်း ကြည့်ရှုစဉ်။ ဓာတ်ပုံ-ဆန်းကျော်ဦး (ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့ပူးပေါင်းပြီး မိမိတို့၏ ရည်မှန်းချက်ဖြစ်သည့် ပြည်သူများနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားပေးခွဲရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများတည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများသို့ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် ကျေးရွာပေါင်း ၁၀၈၅ ရွာ မီးလင်းခဲ့၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၂၆၉ ရွာ ထပ်မံမီးလင်းခဲ့ရာ ၆၄ ရာခိုင်နှုန်းခန့် လျှပ်စစ်ဓာတ်အားရရှိခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၄၉၆ ရွာ လျှပ်စစ်ဓာတ်အားရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၄ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အား သုံးစွဲလာနိုင်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျန်ရှိသည့် ၃၅၅ ရွာကို လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးရန် စီစဉ်ထားရှိသည့်အတွက် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများအားလုံး ၁၀၀ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အားရရှိအောင် ရည်မှန်းချက်ထား စီမံဆောင်ရွက်လျက်ရှိကြောင်း၊ သို့ပါ၍ လျှပ်စစ်မီးထပ်မံရရှိသွားသည့် ပြည်သူများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အစစ ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျူတောဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး ထန်းတပင်မြို့နယ်ရှိ 33/11 KV, 5 MVA တက်သစ်ကျွန်းဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ခွဲရုံအတွင်း လိုက်လံစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်မရောမြို့နယ် အတ္တရံမြစ်ကူး(စံပယ်ဂူ)တံတား ဖွင့်ပွဲအခမ်းအနား ကျင်းပ




မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများ အတ္တရံမြစ်ကူး(စံပယ်ဂူ)တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။

**မော်လမြိုင် နိုဝင်ဘာ ၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျိုက်မရော-စံပယ်ဂူ-ကော့ပနော့လမ်းပေါ်တွင်တည်ရှိသည့် အတ္တရံမြစ်ကူး (စံပယ်ဂူ) တံတားဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ အတ္တရံမြစ်ကူး(စံပယ်ဂူ)တံတားကြီးပေါ်ရှိ မင်္ဂလာမဏ္ဍပ်တွင် ကျိုက်မရောမြို့နယ် ဇေတဝန်ကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်များထံမှ မွန်ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာအေးဇံနှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူပြီး ဆရာတော် သံဃာတော်များမှ အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နံနက် ၉ နာရီ ၁၅ မိနစ်တွင် အတ္တရံမြစ်ကူး(စံပယ်ဂူ) တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး တံတားကြီးပေါ်ဖြတ်သန်းကြည့်ရှု၍ တံတားအား ဖွင့်လှစ်ပေးသည်။

အတ္တရံမြစ်ကူး(စံပယ်ဂူ)တံတားသည် ကျိုက်မရောမြို့နယ် ကျိုက်မရော- စံပယ်ဂူ- ကော့ပနော့ လမ်းပိုင်း ကျိုက်မရောမြို့အရှေ့ဘက် နှစ်မိုင် လေးဖာလုံ အကွာတွင်တည်ရှိ၍ တံတားအမျိုးအစားသည် ပင်မတံတား သံမဏိ သံပေါင်ခုံးတံတား၊ ချဉ်းကပ်တံတား ကြိုတင်အားဖြည့်သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကိုယ်ထည်ဖြစ်ပြီး တံတားအရှည် ၂၁၁၃ ပေ ၂ လက်မ၊ တံတားအကျယ် ၃၄ ပေ ၆ လက်မ၊ ရေလမ်းကင်းလွတ်အမြင့် ၄၆ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၃၆၀ နှင့် တံတားခံနိုင်ဝန်တန် ၆၀ ရှိရာ တံတား၏စီမံကိန်းတန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၁၈၀၀၀ ရှိကြောင်း သိရသည်။

အဆိုပါတံတားမှ မော်လမြိုင်- ကျိုက်မရောမြို့မှ တစ်ဆင့် တရနာ- ဘုရားကုန်းလမ်းသို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အပြင် မုဒုံ- မြဝတီလမ်းမှတစ်ဆင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့သို့ လည်းကောင်း၊ ကော့ကရိတ်မြို့နှင့် မြဝတီမြို့များသို့ လည်းကောင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အတွက် နယ်စပ်ကုန်သွယ်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သည့်အပြင် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာစေမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်အတွင်းရှိ သတ်မှတ်မဲရုံနေရာများမှ ဆန္ဒမဲလက်မှတ်နှင့် မဲရုံသုံးဆက်စပ်ပစ္စည်းများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ သယ်ယူပို့ဆောင်ရာ၌ ကမ်းနားလမ်း(ကွန်ကရစ်လမ်းမကြီး)အား ဖြတ်သန်းအသုံးပြုမည်ဖြစ်ပါသဖြင့် ၈-၁၁-၂၀၂၀ ရက်နေ့ ၁၅:၀၀ အချိန်မှ ၉-၁၁-၂၀၂၀ ရက်နေ့၊ နေ့လယ် ၁၂:၀၀ အချိန်ထိ ကမ်းနားလမ်း (ကွန်ကရစ်လမ်းမကြီး)အား အနောက်ဘက်ကမ်းနားကွန်ကရစ်လမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းဆုံမှ အရှေ့ဘက် ပန်းဆိုးတန်းလမ်းဆုံကြားတွင် လမ်းခေတ္တပိတ်ထားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ယာဉ်မောင်းနှင်နေသူများအနေဖြင့် ခေတ္တလမ်းပိတ်ထားစဉ်ကာလအတွင်း အခြားသင့်လျော်သော လမ်းများမှ မောင်းနှင်သွားလာကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ



# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအထောက်အကူပစ္စည်းများ ဆက်လက်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသောပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ ယနေ့တွင် အထူးလေယာဉ်များဖြင့် ဆက်လက်ရောက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ် ခုနစ်ခေါက်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သုံးခေါက်ရောက်ရှိသည်။

ယနေ့ ရောက်ရှိသောပစ္စည်းများမှာ KN95 Mask များ၊ Boots များနှင့် PPE Medical Protective clothing များဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဝယ်ယူထားသည့် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအထောက်အကူပစ္စည်းများ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိစဉ်။ သတင်းစဉ်




ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဝယ်ယူထားသည့် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိစဉ်။ သတင်းစဉ်

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခဲ့ကြသူများ၏ မှျဝေစကားသံများ



ဦးထွန်းရွှေ



ဦးမောင်မောင်လေး



ဒေါ်မြသီတာကျော်



ဒေါ်ကြည်



ဒေါ်သီသီထွန်း

**နေပြည်တော် နိုဝင်ဘာ ၃**

နိုဝင်ဘာ၈ ရက်တွင်ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အတွက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အနေဖြင့် အောက်တိုဘာ ၂၉ ရက်မှ စတင်၍ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များနှင့်အညီ မဲရုံများသို့ လာရောက်၍ ကြိုတင်ဆန္ဒမဲများ ပေးလျက်ရှိကြသည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင်အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရခရိုင်အတွင်းရှိ ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့တွင်လည်း ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများသို့ လာရောက်၍ လျှို့ဝှက်ဆန္ဒပြုမဲပေးလျက်ရှိကြသည်။

ထို့ကြောင့် ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကြိုတင်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှု လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံ၍ကြိုတင်ဆန္ဒမဲပေးခဲ့မှုအတွေ့အကြုံများကိုလည်းကောင်း ရေးသားဝေမျှလိုက်ရပါသည်။

**ဦးထွန်းရွှေ (မြို့နယ်အုပ်ချုပ်ရေးမှူး၊ လယ်ဝေးမြို့)**

ကျွန်တော့်အနေနဲ့ မဲရုံတွေမှာ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနဲ့အညီ Social Distancing ဖြစ်အောင် ဆောင်ရွက်ထားခြင်း ရှိ မရှိ အခြေအနေတွေကို လိုက်လံစစ်ဆေးပါတယ်။ ဒီလိုစစ်ဆေးလို့ ဆောင်ရွက်ထားခြင်း မရှိခဲ့ရင် လိုအပ်တဲ့အကြံဉာဏ်တွေပေးပြီး ပြုပြင်ပေးပါတယ်။ အဓိကအနေနဲ့ မြို့ပေါ်မှာရှိတဲ့ မဲရုံတွေကို အရင်စစ်ဆေးပြီး ကျေးရွာအုပ်စုတွေကို ဆက်လက်ကွင်းဆင်းပြီးတော့ စစ်ဆေးသွားမှာဖြစ်ပါတယ်။ ကော်မရှင်အဖွဲ့ရဲ့ ညွှန်ကြားချက်အရ မဲရုံတွေကို နိုဝင်ဘာ ၅ ရက်အထိ ဆောင်ရွက်မှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဆက်လက်စစ်ဆေးကြပ်မတ် အကြံဉာဏ်တွေ ပေးသွားမှာပါ။

မဲလာပေးတဲ့သူတွေရဲ့ လုံခြုံရေးအတွက် မြို့နယ်လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီနဲ့ ကျေးရွာအုပ်စု လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီတို့ ဖွဲ့စည်းထားပါတယ်။ ကြိုတင်မဲပေးတဲ့ကာလမှာလည်း မဲရုံတစ်ရုံစီမှာ အထူးရဲတစ်ယောက်စီ ခန့်အပ်ထားပါတယ်။ ကြိုတင်မဲတွေကို အားကြိုးမာန်တက်နဲ့ လာရောက်ပေးကြတဲ့ ပြည်သူတွေကို တွေ့မြင်ရပါတယ်။ ပြည်သူတွေအနေနဲ့ မဲပေးတဲ့အခါမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေနဲ့အညီ မဲပေးကြဖို့ အကြံပြုချင်ပါတယ်။

**ဦးမောင်မောင်လေး (ဥက္ကဋ္ဌ၊ အမှတ်(၄)ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ လယ်ဝေးမြို့နယ်)**

အသက် ၆၀ နှင့်အထက်ရှိသူတွေ၊ အစိုးရဝန်ထမ်း၊ မကျန်းမာသူ၊ မသန်စွမ်းသူနဲ့ မဲပေးရမယ့်နေ့မှာ အကြောင်းအမျိုးမျိုးကြောင့် မဲရုံကို မလာရောက်နိုင်တဲ့ မဲဆန္ဒရှင်တွေအနေနဲ့ အထောက်အထားခိုင်လုံစွာပြနိုင်ရင် ကြိုတင်မဲပေး ခွင့်ပြုထားပါတယ်။ နောက်ပြီး အခုက ကိုဗစ်ရောဂါကာလ ဖြစ်တဲ့အတွက် မဲပေးဖို့လာတဲ့သူတွေကို ဝင်ပေါက်မှာ လက်သန့်ဆေးရည်ဖျန်းပေးပြီး နှာခေါင်းစည်းတွေ လဲလှယ်ခိုင်းပါတယ်။ ဒီလိုအဆင့်တွေ ဆောင်ရွက်ပြီးမှ မဲပေးစေပါတယ်။ မဲရုံကို လာရောက်ကြိုတင်မဲ မပေးနိုင်တဲ့သူတွေ အတွက်လည်း ကွင်းဆင်းပြီးအိမ်တိုင်ရာရောက် မဲပေးနိုင်အောင် လိုက်လံဆောင်ရွက်ပေးပါတယ်။ နောက်ပြီးမဲလာပေးတဲ့သူတွေ မဲပေးရာမှာ အခက်အခဲမရှိအောင်လည်း ကျွန်တော်တို့အနေနဲ့ ကူညီဆောင်ရွက်ပေးပါတယ်။ ဖြည့်စွက်ပြောချင်တာကတော့ ပြည်သူတွေအနေနဲ့ မပျက်မကွက်မဲပေးကြပါလို့ အကြံပြုချင်ပါတယ်။

**ဒေါ်မြသီတာကျော် (မဲဆန္ဒရှင်၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်မက ကျန်းမာရေးအခြေအနေအရ ကြိုတင်ဆန္ဒမဲပေးခြင်းဖြစ်ပါတယ်။ ကျွန်မရဲ့ ဇာတိက ဗန်းမော်မြို့က ဖြစ်ပါတယ်။ နေပြည်တော်ကို အလုပ်ကိစ္စနဲ့ရောက်ရှိနေတာ တစ်နှစ်ကျော်ပါပြီ။ မဲပေးတဲ့ကာလမှာ ဗန်းမော်မြို့ကို ပြန်ပြီး မဲပေးဖို့ စီစဉ်ထားပေမယ့် ကိုဗစ်ရောဂါ အခြေအနေတွေကြောင့် ပြန်လို့မရတဲ့အတွက် နေပြည်တော်မှာပဲ မဲပေးနိုင်ဖို့ စီစဉ်ခဲ့ပါတယ်။ မဲပေးဖို့ လျှောက်လွှာတင်တာတွေ လုပ်တဲ့အခါမှာလည်း လွယ်ကူမြန်ဆန်မှုရှိပါတယ်။ မဲပေးရတာ လွတ်လွတ်လပ်လပ်နဲ့ စိတ်ချလုံခြုံမှုရှိတဲ့အတွက် ကျေနပ်ပါတယ်။ မဲရုံမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ်–၁၉ ကူးစက်ရောဂါ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ဆောင်ရွက်ထားရှိထားတာကိုလည်း တွေ့ရှိရပါတယ်။

**ဒေါ်ကြည်(မဲဆန္ဒရှင်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နယ်)**

အဒေါ်က အသက် ၆၀ ကျော်လို့ မဲလာပေးတာ ဖြစ်ပါတယ်။ မဲရုံရောက်တဲ့အခါမှာလည်း နှာခေါင်းစည်းတွေနဲ့ တစ်ခါသုံးလက်အိတ်တွေ ဖြန့်ဝေတဲ့အပြင် လက်သန့်စင်စေဖို့ကိုလည်း မဲရုံတာဝန်ရှိသူတွေက ဆောင်ရွက်ပေးပါတယ်။ အဒေါ်အနေနဲ့လည်း မဲမပေးခင်မှာ လိုက်နာဆောင်ရွက်ရမယ့် ကျန်းမာရေးဆိုင်ရာ အချက်အလက်တွေကို ကြိုတင်လေ့လာထားတဲ့အတွက် မဲပေးရာမှာ လွယ်ကူမှုရှိပါတယ်။ မဲပေးတဲ့ အခါမှာလည်း ကိုယ်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းတွေကို စိတ်ကြိုက်မဲပေးခွင့်ရတဲ့အတွက် စိတ်ကျေနပ်မှု အပြည့်အဝ ရှိပါတယ်။ အခုလို ကိုဗစ်ရောဂါဖြစ်နေတဲ့ကာလမှာ အဒေါ်တို့လို သက်ကြီးရွယ်အိုတွေအတွက် ကြိုတင်မဲပေးနိုင်အောင် နိုင်ငံတော်ကစီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ဒေါ်သီသီထွန်း(မဲဆန္ဒရှင်၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်မက ဝန်ထမ်းတစ်ယောက် ဖြစ်ပါတယ်။ နိုဝင်ဘာ ၈ ရက်မှာ ကျင်းပမယ့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ဒုတိယမဲရုံမှူး တာဝန်ကျတဲ့အတွက် ကြိုတင်မဲပေးရခြင်း ဖြစ်ပါတယ်။ မဲမပေးခင်မှာ ကိုဗစ် – ၁၉ ရောဂါနဲ့ပတ်သက်ပြီး လိုက်နာဆောင်ရွက်ရမယ့် ကျန်းမာရေးစည်းမျဉ်းစည်းကမ်းချက်တွေကို ကြိုတင်လေ့လာထားသလို ကျွန်မရဲ့ပတ်ဝန်းကျင်ကလူတွေ သိရှိအောင်လည်း မျှဝေပေးပါတယ်။ ကြိုတင်မဲသွားထည့်တဲ့အခါမှာလည်း အခက်အခဲမရှိအောင် မဲရုံတာဝန်ရှိသူတွေက လိုအပ်တာတွေကူညီပေးတဲ့အပြင် တစ်ခါသုံးနှာခေါင်းစည်းနဲ့ လက်အိတ်တွေလည်း ဖြန့်ဝေပေးတဲ့အတွက် ကျန်းမာရေးအရ စိတ်ချလုံခြုံမှု ရှိပါတယ်။ ကြိုတင်မဲပေးပြီး နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကိုကျေပွန်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။

**သတင်း – အောင်မင်းသန့်**
**ဓာတ်ပုံ – ကျော်ဇင်ထိုက်**

# ကံ့ကော်ရိပ်က လွမ်းပုံပြင်

ရွှေကြည်လွင်(မြန်မာစာ)

မြကျွန်းညိုညို ကွန်းခိုရာ ဤတက္ကသိုလ်မြေမှာ ကံ့ကော်တို့ဝေမြဲ၊ စိန်ပန်းတို့ဝေဆဲ ၊ ငုဝါပိတောက်တို့ ပွင့်မြဲပွင့်ဆဲပင် ဖြစ်သည်။ နှစ်လကြာညောင်း အချိန်တွေအလီလီပြောင်းသော်လည်း အတိတ်နယ်က အရိပ်တို့သည် နုပျိုဆဲ၊ လတ်ဆတ်ဆဲဖြစ်သည်။ တွေးမိတိုင်း လွမ်းတ၊ မျှော်မိတိုင်း မှန်းဆနေရပေသည်။



အဓိပတိလမ်းမထက်က ခံ့ညားထည်ဝါစွာတည်ရှိနေသည့် ဘွဲ့နှင်းသဘင်ခန်းမ။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



**ဆောင်းပါးရှင် ရွှေကြည်လွင်(မြန်မာစာ)၏ ကိုယ်ရေးအကျဉ်း**

- ❊ အမည်ရင်းမှာ ဆန်းလွင် ဖြစ်သည်။
- ❊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရွာတန်းရှည်(ထပ်ပိုး)ကျေးရွာတွင် အဖဦးလှရွှေ၊ အမိဒေါ်ကြည်တို့က ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက် (အင်္ဂါနေ့) တွင် မွေးဖွားခဲ့သည်။
- ❊ အခြေခံပညာကို(အ.မ.က - ၃၆) ဝွေ့အိုင့်ကျောင်းတွင် သင်ယူခဲ့သည်။
- ❊ တက္ကသိုလ်ဝင်တန်းကို အ.ထ.က(၆) ဖလံကျင်းကျောင်းမှ အောင်မြင်ခဲ့သည်။
- ❊ မိတ္ထီလာတက္ကသိုလ်မှ မြန်မာစာအဓိကဖြင့် ဝိဇ္ဇာဂုဏ်ထူးဘွဲ့ရရှိကာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့၊ မဟာသုတေသနဘွဲ့တို့ကို ရရှိခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ ပါရဂူဘွဲ့ကို ရရှိခဲ့သည်။
- ❊ ဆန်းလွင်၊ ဆန်းလွင် (မြန်မာစာ)၊ ကိုကြီးဆန်း(မြန်မာစာ)၊ ရွှေကြည်လွင် (မြန်မာစာ) ကလောင်အမည်များဖြင့် စာပေရေးသားလျက်ရှိသည်။
- ❊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

## ရန်ကုန်တက္ကသိုလ်မြေကို ခြေချခွင့်ရ

ကျွန်တော်သည် ငယ်စဉ်ကပင် နိုင်ငံ၏ အထင်ကရ ရန်ကုန်တက္ကသိုလ်ကို ရောက်ဖူးချင်ခဲ့သည်။ မြင်ဖူး၊ တွေ့ဖူးချင်ခဲ့သည်။ ရောက်ချင်သည့်အိပ်မက် မကြာမကြာ မက်ခဲ့သည်။ စိတ်၏ စေစားရာအတိုင်း ၂၀၀၃ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်မြေကို ခြေချခွင့်ရခဲ့သည်။ မက်ခဲ့သောအိပ်မက်သည် အသက် ၃၀ ရောက်မှ ဆန္ဒပြည့်ခဲ့ရသည်။ လောက၏ အောင်မြင်မှုအစုစုသည် စိတ်ကူးအိပ်မက်ကစခဲ့သည် မဟုတ်ပေလော။

ကျွန်တော်သည် ၂၀၀၃ ခုနှစ်မှ၂၀၂၀ ပြည့်နှစ်အထိ ၁၇ နှစ်တာကာလပတ်လုံး ရန်ကုန်တက္ကသိုလ်၏ အရိပ်ကို မပြတ်ခိုလှုံရင်း ဆရာကြီး ဆရာမကြီးများ၏ ဩဝါဒများကိုခံယူကာ ပညာရည်နို့သောက်စို့ခဲ့သည်။ သင်ယူ၍ မကုန်နိုင်သော ပညာသမုဒ္ဒရာအတွင်း၌ လက်ပစ်ကူးဆဲ၊ တောင်ငူဆောင် မြန်မာစာဌာနတွင် တာဝန်ထမ်းဆောင်ဆဲဖြစ်သည်။ “အနေကြာကြာ၊ အသာမိုးမိုး၊ ချစ်တိုးလွန်မြတ်၊ သွေးသားထပ်၍၊ ကိုယ့်ရပ်ကိုယ်မြေ၊ တွယ်တာပေ၏” ဟု ကဗျာဆရာ “နှောင်” ၏ “နှင်းကိုမြင်ခိုက်” ကဗျာထဲက ကဲ့သို့ပင် ဤတက္ကသိုလ်မြေမှာ အနေကြာလာသည်နှင့်အမျှ သံယောဇဉ်ကြိုးက ရစ်ပတ်တိုးခဲ့ရသည်။

ရန်ကုန်တက္ကသိုလ်ကြီးသည် နှင်းများကျနေသော ဆောင်းလရာသီ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့က စတင်သန္ဓေတည်ခဲ့သည်။ အေးမြသော အတိတ်နိမိတ်ကိုယူကာ တည်ဆောက်ခဲ့သောကြောင့် အေးချမ်းသာယာပြီး ဂုဏ်ကျက်သရေ တင့်တယ်စွာ တည်ရှိနေသည်။ ယခု ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နှစ် ၁၀၀ တင်းတင်း ပြည့်လေပြီ။ ကံထူးစွာ ရာပြည့်နှင့်ကြုံရ၍ ရင်ထဲ၌ ပျော်ရွှင်ကြည်နူးမိသည်။ တက္ကသိုလ်၏ အရိပ်ကိုလှုံ၊ မေတ္တာကို ခြုံခဲ့ဖူးသော သူတို့ရင်ထဲ လွမ်းဆွေးမှုအဖုံဖုံ၊ လွမ်းနည်းစုံစုံနှင့် လွမ်းကြပေလိမ့်မည်။

## မြန်မာ့သမိုင်းကြောင်း

မြန်မာ့သမိုင်းကြောင်း ပြန်ပြောင်းကြည့်လျှင် ၁၈၈၅ ခုနှစ်မှ ၁၉၂၀ ပြည့်နှစ်အထိ ၃၅ နှစ်တာကာလတွင် မြန်မာတစ်မျိုးသားလုံး ငသစ်တုံး၊ ငခွေးနွားများကဲ့သို့ ကျွန်နင်းပြားဘဝနှင့် နေခဲ့ရသည်။ ၁၉၂၀ ပြည့်နှစ်မှစ၍ ပြန်လည်ခေါင်းမော့နိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာတစ်မျိုးသားလုံးလွတ်လပ်ရေးဟူသော အသီးအပွင့်ကိုစားသုံးကြရခြင်းသည် ဤမြေ၏ ကျေးဇူးဖြစ်လေသည်။ နိုင်ငံခေါင်းဆောင် အသီးသီး၊ ပညာရှင်အသီးသီး၊ သံတမန်အသီးသီး၊ မျိုးချစ်ပုဂ္ဂိုလ်အသီးသီးတို့ကို ဤမြေက မွေးထုတ်ပေးခဲ့သည်။ သခင်ကိုယ်တော်မှိုင်း၏ ယူနီဗာစတီ ဘွဲ့လေးချိုးကြီးကို သတိရမိသည်၊ ဗိုလ်ချုပ်အောင်ဆန်းကို တမ်းတမိသည်၊ ဦးသန့်ကိုမြင်ယောင်မိသည်၊ ဗိုလ်အောင်ကျော်၏ပုံရိပ်က အတွေးသို့ ဝင်ရောက်လာသည်။ ဤသို့ အတိတ်သမိုင်းအလှနှင့်ပြည့်စုံသော ဤမြေသည် မြန်မာတစ်မျိုးသားလုံး၏ ရင်ထဲ၌ကိန်းဝင်နေသော အမြုတေ ရတနာတစ်ပါးပင် ဖြစ်ခဲ့သည်။

မြကျွန်းညိုညို တေးသီချင်းမှ စာသားသံစဉ်တချို့ နားထဲရောက်လာခဲ့သည်။ “မြစ်ချောင်းငယ်ဖြာဖြာ.. ရေပြာပြာ.. သမုဒ္ဒရာမှာ.ပေါင်းဆုံ” ဟူသကဲ့သို့ပင် ရန်ကုန်တက္ကသိုလ်ကြီးသည် တက္ကသိုလ်အားလုံးတို့၏ မိခင်ဖြစ်သည်။ ထို့အတူ ၁၃၅ မျိုးသော တိုင်းရင်းသားတို့ ပညာအမွေအနှစ်များရှာမှီးရာ ဌာနကြီးလည်းဖြစ်သည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ စည်းလုံးညီညွတ်ရေးကို ပေါင်းစည်းပေးရာ နေရာလည်းဖြစ်သည်။ ကျောင်းသားကျောင်းသူများသည် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ် အသီးသီး၌ ပညာအမျိုးမျိုးကို ရှာဖွေရာဌာနကြီးလည်း ဖြစ်သည်။

*စာမျက်နှာ ၇ သို့*




ကျောင်းသား ကျောင်းသူများ ပညာဗဟုသုတများရှာမှီးရာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်။ ဓာတ်ပုံ-ထင်ပေါ်ဝင်း



ရန်ကုန်တက္ကသိုလ်အတွင်းရှိ ရွှေဘိုဆောင်။ ဓာတ်ပုံ-ထင်ပေါ်ဝင်း

*စာမျက်နှာ ၆ မှ*

"ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့" ဟူသကဲ့သို့ပင် ဆရာဆရာမများက တပည့်တို့အပေါ် နာသုံးနာရှေ့ထား၊ တာဝန်ဝတ္တရားများဖြင့် သင်ကြားပို့ချပေးခဲ့ကြသည်။ သစ်ပင်ပန်းမန်တို့သည် သဘာဝကောင်း၊ ရေကောင်းမြေကောင်းမှီရလျှင် ပိုမိုရှင်သန်ဖွံ့ဖြိုးသကဲ့သို့ သူတို့သည်လည်း ပညာရပ်အသီးသီးမှာ ထူးချွန်ပေါက်မြောက်ခဲ့ကြသည်။ နိုင်ငံအနှံ့အပြားရှိ ဌာနအသီးသီးသို့သွားကာ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းရွက်ကြရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ထူထောင်နေကြသည်မှာ ငယ်ငယ်က ကခဲ့ရသော "အသီးတစ်ရာ အညှာတစ်ခု" သီချင်းကို မြင်ယောင်၊ ကြားယောင်မိပါသည်။ ဤသို့ ကံ့ကော်တောမှာ အိပ်မက်ရှည် မက်နေသရွေ့ တက္ကသိုလ်မြေ နေဝင်မည်ကို စိုးရိမ်စရာမလိုတော့ပေ။

## ကြိုဆိုနှုတ်ဆက်လျက်

တက္ကသိုလ်၏အဝင်ဝဆိုင်းဘုတ်သည် ဣန္ဒြေကြီးနှင့် ငုတ်တုတ်ထိုင်လျက် ဝင်ထွက်သူအပေါင်းကို အပြုံးချိုချိုနှင့် တည်ငြိမ်အေးချမ်းစွာ ကြိုဆိုနှုတ်ဆက်လျက်ရှိပေသည်။ ပကာသနမဖက်၊ သဘာဝသက်သက်နှင့် ရိုးသားမှုဂုဏ်ကပေါ်လွင်လှသည်။ လေမိုးဒဏ်ခံရသော်လည်း စိုးမရှုံ့၊ တွန့်မတုန်ဘဲ တည်ငြိမ်သည့်ဟန်က တက္ကသိုလ်၏ပြယုဂ်ပင်ဖြစ်သည်။ ထိုမှအဝင် အဓိပတိလမ်းမကြီးက မျက်စိတစ်ဆုံး ဖြောင့်တန်းလျက်။ ထိုအထက် မဟူရာကတ္တီပါ ကော်ဇောကို ခင်းထားလေသည့်အလား။ တက္ကသိုလ်ကြီးကို ကျွမ်းလျက် အနာဂတ်အတွက် လှမ်းတက်မည့်သူကို မျှော်လင့်နေသည့်ဟန်။ ထိုမှအဆုံး ဘွဲ့နှင်းသဘင်ဆောင်ကြီးက ခံ့ခံ့ထည်ထည်နှင့် တက္ကသိုလ်အဝင်ဝကို မျက်နှာမူလျက်ရှိသည်။ အညိုရောင်အဆင်း၊ မျက်နှာလေးထောင့်ကျကျနှင့် တကယ့်တည်ငြိမ်ခံ့ညားသည့် ဟန်နှင့်ပေ့ါ။ သူ့အဆင်းနှင့်၊ သူ့အသွင်မှာ ဂုဏ်သရေကြီးသော ရှေးမြန်မာကြီးနှင့်ပင် တူလေသည်။ ဟုတ်စွ။ ပညာတစ်ခု ပြီးမြောက်တိုင်း ဝင်ရောက်ကာ ကတိသစ္စာပြုရာ နေရာ။ သစ္စာပြုပြီးသူတို့ကို ဘဝမြင့်စေရန် သိဒ္ဓိတင်ပေးသောနေရာ။ တစ်ဘွဲ့ပြီးမြောက်တိုင်း ဖြတ်ကျော်ရသည့်နေရာ။ အားလုံး၏အလှပဆုံးကို တွေ့နိုင်သည့်နေရာ။ ဤနေရာကား ဘွဲ့နှင်းသဘင် ဖြစ်ပေသည်။

စစ်ကိုင်းလမ်းနှင့် ယူအယ်လ်ဘီ၊ ပုဂံလမ်းနှင့် ဘွဲ့နှင်းသဘင်၊ ဂျပ်ဆင်လမ်းနှင့် ဒဂုံလမ်းတို့က အဓိပတိလမ်းမကြီး၏ ကိုယ်ပွားအကိုင်းအလက်များ ဖြစ်ကြသည်။ သူတို့က တက္ကသိုလ်ရိပ်မြုံ ခိုလှုံသူအပေါင်းကို အလိုပါရမီဖြည့်ကာ ထမ်းရွက်ပေးခဲ့ကြသည်။ ထိုလမ်းမတို့ပေါ်တွင် ပျော်ခဲ့ကြသည်၊ အော်ခဲ့ကြသည်၊ ကခဲ့ကြသည်၊ တခဲ့ကြသည်၊ ဆိုခဲ့ကြသည်၊ ငိုခဲ့ကြသည်၊ ထွေးခဲ့ကြသည်၊ နွေးခဲ့ကြသည်၊ တွဲခဲ့ကြသည်၊ နွဲ့ခဲ့ကြသည်၊ လွမ်းခဲ့ကြသည်၊ ကျွမ်းခဲ့ကြသည်။

ဩော်.. အတိတ်က အရိပ်တို့ ရင်ထဲရှင်သန်ဆဲပါ။ ထိုလမ်း အသွယ်သွယ်တို့၏ ဝဲယာ တစ်ဖက်တစ်ချက်တွင် စိမ်းညို့ညို့တောတန်းကို နောက်ခံပြု၍ အဖြူလွှလွှမီးတိုင်များက ညီညီညာညာ စနစ်တကျရှိလျက်။ ဝင်ရောက်လာသူအပေါင်းကို ညွှတ်ကိုင်း၍ အရိုအသေပေးနေသယောင်။ စိမ်းစိုစို၊ မှိုင်းပြပြသစ်ပင်ပန်းမန်တို့ကလည်း အချိုးကျကျ ပေါက်ရောက်နေသည်မှာ ကြည်နူးစရာ။ လေပြည်လေနုအေးများက စွေ့ကနဲအဝေ့ ပန်းပေါင်းစုံ ရနံ့တို့က မူးမေ့မတတ် ကြိုင်လှိုင် သင်းပျံ့နေပေသည်။ မြတ်လေး၊ စွယ်တော်၊ ကံ့ကော်၊ စိန်ပန်း၊ သော်ကပန်းနှင့် မေတ္တာနန်းထက် လှမ်းတက်ခဲ့ကြဖူးလိမ့်မည်။ တညင်း၊ သရက်၊ ပိန္နဲ၊ ငုဝါ၊ ပိတောက်နှင့် သစ္စာထောက်ခဲ့ကြဖူးလိမ့်မည်။ ပုဏ္ဍရိက်ဖြာ ရေတမာတန်း ခုံပြာနန်းမှာ ချစ်သဒ္ဒါပို၊ သကာချို စကားပြောခဲ့ကြဖူးပေလိမ့်မည်။ ဖွားဖက်တော်ပင်သစ်ပုပ်အောက် ကတောက်ကဆတ်ကြောင့် ကျပျောက်ခဲ့သည့် မေတ္တာပြန်ကောက်ခဲ့ကြဖူးပေလိမ့်မည်။ ဂျပ်ဆင်အိုနှင့် ချစ်သူလမ်းကြား လွမ်းစကားများ ပြောခဲ့ကြပေလိမ့်မည်။ ဤလမ်း၊ ဤစခန်းများထက်က ချစ်တေးကဗျာနှင့် ပုံပြင်များက မရေမတွက်နိုင်။ လွမ်းခဲ့ကြပေလိမ့်မည်၊ ကျွမ်းခဲ့ကြပေလိမ့်မည်။

## ပြည့်မျက်စိကို ဖွင့်ပေး

ဝိဇ္ဇာသိပ္ပံခန်းမဆောင်များနှင့် တက္ကသိုလ်စာကြည့်တိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တို့ကလည်း ကျက်သရေဆောင်ကာ ပြည့်မျက်စိကို ဖွင့်ပေးလျက်ရှိသည်။ ဒေသအဖုံဖုံ လူမျိုးစုံတို့ ခိုနားရာ အဆောင်ဆောင် အနန်းနန်းတို့ကလည်း ပြောမဆုံးပေါင် တေသုံးထောင်ဟူသကဲ့သို့ အလှဖြာသည့် ချစ်စရာ့ တေးကဗျာနှင့် လှပသည့် သမိုင်းပုံပြင်များရှိကြသည်။ သူရဲကောင်းများ ထွန်းကားရာ၊ ပညာရှင်များဖွားမြင်ရာ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ပဲခူး၊ ရွှေဘို၊ ဒဂုံ စသည့် အမျိုးသားအဆောင်များက ထည်ဝါခမ်းနားစွာ ရှင်သန်လျက်ရှိပေသည်။ တစ်ပတ်လျှိုဆံထုံးထက် တစ်ပွင့်ပန်းပန်ပြီး လက်ရှည်အင်္ကျီဖြူဖြူလေး ဝတ်ဆင်ကာ ဣန္ဒြေရရ လှလှပပနှင့် လျှောက်လှမ်းလာသော ကျက်သရေနှင့် ပြည့်စုံသော မြင်သူငေးလောက်သည့် မြန်မာမလေးများနေထိုင်ရာ အင်းလျား၊ သီရိစသည့် အမျိုးသမီးဆောင်များကလည်း လှဆဲ၊ ပဆဲ၊ နုပျိုလန်းဆန်းဆဲပင် ဖြစ်လေသည်။ ထက်မြက်သည့် မိန်းမကောင်း၊ မိန်းမမြတ်တို့ပေါ်ထွက်ရာ မိန်းမလှကျွန်းပင်ဖြစ်ပေသည်။ ဤမြေမြတ် မြေသန့်များ၌ ပြောမကုန်နိုင်သော သမိုင်းပုံပြင်အလှများ ပြည့်နှက်၍ နေပါသည်။

ဤတက္ကသိုလ်ကြီးသည် အနှစ်တစ်ရာတိုင်တိုင် ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာ ရပ်တည်ခဲ့ပေပြီ။ အတိတ်သမိုင်း၊ အတိတ်ပုံပြင်များနှင့် ခံ့ထည်နေသော ဤတက္ကသိုလ်ကြီးကို သံယောဇဉ် တွယ်ငြိခဲ့ပေသည်။ အင်းလျားအဆောင်သူကိုလည်း မြင်ယောင်ကြပေလိမ့်မည်။ အဓိပတိလမ်းက လူနှင့် ခြေရာများကိုလည်း တမ်းတကြပေလိမ့်မည်။ ကျောင်းဖွင့်ချိန်ကိုလည်း မျှော်လင့်နေကြရင်း ကျောင်းတက်ချင်တယ်ဟူ၍လည်း ညည်းညူနေကြပေလိမ့်မည်။ နွေဦးပုံပြင်ကို ရွတ်ဆိုရင်း ဂျပ်ဆင်ထိပ်က လရိပ်ပြာကို လွမ်းနေကြပေလိမ့်မည်။ တက္ကသိုလ်က ငွေလမင်းကိုလည်း တွေ့ချင်ကြပေလိမ့်မည်။ ကျွန်ုပ်အတွက်တော့ တက္ကသိုလ်မြေ နေဝင်မှာစိုးရင်း ကံ့ကော်ရိပ်က လွမ်းပုံပြင်များကို နားထောင်ကာ ဤတက္ကသိုလ်ကြီး အနှစ်တစ်ရာမှသည် နှစ်ပေါင်းထောင်သောင်းတိုင်အောင် ရှင်သန်ပါစေသားဟု ဆုတောင်းရင်းနှင့်သာ... ။ ။

**"၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာတစ်မျိုးသားလုံး လွတ်လပ်ရေးဟူသော အသီးအပွင့်ကို စားသုံးကြရခြင်းသည် ဤမြေ၏ကျေးဇူးဖြစ်လေသည်။ နိုင်ငံခေါင်းဆောင်အသီးသီး၊ ပညာရှင်အသီးသီး၊ သံတမန်အသီးသီး၊ မျိုးချစ်ပုဂ္ဂိုလ်အသီးသီးတို့ကို ဤမြေက မွေးထုတ်ပေးခဲ့သည်။ သခင်ကိုယ်တော်မှိုင်း၏ ယူနီဗာစတီ ဘွဲ့လေးချိုးကြီးကို သတိရမိသည်၊ ဗိုလ်ချုပ်အောင်ဆန်းကို တမ်းတမိသည်၊ ဦးသန့်ကို မြင်ယောင်မိသည်၊ ဗိုလ်အောင်ကျော်၏ပုံရိပ်က အတွေးသို့ ဝင်ရောက်လာသည်။ ဤသို့ အတိတ်သမိုင်းအလှနှင့် ပြည့်စုံသော ဤမြေသည် မြန်မာတစ်မျိုးသားလုံး၏ ရင်ထဲ၌ကိန်းဝင်နေသော အမြဲတေ ရတနာတစ်ပါးပင်ဖြစ်ခဲ့"**



ကျောင်းသား ကျောင်းသူများ အပန်းဖြေရာ နေရာ ကံ့ကော်ဥယျာဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



ကျောင်းသား ကျောင်းသူများ ပျော်ခဲ့ကြသည့် စစ်ကိုင်းလမ်း။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၆-၂၀၂၀ အထိ လေးနှစ်ကျော်ကာလအတွင်း ပြည်သူ့အကျိုးပြုမှတ်တိုင်များ

## သတ္တုရေးရာ

*(ယမန်နေ့မှအဆက်)*

(င) ကွင်းဆင်းဒေသ၏ မြေသားသဘာဝ၊ မြေလွှာအက်ကွဲကြောင်းများ မြေတွင်း အစပျိုးဖြစ်ပေါ်မှုနှင့် မြေပြင်ပေါ်သို့ အက်ကွဲထွက်ရှိမှုဖြစ်စဉ်သဘောကို သုတေသန ပြုလုပ်နိုင်ခဲ့ပြီး မုန်းချောင်းရေတိုက်စားမှု ဘေးအန္တရာယ်ကို လျော့ပါးသက်သာစေရန် ကမ်းပါးများ၏ မြေသားထုထိန်းသိမ်းရေး နည်းလမ်းများ ဖော်ဆောင်နိုင်ရန်အတွက် မြေသားစမ်းသပ်မှုများပြုလုပ်၍ မြေသားစစ်ဆေးမှုကို ပြုလုပ်ခဲ့ပါသည်။ မြေလွှာအက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့ရာ နေရာတိုင်းတွင် မြေသားပြန်လည်ဖြည့်တင်းမှုကို အလျင်အမြန် လုပ်ဆောင်မှသာ အက်ကွဲကြောင်းများ ဆက်လက်ကွဲအက်မှုနှင့် ထပ်မံဖြစ်ပွားမှုကို လျော့ချနိုင်မည် ဖြစ်ပါသည်။

(စ) သို့ဖြစ်၍ မှန်ကန်သည့် ရေတွင်းတူးဖော်မှုနှင့် ထုတ်ယူသုံးစွဲမှုကို နည်းစနစ်တကျ တူးဖော်ထုတ်ယူသုံးစွဲမှုများ ပြုလုပ်လာစေရန်နှင့် သင့်လျော်သည့် ချောင်းရေတိုက်စားမှုဒဏ် ကာကွယ်ရေး နည်းစနစ်များဖြစ်သော ကန့်လန့်ဖြတ် အနေအထားပုံစံများ ဆောက်လုပ်၍ ကာကွယ်ခြင်း၊ ဒေါင်လိုက်အနေအထားပုံစံများ ဆောက်လုပ်၍ ကာကွယ်ခြင်းများဖြင့် ရေတိုက်စားမှုဒဏ်ကို ကာကွယ်သင့်ပါကြောင်း ဒေသခံပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။




ဖားကန့်မြို့နယ် လုံးခင်းနယ်မြေ၊ ဆိုင်းရာရွာသစ် အခြေခံပညာမူလတန်းကျောင်းအတွက် တစ်သုံးလုံးကျောက်မျက်ကုမ္ပဏီမှ သင်ထောက်ကူပစ္စည်း(၁၄)မျိုး ပေးအပ်လှူဒါန်းမှု။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ဒေသ | ဧရိယာအကျယ် အဝန်း(ဧက) |
|---|---|---|---|---|
| ၁ | ကယားပြည်နယ် | ဖားဆောင်းမြို့နယ် | ခဲမဖြူချောင်းဒေသ | ၂၅၈.၉၇ |
| ၂ | မန္တလေးတိုင်းဒေသကြီး | သာစည်မြို့နယ် | သစ်ပုလွေဒေသ | ၄၁၄.၂၅ |
| ၃ | | မတ္တရာမြို့နယ် | | ၂၄.၀၀ |
| ၄ | | မိုးကုတ်မြို့နယ် | ဧရိယာ(၇)ခု | ၂၄၄၅၇.၀၀ |
| ၅ | ချင်းပြည်နယ် | ဖလမ်းမြို့နယ် | ဟားခါးလေးဒေသ | ၁၇၀၆.၀၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ဘုတ်ပြင်းမြို့နယ် | ရေငံကြီး - ညောင်ပင်ကုန်းဝန်းကျင်ဒေသ | ၅၃၆၈.၀၀ |
| ၇ | ကရင်ပြည်နယ် | ကျိုက်ဒုံမြို့နယ် | ဘုရားသုံးဆူဒေသ | ၁၂၂၀၀.၀၀ |
| ၈ | ရှမ်းပြည်နယ် | မိုင်းပျဉ်းမြို့နယ် | | ၁၁၈၄.၅၇ |
| ၉ | | မောက်မယ်မြို့နယ် | ပူယာစန်းကျေးရွာ | ၄၃.၅၆ |
| ၁၀ | | မောက်မယ်မြို့နယ် | ပန်းတခွားကျေးရွာ ဧရိယာ(၂)ခု | ၁၇၄.၅၁ |
| ၁၁ | | ရွာငံမြို့နယ် | ဆည်ရွာကျေးရွာ | ၄၈.၉၈ |
| ၁၂ | | မိုးမိတ်မြို့နယ် | မြစ်ဆုံကျေးရွာ | ၁၈၀၅.၀၃ |
| ၁၃ | | မိုးမိတ်မြို့နယ် | မိုးဟောက်ဒေသ ဧရိယာ(၄)ခု | ၁၇၂၉.၇၄ |
| ၁၄ | | မိုးမိတ်မြို့နယ် | ဝဲပေါင်းဧရိယာ | ၁၈၇၇.၀၀ |
| ၁၅ | | မိုးမိတ်မြို့နယ် | နဘူးဧရိယာ | ၄၈၂.၀၀ |
| ၁၆ | စစ်ကိုင်းတိုင်းဒေသကြီး | ကသာမြို့နယ် | ဧရိယာ(၄)ခု | ၉၀၀.၀၀ |
| | | စုစုပေါင်း | | ၅၂၆၃၇.၆၁ |

အသစ်ပြဋ္ဌာန်းခဲ့သည့် သတ္တုတွင်းနည်းဥပဒေသစ်နှင့်အညီ ပြည်နယ်၊ တိုင်းဒေသကြီး အသီးသီးတို့တွင် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဆောင်ရွက်ခွင့်ရရှိရေးအတွက် အသေးစားနှင့် လက်လုပ်လက်စား စုစုပေါင်းဧရိယာ ၅၂၆၃၇ ဒသမ ၆၁ ဧကကို အောက်ပါအတိုင်း သတ်မှတ်ဆောင်ရွက်ပေးနိုင်ခဲ့သည် -

*စာမျက်နှာ ၉ သို့*

**ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုဆောင်ရွက်ခွင့် ရရှိရေးအတွက် အသေးစားနှင့် လက်လုပ်လက်စား စုစုပေါင်းဧရိယာ ၅၂၆၃၇ ဒသမ ၆၁ ဧကကို ဆောင်ရွက်ပေးနိုင်**

## အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှုစာရင်း

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လမ်းပန်း ဆက်သွယ်ရေး | ရေရရှိရေး | လျှပ်စစ်မီး ရရှိရေး | ပညာရေး | ကျန်းမာရေး | လူမှုရေးနှင့် ကယ်ဆယ်ရေး | ဘာသာသာသနာ ဖွံ့ဖြိုးရေး | သဘာဝ ဘေးအန္တရာယ် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ကချင် | ၁၁၄၁.၆၉၆ | ၁၀.၉၀၀ | ၄၂.၃၀၀ | ၁၃၂၈.၀၇၅ | ၁၂၁၃.၀၈၁ | ၄၀၂၉.၈၁၂ | ၁၁၀၆.၄၂၇ | ၁၅၃၅.၇၁၃ | ၁၀၄၀၈.၀၀၄ |
| ၂ | ကယား | ၂၁၉.၇၀၂ | ၂.၀၀၀ | ၂၃.၆၀၀ | ၃၁၃.၄၉၉ | ၂၇.၇၂၂ | ၆၃၃၃.၉၁၄ | ၁၃၂.၈၀၁ | ၈၂.၁၂၀ | ၇၁၃၅.၃၅၈ |
| ၃ | စစ်ကိုင်း | ၂၄၁၅.၁၈၂ | ၈၉၇.၉၅၅ | ၁၄၆.၇၈၁ | ၇၂၄.၁၅၂ | ၂၁၅.၀၆၁ | ၂၃၉၃.၇၅၂ | ၂၉၅.၇၄၃ | ၁၂၈.၅၃၃ | ၇၂၁၇.၁၅၉ |
| ၄ | တနင်္သာရီ | ၁၁၅.၉၆၆ | ၅၀.၅၀၂ | ၁၀.၈၂၀ | ၁၄၁၇.၈၈၄ | ၁၁၅.၀၈၄ | ၁၁၄၂၄.၀၈၇ | ၁၈.၂၀၃ | ၉၃.၉၃၂ | ၁၁၅၀၇.၄၇၉ |
| ၅ | ပဲခူး | ၁.၅၀၀ | ၀.၉၀၀ | ၀.၀၀၀ | ၇.၇၀၀ | ၂.၀၀၀ | ၂.၀၀၀ | ၄.၉၅၀ | ၀.၆၀၀ | ၂၁.၆၅၀ |
| ၆ | မကွေး | ၁.၁၄၀ | ၂.၁၁၉ | ၀.၀၀၀ | ၈.၇၀၇ | ၁.၇၂၀ | ၀.၁၈၀ | ၀.၁၂၈ | ၀.၀၀၀ | ၁၆.၁၉၄ |
| ၇ | မန္တလေး | ၁၅၉၆.၂၂၄ | ၅၄.၄၈၃ | ၉၂.၁၉၀ | ၁၀၀၃.၉၁၉ | ၂၇၈.၁၄၈ | ၁၈၁၆.၇၅၂ | ၁၄၆၅.၇၂၅ | ၁၇.၁၀၀ | ၆၁၆၄.၇၄၁ |
| ၈ | မွန် | ၄၅.၀၀၀ | ၄.၀၀၀ | ၁.၀၀၀ | ၁၅.၁၉၂ | ၆.၈၀၀ | ၄.၂၄၁ | ၄၅.၄၅၀ | ၁.၆၀၀ | ၁၂၅.၂၈၃ |
| ၉ | ရခိုင် | - | - | - | - | - | - | ၄.၈၄၅ | - | ၄.၈၄၅ |
| ၁၀ | ရန်ကုန် | - | - | - | - | - | - | ၀.၇၀၀ | - | ၀.၇၀၀ |
| ၁၁ | ရှမ်း | ၉၁.၉၆၈ | ၁၃.၅၀၀ | ၇၅၉.၁၄၀ | ၁၀၉.၀၁၆ | ၁၉.၆၁၅ | ၁၄၇၄.၁၀၁ | ၈၆.၆၉၅ | ၁၂.၁၉၀ | ၂၅၆၆.၂၂၅ |
| | စုစုပေါင်း | ၅၈၅၂.၅၇၈ | ၁၀၁၆.၅၅၉ | ၁၀၉၉.၀၁၂ | ၄၉၂၈.၁၄၄ | ၁၈၉၉.၂၁၁ | ၂၉၄၉၉.၀၁၉ | ၃၁၈၁.၆၆၇ | ၁၈၉၁.၇၈၈ | ၄၉၃၈၈.၀၁၈ |

*စာမျက်နှာ ၈ မှ*

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သစ်တောရေးရာ)သည် နိုင်ငံတော်အစိုးရ၏ ပြီးခဲ့သည့် လေးနှစ်ကျော်ကာလအတွင်း ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကျိုးတူ ဖက်စပ်လုပ်ကိုင်နေသော ကုမ္ပဏီများအား စည်းရုံးဆောင်ရွက်နိုင်မှုကြောင့် သစ်တော၊ ကျောက်မျက်/ ကျောက်စိမ်းနှင့် ပုလဲထုတ်လုပ်ရာ ဒေသအသီးသီးရှိ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်လျက်ရှိရာ စုစုပေါင်းငွေကျပ် ၄၉၃၈၈ သန်းကျော်ကို ကူညီထောက်ပံ့လှူဒါန်းနိုင်ခဲ့ပါသည်။

**“လေးနှစ်ကျော်ကာလအတွင်း ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကျိုးတူဖက်စပ်လုပ်ကိုင်နေသော ကုမ္ပဏီများအား စည်းရုံးဆောင်ရွက်နိုင်မှုကြောင့် သစ်တော၊ ကျောက်မျက်/ ကျောက်စိမ်းနှင့် ပုလဲထုတ်လုပ်ရာ ဒေသအသီးသီးရှိ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်”**



တစ်သုံးလုံးကျောက်မျက်ကုမ္ပဏီမှ ဖားကန့်မြို့နယ်၊ လုံးခင်းအုပ်စု၊ ဆိုင်းရာရွာသစ် ကျေးရွာအတွက် လှူဒါန်းသော မီးသတ်ယာဉ်။



GPS Joint Venture Co., Ltd. မှ ရှမ်းပြည်နယ်၊ ဘော်ဆိုင်းဒေသရှိ ကျေးရွာလေးရွာ မီးလင်းရေး ဆောင်ရွက်ထားမှု။





သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် သစ်တောတူးဖော်သည့် ကုမ္ပဏီများက သစ်ပင်များ စိုက်ပျိုးထားရှိမှု။

# မဲပေးဖို့အတွက် ကိုယ့်ရဲ့အင်အားတွေကို စုထားပါ



အခုရွေးကောက်ပွဲနီးလာတာနဲ့အမျှ ပြည်သူလူထုဟာ ကိုဗစ် – ၁၉ အတွက်ထုတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း ဘောင်အတွင်းကနေဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ရွေးကောက်ပွဲနီးလာတာနဲ့အမျှ အောင်နိုင်ရေးနဲ့ ပတ်သက်လို့ လှုပ်ရှားနေတဲ့ ပါတီအသီးသီးဟာ စည်းမျဉ်းစည်းကမ်းတွေကို သတိပြုပြီး လိုက်နာစေချင်ပါတယ်။ ဒါဟာ အများရဲ့ ကျန်းမာရေးအတွက်လည်းဖြစ်တယ်။ နောက်ပြီးတော့ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် လည်းဖြစ်ပါတယ်။ ဒါကြောင့် သည်းခံကြပါ။ အောင်နိုင်ရေးကို အင်တိုက်အားတိုက် လုပ်ချင်ကြတယ် ဆိုပေမယ့် အရေးကြီးတာကတော့ ၈ ရက်နေ့ကျရင် အင်တိုက်အားတိုက် မဲပေးနိုင်ဖို့ပဲ ဖြစ်ပါတယ်။ ကြိုတင်မဲပေးခွင့် ရှိသူတွေကလည်း ၈ ရက်နေ့ မတိုင်ခင်စပြီး မဲပေးနိုင်ပါတယ်။ ဒါကြောင့် မဲပေးဖို့အတွက် ကိုယ့်ရဲ့အင်အားတွေကို စုထားပါ။ အောင်နိုင်ရေးအတွက် ပါတီတိုင်းက သူတို့ရဲ့တာဝန်အရ စည်းမျဉ်းစည်းကမ်းဘောင်အတွင်းက လုပ်သင့်လုပ်ထိုက်တာတော့လုပ်ရမှာပေါ့။ ကျွန်မတို့ပြည်သူတွေက ကိုယ်ထောက်ခံတဲ့ပါတီကို ဝန်းရံတဲ့နေရာမှာ ကိုဗစ် စည်းမျဉ်းစည်းကမ်း ဘောင်ကျော်သွားတာတွေလည်း ရှိတတ်ပါတယ်။ အဲဒါတွေကို သတိပြုပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၃–၁၀–၂၀၂၀ ရက်နေ့တွင် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

✳ *ကျောဖုံးမှ*

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၂၆၂) ခု | (၂၈၅) ဦး |
| **စုစုပေါင်း** | **(၁၃,၆၄၂) ခု** | **(၁,၁၉၇) ဦး** |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၃–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၃,၆၄၂) ဦး | (၇၂၂,၁၃၅) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၉၇) ဦး | (၅၅,၈၀၄) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၁၀၉) ဦး | (၃၉,၀၆၃) ဦး |
| သေဆုံးလူနာ | (၂၅) ဦး | (၁,၃၀၇) ဦး |

- ယနေ့ သေဆုံးသူ (၂၅) ဦး အနက် ရောဂါအခံရှိသူ (၂၁) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၁၀၉) ဦးတွင်–
  - ပြည်သူ့ဆေးရုံများ – (၅၂၉) ဦး
  - COVID–19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) – (၅၈၀) ဦး

  ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထား ရှိသူ စုစုပေါင်း (၁,၄၇၆) ဦးတွင် –
  - Hotel Quarantine – (၅၁၄) ဦး
  - Facility Quarantine – (၁၄၅) ဦး
  - Community Based Facility Quarantine – (၇၂၁) ဦး
  - Anosmia Center – (၉၆) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက် ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ၃-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၅၆၈၂၇၅ | ၆၁၇၂၈၄၂ | ၂၃၇၀၀၉ |
| ၂။ | အိန္ဒိယ | ၈၂၆၇၆၂၃ | ၇၆၀၃၁၂၁ | ၁၂၃၁၃၉ |
| ၃။ | ဘရာဇီး | ၅၅၅၄၂၀၆ | ၄၉၈၀၉၄၂ | ၁၆၀၂၇၂ |
| ၄။ | ရုရှား | ၁၆၇၃၆၈၆ | ၁၂၅၁၃၆၄ | ၂၈၈၂၈ |
| ၅။ | ပြင်သစ် | ၁၄၆၆၄၃၃ | ၁၁၉၁၀၄ | ၃၇၄၃၅ |
| ၆။ | စပိန် | ၁၃၁၃၀၈၇ | စိစစ်ဆဲ | ၃၆၂၅၇ |
| ၇။ | အာဂျင်တီးနား | ၁၁၈၃၁၃၁ | ၉၉၈၀၁၆ | ၃၁၆၂၃ |
| ၈။ | ကိုလံဘီယာ | ၁၀၉၃၂၅၆ | ၉၈၅၇၉၆ | ၃၁၆၇၀ |
| ၉။ | ဗြိတိန် | ၁၀၅၃၈၆၄ | စိစစ်ဆဲ | ၄၆၈၅၃ |
| ၁၀။ | မက္ကဆီကို | ၉၃၃၁၅၅ | ၆၈၇၄၂၀ | ၉၂၁၀၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃- ၁၁ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၈၃၇၅ | ၃၄၉၄၉၇ | ၁၄၁၄၆ |
| ဖိလစ်ပိုင် | ၃၈၇၁၆၁ | ၃၄၈၉၆၇ | ၇၃၁၈ |
| စင်ကာပူ | ၅၈၀၂၉ | ၅၇၉၂၄ | ၂၈ |
| မြန်မာ | ၅၅၈၀၄ | ၃၉၀၆၃ | ၁၃၀၇ |
| မလေးရှား | ၃၄၃၉၃ | ၂၃၉၉၅ | ၂၆၃ |
| ထိုင်း | ၃၇၉၇ | ၃၆၀၅ | ၅၉ |
| ဗီယက်နမ် | ၁၂၀၂ | ၁၀၆၅ | ၃၅ |
| ကမ္ဘောဒီးယား | ၂၉၂ | ၂၈၃ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၃ | ၃ |
| လာအို | ၂၄ | ၂၃ | ၀ |

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၃-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၀၂) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၁၂၂ |
| | | သန်လျင် | ၉၀ |
| | | အင်းစိန် | ၆၈ |
| | | မရမ်းကုန်း | ၆၅ |
| | | ရွှေပြည်သာ | ၆၀ |
| | | လှိုင် | ၄၅ |
| | | ဗဟန်း | ၄၀ |
| | | သဃ်္ဃန်းကျွန်း | ၃၉ |
| | | တာမွေ | ၃၇ |
| | | လှိုင်သာယာ | ၃၃ |
| | | တောင်ဥက္ကလာပ | ၂၉ |
| | | မင်္ဂလာဒုံ | ၂၆ |
| | | မှော်ဘီ | ၂၆ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၅ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၄ |
| | | တွံတေး | ၂၃ |
| | | ကြည့်မြင်တိုင် | ၂၁ |
| | | ဆိပ်ကြီးခနောင်တို | ၁၉ |
| | | သာကေတ | ၁၈ |
| | | စမ်းချောင်း | ၁၆ |
| | | လမ်းမတော် | ၁၅ |
| | | ဗိုလ်တထောင် | ၁၄ |
| | | ဒလ | ၁၄ |
| | | ကမာရွတ် | ၁၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၁ |
| | | ပန်းဘဲတန်း | ၉ |
| | | ရန်ကင်း | ၈ |
| | | ကွမ်းခြံကုန်း | ၆ |
| | | ကျောက်တန်း | ၅ |
| | | လှည်းကူး | ၅ |
| | | မင်္ဂလာတောင်ညွန့် | ၄ |
| | | ပုဇွန်တောင် | ၄ |
| | | လသာ | ၃ |
| | | ကျောက်တံတား | ၃ |
| | | ခရမ်း | ၃ |
| | | အလုံ | ၂ |
| | | ဒေါပုံ | ၁ |
| | | သုံးခွ | ၁ |
| | | ကော့မှူး | ၁ |
| | | ဒဂုံ | ၁ |
| | | တိုက်ကြီး | ၁ |
| | | စိစစ်ဆဲ | ၂ |
| | | စုစုပေါင်း | ၉၆၃ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၂၅ |
| | | အောင်မြေသာစံ | ၁၉ |
| | | မဟာအောင်မြေ | ၁၁ |
| | | ပြည်ကြီးတံခွန် | ၆ |
| | | အမရပူရ | ၆ |
| | | ပုသိမ်ကြီး | ၃ |
| | | ချမ်းမြသာစည် | ၂ |
| | | မလှိုင် | ၂ |
| | | မိတ္ထီလာ | ၁ |
| | | ဝမ်းတွင်း | ၁ |
| | | မြစ်သား | ၁ |
| | | စုစုပေါင်း | ၇၇ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ဝေါ | ၂၁ |
| | | ပဲခူး | ၂၀ |
| | | လက်ပံတန်း | ၈ |
| | | ဖြူး | ၃ |
| | | အုတ်ဖို | ၁ |
| | | မင်းလှ | ၁ |
| | | နတ်တလင်း | ၁ |
| | | စုစုပေါင်း | ၅၅ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ဒေးဒရဲ | ၂၃ |
| | | မော်လမြိုင်ကျွန်း | ၁၁ |
| | | လေးမျက်နှာ | ၁၀ |
| | | ဓနုဖြူ | ၃ |
| | | ပုသိမ် | ၂ |
| | | ကျုံပျော် | ၂ |
| | | မအူပင် | ၁ |
| | | ကျိုက်လတ် | ၁ |
| | | ဟင်္သာတ | ၁ |
| | | စုစုပေါင်း | ၅၄ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၁၅ |
| | | ခင်ဦး | ၅ |
| | | စစ်ကိုင်း | ၃ |
| | | ကျွန်းလှ | ၂ |
| | | မြောင် | ၁ |
| | | စုစုပေါင်း | ၂၆ |
| ၆။ | ရခိုင်ပြည်နယ် | ကျောက်တော် | ၄ |
| | | ကျောက်ဖြူ | ၂ |
| | | ဘူးသီးတောင် | ၁ |
| | | မောင်တော | ၁ |
| | | စုစုပေါင်း | ၈ |
| ၇။ | ကရင်ပြည်နယ် | မြဝတီ | ၇ |
| | | စုစုပေါင်း | ၇ |
| ၈။ | မွန်ပြည်နယ် | ဘီးလင်း | ၅ |
| | | စုစုပေါင်း | ၅ |
| ၉။ | မကွေးတိုင်းဒေသကြီး | မကွေး | ၁ |
| | | သရက် | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၀။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၁။ | ရှမ်းပြည်နယ် | မူဆယ် | ၁ |
| | | တာချီလိတ် | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၂။ | ချင်းပြည်နယ် | တွန်းဇံ | ၁ |
| | | စုစုပေါင်း | ၁ |
| | (၂-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၂၀၂) ဦး |

မှတ်ချက်။ (၂-၁၁-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ ၁,၂၀၂ ဦးတွင် အနံ့မရရှိသူ (၂၅၉) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန



## ကမ္ဘောဇဘဏ်က ပေါင်မြို့သို့ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

**ပေါင် နိုဝင်ဘာ ၃**

ကမ္ဘောဇဘဏ်သည် နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လတ်တလောပိုးတွေ့လူနာ အများဆုံး ပြည်သူ့ဆေးရုံကြီးများသို့ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများကို နေ့စဉ်ပေးပို့လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၂၉ ရက်က မွန်ပြည်နယ် ပေါင်မြို့နယ် ပြည်သူ့ဆေးရုံကြီး သို့ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ် (ပေါင်မြို့)ဘဏ်ခွဲမန်နေဂျာ ဒေါ်ဝေဝေခင်နှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေး စောင့်ရှောက်မှု ပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး ဆေးရုံသုံး နှာခေါင်းစည်း ၁၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၃၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့်ဆေးရည်ဘူးကြီး ၂၀၀၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ ၅၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ် –၁၉ ရောဂါဖြစ်ပွားနေချိန်ကာလ အထွေထွေ အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၅၀ တို့ကို ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာ ခင်မောင်ကြည်နှင့် ဆရာဝန်၊ သူနာပြုများက လက်ခံယူကြပြီး (အပေါ်ပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ် – ၁၉ ရောဂါမဖြစ်ပွားမီ ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၇၈,၆၅၄ သိန်း လှူဒါန်းထားရှိပြီး ဆက်လက်၍ နိုင်ငံတော်နှင့်ပြည်သူအတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး၊ လိုအပ်သည့်အချိန်၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းရန် စီစဉ်ထားကြောင်း သိရသည်။ **ကိုကျော်**

## ယောမင်းကြီးကုသရေးစင်တာတွင် လှိုင်သာယာမြို့နယ်မှ အနံ့မရသူများ၊ ရောဂါပိုးရှိသူများနှင့် ဆက်စပ်သူများကို ဦးစွာထားရှိမည်

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အရှေ့ပိုင်း ရွှေလင်ပန်းဈေးအနီးရှိ ယောမင်းကြီးအိမ်ရာကို ခုတင် ၁၀၀၀ ဆံ့ ကိုဗစ် – ၁၉ ရောဂါ ပိုးတွေ့လူနာများကုသရေးစင်တာအဖြစ် အောက်တိုဘာလတတိယပတ်မှစ၍ ပြင်ဆင်မှုအပိုင်းကို ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလပထမပတ်မှစ၍ လူနာများအား ကုသရာ၌ ကနဦးအနေဖြင့် လှိုင်သာယာမြို့နယ်တွင်ရှိသော အနံ့မရသူများ၊ ရောဂါပိုးရှိသူများနှင့် ဆက်စပ်သူများကို ထားရှိမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် လှိုင်သာယာမြို့နယ်၌ အနံ့မရသူများကို အမှတ် ၁၄ ရပ်ကွက်ရှိ စက်မှုသိပ္ပံကျောင်းနှင့် မြို့နယ်သာသနာ့ဗိမာန်တော်ကြီးတွင် ထားရှိပြီး ရောဂါပိုးရှိသူတို့နှင့်ဆက်စပ်သူတို့ကို ညောင်ရွာနှင့် အမှတ် (၃) အထက်တန်းကျောင်းတို့တွင် ထားရှိသည်။

အဆိုပါနေရာလေးနေရာမှ အနံ့ပျောက်သူ၊ ရောဂါပိုးရှိသူနှင့် ဆက်စပ်သူများကို သတ်မှတ်လူဦးရေထက်ပိုလာပါက ရွှေလင်ပန်းရှိ ယောမင်းကြီးကုသရေးစင်တာသို့ ရွေးကောက်ပွဲမတိုင်မီထိထားရှိမည်ဖြစ်ပြီး ရွေးကောက်ပွဲပြီးပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ တိုင်းဒေသကြီးအတွင်းရှိ ပိုးတွေ့လူနာများ ကုသမှုအပိုင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာခင်ရူပါစိုးထံမှ သိရသည်။

ယောမင်းကြီးကုသရေးစင်တာတွင် လူနာများကို CCTV မှ ကြည့်ရှု၍ ထိန်းချုပ်မှုပေးနိုင်ရန်စီမံဆောင်ရွက်ထားပြီး ရောဂါကာကွယ်ရေးဝတ်စုံ အဝတ်လဲခန်းနှင့် ရေချိုးခန်းပါမကျန် စီမံဆောင်ရွက်ထားရှိကာ အောင်မြင့်မိုရ်ကုသရေးစင်တာနှင့်ရိုးမစင်တာကဲ့သို့ ကုသရေးစင်တာအဖြစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **၁၆၄**

## တာချီလိတ်၌ စေတနာ့ဝန်ထမ်းများအားဂုဏ်ပြုခြင်းနှင့် အခြေခံစားကုန်များထောက်ပံ့

**တာချီလိတ် နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် ကိုဗစ် – ၁၉ ကာလအတွင်း မြို့အဝင်/အထွက် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ရေးအတွက် အချိန်ပြည့် တာဝန်ထမ်းဆောင်ပေးခဲ့ကြသော စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုခြင်းနှင့် အခြေခံစားကုန်များ ထောက်ပံ့ပေးခြင်းကို ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တာချီလိတ်မြို့မှ ပြည်သူများအား ကိုဗစ်–၁၉ ကူးစက်မှုမှကာကွယ်နိုင်ရေးအတွက် အချိန်ပြည့် မိမိတို့နှင့်အတူ မေတ္တာစေတနာရှေ့ထား အနစ်နာခံကူညီပေးခြင်း၊နယ်စပ်ဒေသဝင်ပေါက် ထိုင်း၊ လာအို၊ အထူးဒေသ(၄)တို့မှ အမိနိုင်ငံသို့ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် နိုင်ငံသားများအား အကူအညီပေးခြင်း၊ မိုးကုတ်အသွားအလာကန့်သတ်သည့်နေရာ၌ ထားရှိသောနေရပ်ပြန်များအား ကြည့်ရှုစောင့်ရှောက် ကူညီပေးခဲ့ကြသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာခင်ကျော်က မိမိတို့မြို့နှင့်ပြည်သူများအား ကိုဗစ်–၁၉ ကူးစက်မှုမှ ကာကွယ်ရာတွင် ခရီးသွားများ မြို့တွင်းသို့မဝင်ရောက်မီ ကြိုတင်သိရှိနိုင်ရန်အရေးကြီးပြီး ပြည်သူများအတွက်လည်း ပို၍ လုံခြုံစိတ်ချရမှုကိုဖြစ်စေကြောင်း ပြောသည်။

အခြေခံစားကုန်များ ထောက်ပံ့ပေးရာတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ဆန်ရှစ်ပြည်၊ စားဆီနှစ်ကီလို၊ ဆားတစ်ထုပ်၊ ကြက်ဥအလုံး ၃၀၊ ကုလားပဲနှစ်ကီလိုစသည်တို့ကို စေတနာ့ဝန်ထမ်း စုစုပေါင်း ၃၀ အား ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

# ကဘူးလ်တက္ကသိုလ်၌ သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ ၁၉ ဦး သေဆုံး

**ကဘူးလ် နိုဝင်ဘာ ၃**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်ရှိ တက္ကသိုလ်ကျောင်း တစ်ကျောင်း၌ နိုဝင်ဘာ ၂ ရက်က လက်နက်ကိုင်လူတစ်စု၏ ဝင်ရောက်စီးနင်းတိုက်ခိုက်မှုကြောင့် ၁၉ ဦး သေဆုံးကာ လူ ၂၀ ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၂ ရက်က ကဘူးလ်မြို့ တက္ကသိုလ်ဝင်းအနီးတွင် ပေါက်ကွဲမှု တစ်ခုဖြစ်ပွားခဲ့ပြီးနောက် သေနတ်သမားတစ်စုက တက္ကသိုလ်ဝင်းအတွင်းသို့ အတင်းဝင်ရောက်လာခဲ့ကြောင်း အစိုးရအဖွဲ့က ပြောသည်။ သေနတ်သမားများသည် ထိုသို့ဝင်ရောက်လာခဲ့ကာ မြင်မြင်သမျှကို သေနတ်ဖြင့် လိုက်လံပစ်ခတ်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် သေဆုံးသူများထဲတွင် ကျောင်းသားများ ပါဝင်ပြီး ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောသည်။ တိုက်ခိုက်မှုကို လူသုံးဦးက စီစဉ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါသုံးဦးလုံးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားပြီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

သေနတ်ဖြင့် စီးနင်းတိုက်ခိုက်မှု စတင်ဖြစ်ပွားချိန်တွင် ကျောင်းဝင်းအတွင်း၌ ကျောင်းသားများနှင့် ဝန်ထမ်းရာချီရှိနေကြောင်း မီဒီယာများက ဖော်ပြသည်။ အဆိုပါတိုက်ခိုက်မှုမှာ အိုင်အက်စ် စစ်သွေးကြွအဖွဲ့၏ လက်ချက်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည့် ကဘူးလ်တက္ကသိုလ်ဝင်းအတွင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။



လုံခြုံရေးတာဝန်ယူနေကြသည့် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# ဗီယင်နာမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရာ လူနှစ်ဦးထက်မနည်း သေဆုံး

**ဗီယင်နာ နိုဝင်ဘာ ၃**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့လယ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ လူနှစ်ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဩစတြီးယားရဲများက ပြောသည်။

## အကြမ်းဖက်တိုက်ခိုက်မှု

ဩစတြီးယားဝန်ကြီးချုပ် ဆီဘတ်စတိန်းကာ့ဇ်က အဆိုပါ တိုက်ခိုက်မှုကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်မှုဖြစ်သည်ဟု ရှုတ်ချပြောဆိုခဲ့သည်။ ပြည်သူများအနေဖြင့် သတိဝီရိယဖြင့် နေထိုင်ကြရန်လည်း ၎င်းက ဆက်တိုက်တွန်းခဲ့သည်။ ဗီယင်နာမြို့လယ်ရှိ စားသောက်ဆိုင်များနှင့် ဈေးဆိုင်များ အများစုရှိရာ ရပ်ကွက်တွင် နိုဝင်ဘာ ၂ ရက် ညစာနာရီ ခန့်က ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မြို့တွင်းနေရာ ခြောက်ခုတို့တွင် ပစ်ခတ်မှုများ ပေါ်ပေါက်ခဲ့သည်ဟု ရဲများက ပြောသည်။ အခင်းဖြစ်ပွားရာနေရာ၌ပင် တစ်ဦး သေဆုံးသွားပြီး ရဲအရာရှိတစ်ဦးအပါအဝင်လူ ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။

## နောက်တစ်ဦးသေဆုံး

နောက်တစ်နေ့တွင် နောက်ထပ်တစ်ဦး သေဆုံးသွားပြီဟု ဗီယင်နာမြို့တော်ဝန်က ပြည်သူလူထုကို အသိပေးခဲ့သည်။ ပစ်ခတ်မှုကျူးလွန်သူများထဲမှ တစ်ဦးကို အခင်းဖြစ်ပွားရာနေရာတွင် ပစ်သတ်ခဲ့သည်ဟု ရဲများက ပြောသည်။ တိုက်ခိုက်မှုကျူးလွန်သူများသည် သေနတ်များ၊ ဓားများကို ကိုင်ဆောင်လာကြသည်ဟု မြို့တော်ဝန်က ပြောသည်။ ယခု ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုမှာ သေချာစွာ စီစဉ်ထားသော အကြမ်းဖက်တိုက်ခိုက်မှုဟု ဩစတြီးယားဝန်ကြီးချုပ်က ရုပ်သံမှတစ်ဆင့် မိန့်ခွန်းပြောကြားခဲ့သည်။

## စုံစမ်းမှုများ ပြုလုပ်

အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်ဟု သိရသည်။ ဩစတြီးယားနိုင်ငံ၏ အဓိကအထိမ်းအမှတ်တစ်ခုဖြစ်သော စိန့်စတက်ဖင် ဘုရားရှိခိုးကျောင်းနှင့် ၅၀၀ မီတာ အကွာတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်မှုကို ရိုက်ကူးထားသည့် ဗီဒီယိုတွင် လမ်းသွားလမ်းလာများက ပြေးလွှားနေကြပြီး လက်နက်ကိုင် အမျိုးသားက လမ်းမပေါ်မှ ဆင်းကာ ပြေးလွှားနေသည်ကို တွေ့မြင်ရသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံ၏ အလုပ်လက်မဲ့ပမာဏမှာ အောက်တိုဘာလအတွင်း ၆ ဒသမ ၉၈ ရာခိုင်နှုန်းတိုးလာ

**နယူးဒေလီ နိုဝင်ဘာ ၃**

အိန္ဒိယနိုင်ငံတွင် အလုပ်လက်မဲ့ပမာဏမှာ စက်တင်ဘာလတွင် ၆ ဒသမ ၆၇ ရာခိုင်နှုန်းရှိရာမှ အောက်တိုဘာလအတွင်း ၆ ဒသမ ၉၈ ရာခိုင်နှုန်း တိုးလာသည်ဟု လွတ်လပ်သော အဖွဲ့အစည်းဖြစ်သည့် အိန္ဒိယစီးပွားရေးစောင့်ကြည့်မှုအဖွဲ့ (CMIE) ၏ နောက်ဆုံးထုတ်ပြန်သော အချက်များအရ သိရသည်။

CMIE သည် နိုဝင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင် တိုးတက်မှု အလားအလာကောင်းများရှိသော်လည်း အောက်တိုဘာလအတွင်း အလုပ်လက်မဲ့ပမာဏမှာ မြင့်မားဆဲဖြစ်သည်။ မြို့ပြတွင် အလုပ်လက်မဲ့ပမာဏမှာ ၇ ဒသမ ၁၅ ရာခိုင်နှုန်းတွင် ရပ်တန့်နေသည်။ ကျေးလက်ဒေသတွင် အလုပ်လက်မဲ့နှုန်းမှာ စက်တင်ဘာလအတွင်းက ၅ ဒသမ ၆၈ ရှိရာမှ အောက်တိုဘာလတွင် ၆ ဒသမ ၉၀ အထိ ရှိလာခဲ့သည်။ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုအခွန်ငွေကောက်ခံမှုမှာ ဖေဖော်ဝါရီလမှ စတင်ရေတွက်လျှင် အောက်တိုဘာလ၌ အမြင့်ဆုံးဖြစ်သည်ဟု သိရသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလကထက် ၁၀ ဒသမ ၂ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီးဌာနမှ နိုဝင်ဘာ ၁ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ အောက်တိုဘာလအတွင်း အခွန်ငွေကောက်ခံရရှိမှုမှာ အမေရိကန်ဒေါ်လာ ၁၄ဘီလီယံနီးပါးရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# ဂျပန်၌ မော်တော်ကားသစ်ရောင်းချမှု ၁၃ လအတွင်း ပထမဆုံးအကြိမ် ရောင်းအားပြန်တက်လာ

**တိုကျို နိုဝင်ဘာ ၃**

ဂျပန်နိုင်ငံတွင် မော်တော်ကားရောင်းချရမှုနှုန်းမှာ အောက်တိုဘာလအတွင်း ၃၀ ရာခိုင်နှုန်းနီးပါး ပြန်တက်လာပြီး ၁၃ လတာ ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ရောင်းအားပြန်တက်လာခြင်း ဖြစ်သည်။ ပြီးခဲ့သည့်လအတွင်း ကားအစီးရေ ၄၀၆၈၅၁ စီး ရောင်းထွက်ခဲ့သည်ဟု မော်တော်ကားလုပ်ငန်းစုများက ပြောသည်။ ယင်းပမာဏသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလနှင့် နှိုင်းယှဉ်လျှင် ၂၉ ဒသမ ၂ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်သည်။

## ရောင်းအားပြန်တက်လာ

၂၀၁၉ခုနှစ် အောက်တိုဘာလအတွင်း မော်တော်ကားရောင်းချရမှုနှုန်းမှာ ဆိုးရွားသည့် ရာသီဥတုနှင့် အခွန်အတုပ် ကြီးမြင့်မှုတို့ကြောင့် ရောင်းအားထိုးကျခဲ့ရသည်။ ယခုနှစ် အစောပိုင်းတွင်လည်း ကိုဗစ်-၁၉ ကြောင့် မော်တော်ကားဝယ်လိုအားများ ထိုးကျခဲ့ရသည်။ မကြာသေးမီကမှ ပြောင်းလဲမှုများ ဖြစ်ပေါ်လာပြီး ရောင်းအားပြန်တက်လာခြင်း ဖြစ်သည်။

## ထပ်မံထိခိုက်လာနိုင်

ကပ်ရောဂါ အခြေအနေကြောင့် ဝင်ငွေနည်းလာသည့် အတွက် မော်တော်ကားကုမ္ပဏီများက အပိုမေတ္တာလက်ဆောင်ပေးခြင်းများကို လျှော့ချမည်ဟု ဆုံးဖြတ်လိုက်ပါက ဝယ်လိုအားကို ထပ်မံထိခိုက်လာနိုင်သည်ဟု ကားထုတ်လုပ်ရေးလုပ်ငန်း ကျွမ်းကျင်သူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**



# ရုရှားနိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေး ၂၅ သန်းကို အာဂျင်တီးနား ဝယ်ယူမည်

**ဗျူနိုအေးရိစ် နိုဝင်ဘာ ၃**

ရုရှားနိုင်ငံမှ ထုတ်လုပ်လိုက်သည့် Spunik- V ကာကွယ်ဆေး ၂၅ သန်းကို အာဂျင်တီးနားနိုင်ငံက ဝယ်ယူမည်ဖြစ်ကြောင်း အာဂျင်တီးနားသမ္မတက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၂၅ သန်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာမှ ၂၀၂၁ ဇန်နဝါရီလအတွင်း ဝယ်ယူသွားမည်ဖြစ်ကြောင်း အာဂျင်တီးနားသမ္မတ အယ်လ်ဘာတိုဖာနန်ဒက်က နိုဝင်ဘာ ၂ ရက်တွင် ရုရှားသတင်းမီဒီယာသို့ ပြောကြားခဲ့ကြောင်း သိရသည်။ လာမည့် ဒီဇင်ဘာလတွင် ကာကွယ်ဆေးကို စတင်ရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ကာကွယ်ဆေးထိုးခြင်းကို ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်နိုင်မည်ဟု ၎င်းကပြောသည်။ နိုင်ငံအတွင်းရှိ ကျန်းမာရေးအားနည်းသူများနှင့် ရောဂါအခံရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် အလွန်အရေးကြီးလျက်ရှိကြောင်း သမ္မတက ပြောကြားခဲ့သည်။ အာဂျင်တီးနား အာဏာပိုင်များသည် ရုရှားနိုင်ငံ မော်စကိုမြို့သို့ သွားရောက်ကာ ကာကွယ်ဆေးဝယ်ယူရေး သဘောတူညီမှု ပြုလုပ်ခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

အာဂျင်တီးနားနိုင်ငံတွင် ပြီးခဲ့သည့် မတ်လ ၃ ရက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူတစ်ဦး စတင်ပေါ်ထွက်ခဲ့ကြောင်း ကြေညာခဲ့သည်။ ယခုအခါ တစ်နိုင်ငံလုံးရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် အတည်ပြုလူနာစုစုပေါင်း ၁၁၇၃၅၃၃ ဦးရှိပြီး သေဆုံးသူစုစုပေါင်း ၃၁၁၄၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်တွင် ရပ်နားထားသော အပျော်စီးဇိမ်ခံသင်္ဘော လုပ်ငန်းများ ပြန်လည်စတင်



**တိုကျို နိုဝင်ဘာ ၃**

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ရှစ်လကြာရပ်နားထား ပြီးနောက် အပျော်စီးဇိမ်ခံသင်္ဘော လုပ်ငန်းများကို တိုကျို မြို့အနီး ယိုကိုဟားမားဆိပ်ကမ်းတွင် ပြန်လည်စတင်လိုက် ပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် နိုဝင်ဘာ ၃ ရက်က ဖော်ပြလိုက်သည်။

ဂျပန်အကြီးဆုံးအပျော်စီးဇိမ်ခံသင်္ဘော အာဆူကာ-၂ သည် ခရီးသည် ၃၃၀ နှင့်အတူ ရှီမီဇုခရိုင် ရှီမီဇု ဆိပ်ကမ်းသို့ လေးရက်ကြာအသွားအပြန် ခရီးစဉ်အတွက် နိုဝင်ဘာ ၂ ရက်က အဆိုပါဆိပ်ကမ်းမှ ထွက်ခွာသွားခဲ့သည်။ ဒိုင်းမွန်းပရင့်စ်သင်္ဘောပေါ်တွင် ကိုဗစ်-၁၉ အမြောက်အမြားကူးစက်မှုကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ယိုကိုဟားမားဆိပ်ကမ်းအရာရှိများသည် အပျော်စီးဇိမ်ခံသင်္ဘော ခရီးစဉ်များကို ဖေဖော်ဝါရီလကတည်းက ရပ်နားခဲ့သည်။

အာဆူကာ-၂ သင်္ဘောအော်ပရေတာက သင်္ဘောပေါ် ရှိ ကိုဗစ်-၁၉ ကူးစက်မှုကို မည်သို့တုံ့ပြန် ဆောင်ရွက်မှုများပြုလုပ်သွားမလဲဆိုသည့် ကိစ္စနှင့်ပတ်သက်ပြီး ကြိုတင်လေ့ကျင့်မှုများပြုလုပ်ထား ကြောင်း ပြောကြားလိုက်သည်။ ထို့အပြင် ခရီးသည်ထက်ဝက်ခန့်ကိုလည်း လျှော့ချ ထားကြောင်းနှင့် ခရီးသည်များအားလုံး ဗိုင်းရပ်စ်စစ်ဆေးမှုများခံယူထားကြောင်း ၎င်းက ပြောကြားလိုက်သည်။

မိခင်နှင့်အတူ အဆိုပါခရီးစဉ်ကိုလိုက်ပါလာသည့် အမျိုးသမီးတစ်ဦးက သူ့အနေဖြင့် အမှတ်တရနှင့် ပျော်ရွှင်ဖွယ်ကောင်းသောခရီးစဉ်တစ်ခုဖြစ်စေရန် ကျန်းမာရေး စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ကြောင်းပြောကြားလိုက်သည်။ ယိုကိုဟားမားဆိပ်ကမ်းအကြီးအကဲဖြစ်သူ နာဂါ နိုဟီရိုရာက သင်္ဘောပေါ်တွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု ကို တားဆီးရန် ဆိပ်ကမ်းအရာရှိများသည် သင်္ဘောအော်ပရေတာများနှင့်လက်တွဲ လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

## အမေရိကန်သမ္မတရွေးချယ်ရန် အမေရိကန်ပြည်ထောင်စုရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ ဆန္ဒမဲပေး

**ဝါရှင်တန် နိုဝင်ဘာ ၃**

အမေရိကန် ပြည်ထောင်စုတွင် ရွေးကောက်ပွဲနေ့အတွက် မဲရုံများကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ လက်ရှိ သမ္မတ ဒေါ်နယ်ထရမ့်ကပဲ သမ္မတအဖြစ်ပြန်လည် ရွေးကောက်ခံရမလား၊ စိန်ခေါ်သူ ဒီမိုကရက်တစ်သမ္မတလောင်း ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်ကပဲ အရွေးခံရမလား ဆိုသည်ကို ကမ္ဘာကြီးက စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိသည်။

မဲရုံသို့ သွားရောက်မဲပေးသူများ အနက် နယူးယောက်နှင့် ဗာဂျီးနီးယားပြည်နယ်များမှ မဲဆန္ဒရှင်များသည် မဲရုံများသို့ ပထမဆုံးသွားရောက်မဲပေးခဲ့ကြသည်။ ရွေးကောက်ပွဲရလဒ်များကို ရွေးကောက်ပွဲကိုယ်စားလှယ်အဖွဲ့က ဆုံးဖြတ်သည့်စနစ်ဖြင့် ဆုံးဖြတ်မည်ဖြစ်သည်။

အဆိုပါစနစ်အရ အမေရိကန်ပြည်ထောင်စု ပြည်နယ် ၅၀ ၏ ပြည်နယ် တစ်ခုချင်းစီနှင့် ဝါရှင်တန်ဒီစီတို့သည် ၎င်းတို့၏ အကြမ်းဖျင်းလူဦးရေကို အခြေခံတွက်ချက်ထားသည့် ကိုယ်စားလှယ်လောင်း အရေအတွက်ကို ရရှိမည်ဖြစ်သည်။

ပြည်နယ် ၄၈ ပြည်နယ်နှင့် ဝါရှင်တန်ဒီစီတို့သည် ရွေးကောက်ပွဲစနစ်တစ်ခုဖြစ်သည့် Winner-takes-all စနစ်ကို အသုံးပြုထားသည်။ ရွေးကောက်ပွဲမဲများ အားလုံးကို ဝင်ရောက် ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်းတစ်ဦး အတွက်သာ မဲပေးသည့်စနစ်ဖြစ်သည်။ စုစုပေါင်း ကိုယ်စားလှယ်လောင်း ၅၃၈ ဦးရှိသည်။ မဲအများစုရရှိသော ကိုယ်စားလှယ်လောင်းသည် သမ္မတအဖြစ် ရွေးချယ်ခံရမည်ဖြစ်သည်။

၂၀၂၀ ရွေးကောက်ပွဲကို ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများပြင်းထန်နေချိန်နှင့် အမေရိကန်လူမှုအသိုင်းအဝိုင်းတွင် လူမှုရေးကွဲပြားမှု များနေချိန်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



အမေရိကန်ပြည်ထောင်စု နယူးဟမ်းရှိုင်းယားပြည်နယ် ဒစ်ဗီလီနေ့ချ်တွင်ဆန္ဒမဲပေးနေသူတစ်ဦးကိုတွေ့ရစဉ်။

## ကိုဗစ်-၁၉ ကြောင့် ကမ္ဘာတစ်ဝန်း စုစုပေါင်းသေဆုံးသူအရေအတွက် ၁ ဒသမ ၂ သန်းကျော် ရောက်ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၃**

ကမ္ဘာတစ်ဝန်းလုံးတွင် နိုဝင်ဘာ ၂ ရက်အထိ ကိုဗစ်-၁၉ ကြောင့် စုစုပေါင်း သေဆုံးသူ ၁ ဒသမ ၂ သန်းကျော်ရှိလာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် ၏ စာရင်းအချက်အလက်များအရ သိရသည်။

ဂရင်းနစ်စံတော်ချိန် ၀၇၂၄ နာရီအရ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူဦးရေသည် ၁၂၀၀၄၇၁ ဦးရှိလာပြီး ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူ ၄၆ ဒသမ ၅ သန်းရှိလာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်ကထုတ်ပြန်သော အချက်အလက်များတွင် ဆက်လက်ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်-၁၉ ထိခိုက်မှုအဆိုးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၂၀၇၃၆၂ ဦးရှိပြီး သေဆုံးသူ ၂၃၀၉၉၆ ဦးရှိလာပြီဖြစ်သည်။ ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၆၀၀၇၄ ဦးရှိလာပြီး သေဆုံးမှုတွင် ဒုတိယအများဆုံးနိုင်ငံ ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့ တတိယ အများဆုံး သေဆုံးသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး စုစုပေါင်း သေဆုံးသူ ၁၂၂၆၀၇ ဦး ရှိလာသည်။ သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် ကမ္ဘာ့ဒုတိယ အများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၃၀၀၀ ကျော် ရှိသည့်နိုင်ငံများစာရင်းတွင် မက္ကဆီကို၊ ဗြိတိန်၊ အီတလီ၊ ပြင်သစ်၊ စပိန်၊ အီရန်နှင့် ပီရူးနိုင်ငံတို့ပါဝင်သည်။

ကိုဗစ်-၁၉ကြောင့် ကမ္ဘာ့သေဆုံးမှုနှုန်းသည် စက်တင်ဘာ ၂၈ ရက်က တစ်သန်းကျော်လွန်ရောက်ရှိလာခဲ့သည်။ **ဆင်ဟွာ**

## ဂျာမနီနိုင်ငံ၌ ကိုဗစ်-၁၉ အသွားအလာကန့်သတ်ပိတ်ဆို့မှု ဒုတိယကာလထဲဝင်ရောက်လာချိန်တွင် သေဆုံးသူ ၁၀၀၀၀ ကျော်ရောက်ရှိ

**ဘာလင် နိုဝင်ဘာ ၃**

ဂျာမနီနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၀၉၇ ဦး တိုးလာမှုနှင့်အတူ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ စုစုပေါင်း ၅၄၅၀၂၇ ဦး ရှိလာချိန်တွင် နိုင်ငံသည်လည်း အသွားအလာ ကန့်သတ်ပိတ်ဆို့မှု ဒုတိယကာလထဲသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး အေဂျင်စီဖြစ်သည့် ရောဘတ်ကို့စ် အင်စတီကျူးက နိုဝင်ဘာ ၂ ရက်တွင် ကြေညာလိုက်သည်။

လွန်ခဲ့သော သီတင်းပတ်က ဂျာမနီနိုင်ငံသည် ကိုဗစ်-၁၉ ဒုတိယ အသွားအလာ ကန့်သတ်ပိတ်ဆို့မှု ကာလထဲဝင်ရောက်လာချိန်တွင် သေဆုံးသူ ၁၀၀၀၀ ကျော် ရောက်ရှိပြီးကူးစက်မှု စံချိန်တင်မြင့်တက်လာပြီးနောက် အစိုးရသည် တင်းကျပ်သည့် တားမြစ်ချက်များနှင့် စားသောက်ဆိုင်များနှင့် ဘားများ ပိတ်သိမ်းခြင်းကဲ့သို့ နေ့စဉ်လူမှုဘဝတွင် ကန့်သတ်ချက်များ ချမှတ်ရန် သဘောတူခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါသည် ရာစုနှစ်တစ်ခု၏ ဆိုးရွားသော အခြေအနေတစ်ခုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဂျန်စပန်က ဇက်ဒီအက်ဖ် ဂျာမနီ ရုပ်သံထုတ်လွှင့်ဌာနသို့ ပြောကြားလိုက်သည်။

အစိုးရ၏ တင်းကျပ်သည့် ဆောင်ရွက်ချက်များ မပါဝင်ဘဲ ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားခြင်းကို ထိန်းချုပ်နိုင်မည် မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လွန်ခဲ့သော သီတင်းပတ်နှစ်ပတ်ခန့်က အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုပြုလုပ်ရမည့် ကိုဗစ်-၁၉ ရောဂါသည်များမှာ ၂၀၆၁ ဦးခန့်ရှိကာ သုံးဆတိုးတက်လာခဲ့သည်။ နိုဝင်ဘာ ၂ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ တစ်နေ့တည်း ၄၉ ဦး ရှိလာပြီး စုစုပေါင်းသေဆုံးသူ ၁၀၅၃၀ အထိ ရောက်ရှိလာခဲ့သည်။

ယခုလအတွက် ပြဋ္ဌာန်းလိုက်သော တစ်လကြာအသွားအလာ ကန့်သတ်ပိတ်ဆို့မှုသည် နောက်ဆုံးဖြစ်မည်ဟု ကျန်းမာရေးဝန်ကြီး စပန်က ကတိမပေးနိုင်ခဲ့ချေ။

ကမ္ဘာကြီးတစ်ခုလုံးက ကိုဗစ်-၁၉ ကူးစက်မှုကို ထိန်းချုပ်ရန် ကြိုးစားနေချိန်တွင် ဂျာမနီ၊ တရုတ်၊ ရုရှား၊ အင်္ဂလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ကိုဗစ်-၁၉ ကာကွယ်ဆေးအမြန်ဆုံး ဖော်ထုတ်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဝက်ဘ်ဆိုက်အရ အောက်တိုဘာ ၂၉ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ရေး ထုတ်လုပ်နေသည့် အဖွဲ့ပေါင်း ၂၀၁ ဖွဲ့ရှိပြီး ယင်းအနက် ၄၅ ဖွဲ့မှာ နောက်ဆုံးစမ်းသပ်မှု အဆင့်အထိ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



ဂျာမနီနိုင်ငံ ဖရန့်ဖတ်ရှိလမ်းမတစ်ခုပေါ်တွင် နှာခေါင်းစည်းဝတ်ဆင်သွားလာနေသူတချို့ကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ဂျော်ဂျီယာဝန်ကြီးချုပ်နှင့် စီးပွားရေးဝန်ကြီး ကိုဗစ်-၁၉ စစ်ဆေးတွေ့ရှိခဲ့

**တီဘီလီစီ နိုဝင်ဘာ ၃**

ဂျော်ဂျီယာဝန်ကြီးချုပ် ဂျော့ဂျီခါကာရီယာသည် နိုဝင်ဘာ ၂ ရက်က ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတွေ့ရှိခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် နိုဝင်ဘာ ၃ ရက်က ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတွေ့ရှိခဲ့သော်လည်း ခါကာရီယာသည် ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရန် နေအိမ်၌ပင် နေထိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ခါကာရီယာက ၎င်း၏လုံခြုံရေးအစောင့်တစ်ဦးတွင် အောက်တိုဘာ ၃၁ ရက်က ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ၎င်းအနေဖြင့် သီးသန့်ခွဲခြားနေထိုင်ခဲ့ကြောင်း လူမှုမီဒီယာတစ်ခုဖြစ်သော ဖေ့စ်ဘွတ်ပေါ်တွင် နိုဝင်ဘာ ၁ ရက်က ကြေညာခဲ့သည်။

ဂျော်ဂျီယာစီးပွားရေးဝန်ကြီး နာတီယာတာနာဗာသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသော ဝန်ထမ်းတစ်ဦးနှင့် ထိတွေ့ပြီးနောက် နိုဝင်ဘာ ၂ ရက်အစောပိုင်းက သီးခြားခွဲခြားနေထိုင်ခဲ့ကြောင်း သိရသည်။

ဂျော်ဂျီယာနိုင်ငံတွင် နိုဝင်ဘာ ၂ ရက်က ကိုဗစ်-၁၉ ရောဂါ ထပ်မံအတည်ပြုကူးစက်သူအသစ် ၁၈၅၂ ဦးရှိလာပြီး စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်လူနာအရေအတွက်မှာ ၄၂၅၇၉ ဦး ရှိသွားပြီဖြစ်သည်။ ဆင်ဟွာ

### ငလျင်လှုပ်ပြီး ၉၁ နာရီ ကြာပြီးနောက် အသက် ၄ နှစ်အရွယ် ကလေးတစ်ဦးကို ကယ်တင်နိုင်ခဲ့

**အစ္စတန်ဘူလ် နိုဝင်ဘာ ၃**

တူရကီအနောက်ပိုင်းပြည်နယ် အစ်ဇမားတွင် ငလျင်လှုပ်ပြီး ၉၁ နာရီကြာပြီးနောက် အသက် လေးနှစ်အရွယ် မိန်းကလေးတစ်ဦးကို ပြိုကျအဆောက်အအုံအောက်မှ တူရကီကယ်ဆယ်ရေး ဝန်ထမ်းများက နိုဝင်ဘာ ၃ ရက်တွင် ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အပျက်အစီးပုံများအောက်မှ အဆိုပါမိန်းကလေးကို ကယ်ဆယ်ရေးဝန်ထမ်းများက ဆွဲထုတ်ကယ်ဆယ်နေသည့်ပုံကို အင်န်တီဗွီတိုက်ရိုက်ရုပ်မြင်သံကြား အစီအစဉ်တွင် တွေ့မြင်ရသည်။ အဆိုပါမိန်းကလေးကို သူ၏ မီးဖိုခန်းတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် အခြေအနေကောင်းမွန်လျက်ရှိကြောင်း ကယ်ဆယ်ရေးသမားတစ်ဦးက အင်န်တီဗွီတွင် ပြောကြားလိုက်သည်။

သဘာဝဘေး ဒုက္ခနှင့် အရေးပေါ် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ငလျင်ကြောင့် သေဆုံးသူသည် ၁၀၂ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် ဒဏ်ရာရရှိသူ ၁၀၂၆ ဦး ရှိကြောင်း ပြောကြားလိုက်သည်။

ရှာဖွေရေးနှင့် ကယ်ဆယ်ရေး ဆောင်ရွက်ချက်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ ကာလ အလွန် ပြောင်းလဲဖြစ်ပေါ်လာနိုင်မှုများကို စေ့ငုခြင်း

## ထွန်းသစ်စ

**ကိုဗစ်-၁၉ ဟာ ကမ္ဘာ့တိုးတက်ခေတ်အမီဆုံးနိုင်ငံအချို့ရဲ့ ကျန်းမာရေးစနစ်မှာဖြစ်နေတဲ့ အဓိကကွာဟချက်ကို ဖော်ပြလိုက်သလို အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ ပြင်သစ်နဲ့ တခြားဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပြုပြင်ပြောင်းလဲရေးအတွက် အရေးပေါ်မူဝါဒလမ်းစဉ်တွေကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါ့အပြင် ကိုဗစ်-၁၉ ရောဂါဟာ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကြီးတစ်ခုလုံးကို အသွင်ပြောင်းလဲပေးလိုက်ပြီး ဂရုစိုက်စောင့်ရှောက်မှုတွေကို တိုးလာစေပါတယ်။ ဒါတင်မကသေး ကိုဗစ်-၁၉ ကပ်ရောဂါဟာ ကျန်းမာရေးစနစ်သစ်တစ်ခု ထူထောင်ရာမှာ ပါဝင်မယ့်သူတွေအတွက် အခွင့်အလမ်းသစ်တွေကို ဖန်တီးပေးမှာ ဖြစ်ပါတယ်။**

**အလေးဂရုပြုဖို့လို**

တခြားအရာတွေ ပြုပြင်ပြောင်းလဲတာထက်စာရင် ကျန်းမာရေးစနစ် ပြုပြင်ပြောင်းလဲမှုအပိုင်းမှာ ကုမ္ပဏီတွေအနေနဲ့ တစ်ဦးတစ်ယောက်ချင်းစီရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို အလေးဂရုပြုဖို့လိုပါမယ်။ ကိုဗစ်-၁၉ ကာလအတွင်းမှာ လူတွေဟာ အဝေးမှအလုပ်လုပ်ခြင်း၊ လူမှုရေးဆိုင်ရာ ထီးတည်းဖြစ်ခြင်းနဲ့ လူမှုဝေးကွာစနစ်များ ကျင့်သုံးခြင်းတွေကို ပိုပြီးတွေ့ကြုံခံစားရလေလေ စိတ်ခံစားမှုပိုင်းဆိုင်ရာ ဆက်သွယ်မှုရှိဖို့ ပိုမိုလိုအပ်လေလေဖြစ်ပါတယ်။ ကုမ္ပဏီတွေအနေနဲ့လည်း ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာမယ့် အဆိုးတွေကို ရှောင်ရှားနိုင်ဖို့ မိမိတို့ ဝန်ထမ်းတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေနဲ့ စိတ်ချမ်းသာမှုကို ပိုပြီးအာရုံစိုက်ဖို့ လိုအပ်လာပါတယ်။

**ကုန်စည်လည်ပတ်စီးဆင်းမှု**

ကိုဗစ်-၁၉ ကြောင့် လိုက်ပါပြောင်းလဲလာမယ့်နောက်တစ်ခုကတော့ ကုန်စည်လည်ပတ်စီးဆင်းမှုဖြစ်ပါတယ်။ ကုန်စည်လည်ပတ်စီးဆင်းမှုဟာ နည်းပညာမူဝါဒတွေနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ ပိုလို့တောင် အစိတ်စိတ်အပိုင်းပိုင်း တစ်စစီခွဲခြားလို့ ရလာပါတယ်။ အမျိုးမျိုးသော ကုန်စည်လည်ပတ်စီးဆင်းမှုတွေ ပေါ်ပေါက်လာပြီး မူရင်းကုန်စည်ထုတ်လုပ်မှုနဲ့ ဆင့်ပွားဖြစ်စဉ်တွေအပါအဝင် အရေးကြီးတဲ့အစိတ်အပိုင်းတွေကို ခြေရာကောက်နိုင်မှာပဲဖြစ်ပါတယ်။ ဒါဟာ ဝယ်ယူစားသုံးသူတွေကို ဆွဲဆောင်မယ့် နည်းလမ်းအသစ်တွေ ဖြစ်လာမှာဖြစ်သလို ကုန်စည်စာရင်းတွေကိုလည်း အသေးစိတ်စီမံခန့်ခွဲနိုင်မှာဖြစ်ပြီး ထုတ်လုပ်မှုနဲ့ ဖြန့်ဖြူးမှုကို ချိန်ညှိနိုင်မှာပဲ ဖြစ်ပါတယ်။ ထို့အတူ စီမံခန့်ခွဲမှုဆိုင်ရာ ဖြစ်နိုင်စွမ်းနဲ့ ငွေကြေးတွေကိုလည်း ကောင်းစွာစီမံနိုင်မှာပဲ ဖြစ်ပါတယ်။

**၅ - ဂျီအင်တာနက်**

ကုန်စည်လည်ပတ်စီးဆင်းမှုပြောင်းလဲဖြစ်ပေါ်လာသလို ၅-ဂျီ အင်တာနက်ကိုလည်း ပိုပြီး တွင်တွင်ကျယ်ကျယ်အသုံးပြုလာနေကြပါပြီ။ ၅-ဂျီ အင်တာနက်စနစ်ဟာ အွန်လိုင်းအင်တာနက်အသုံးပြုမှုကို ပိုမိုတိုးမြှင့်ပေးလိုက်ပြီး ဗဟိုချုပ်ကိုင်မှုတွေကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အန္တရာယ်တွေကိုလည်း လျှော့ချပေးနိုင်မှာ ဖြစ်ပါတယ်။ သမားရိုးကျ စီးပွားရေးမဟာဗျူဟာဟာ ဈေးကွက်နယ်ပယ်နဲ့ ယှဉ်ပြိုင်သူတွေပေါ်မှာ မှီခိုနေပါတယ်။ ကိုဗစ်-၁၉ ကာလအလွန်မှာ ကုမ္ပဏီတွေဟာ သူတို့ရဲ့ဝယ်ယူအားပေးသုံးစွဲသူ ဖောက်သည်တွေအတွက် အခက်အခဲ ပြဿနာတွေကို ထိုးဖောက်ကျော်လွှားနိုင်မယ့် စံနှုန်းတန်ဖိုးတွေကို အဆက်မပြတ်ဖန်တီးပေးဖို့ လိုအပ်လာမှာ ဖြစ်ပါတယ်။ တကယ်လို့ ကုမ္ပဏီတွေအနေနဲ့ ကမ္ဘာလုံးဆိုင်ရာစဉ်းစားမှုအပိုင်း၊ မဟာဗျူဟာမိတ်ဖက်တည်ဆောက်မှုနဲ့ ကမ္ဘာ့စီးပွားရေးစနစ်မှာ တခြားသူတွေနဲ့ စီးပွားဖက်မိတ်ဖွဲ့မှုတွေကို အမီမလိုက်နိုင်ဘူးဆိုရင် အပြောင်းအလဲမြန်တဲ့ စီးပွားရေးပတ်ဝန်းကျင်မှာ စံတန်ဖိုးတွေကို ဖန်တီးဖို့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရမှာပဲ ဖြစ်ပါတယ်။



ကိုဗစ်-၁၉ အလွန် ပြောင်းလဲမှုများကို ပုံဖော်ထားသည့် ပုံတစ်ပုံကို တွေ့ရစဉ်။

> "အတွေးအမြင် အသစ်တွေဟာ အနာဂတ်အောင်မြင်မှုအတွက် မောင်းနှင်ပေးမှာဖြစ်ပါတယ်။ ဖြစ်ပေါ်ပြောင်းလဲလာတဲ့ အခြေအနေတွေနဲ့အညီ လိုက်ပါပြောင်းလဲဖို့ ငြင်းဆန်နေမယ်ဆိုရင်တော့ အနာဂတ်မှာ ဆက်လက်ရပ်တည်ဖို့ မဖြစ်နိုင်တော့ဘဲ နောက်ကျန်နေခဲ့မှာ ဖြစ်ပါတယ်"

**အလုပ်နေရာ သတ်မှတ်ချက်တွေ ပြောင်းလဲလာ**

ကိုဗစ်-၁၉ ကြောင့် အလုပ်နေရာ သတ်မှတ်ချက်တွေ ပြောင်းလဲလာပါတယ်။ လက်ရှိ အဝေးရောက်စနစ်နဲ့ လုပ်ကိုင်နေမှု အစီအစဉ်သာ နောက်ထပ်သုံးလလောက် ဆက်လက်ဖြစ်ပွားနေမယ်ဆိုပါက အလုပ်အကိုင် ပုံစံပြောင်းလဲမှု အမြဲဖြစ်ပေါ်လာတော့မှာ ဖြစ်ပါတယ်။ အဆိုပါ အလုပ်အကိုင်အခြေအနေတွေအတွက် သတ်မှတ်ချက်အသစ်တွေလည်း ထုတ်ပြန်ရတော့မှာ ဖြစ်ပါတယ်။ အလုပ်နေရာနဲ့ အလုပ်လုပ်တဲ့ ပုံစံတွေဟာလည်း ပုံမှန်ရုံးတက် အိမ်ပြန်လိုမျိုး ရိုးရှင်းလွယ်ကူတော့မှာ မဟုတ်ပါဘူး။ မိုးကုတ်စက်ဝိုင်းအထိ အဓိကပြောင်းလဲမှုတွေ ဖြစ်ပေါ်နေတာနဲ့အညီ ပြန်လည်ဆန်းသစ်ထားတဲ့ အလုပ်နေရာ ရည်ရွယ်ချက်တွေလည်း ပေါ်ထွက်လာပါတယ်။ လူတွေ အလုပ်လုပ်ဖို့ နေရာတစ်ခု ဖန်တီးပေးတာနဲ့စာရင် အလုပ်နေရာတွေဟာ အဓိကအားဖြင့်တော့ ရည်မှန်းချက်တစ်ခုရရှိအောင် စုပေါင်းလုပ်ဆောင်တဲ့ နေရာတွေပဲ ဖြစ်ပါတယ်။ အလုပ်နေရာတွေ ပြောင်းလဲလာတဲ့အတွက် မလိုအပ်တဲ့ အသုံးစရိတ်တွေဖြစ်တဲ့ ခရီးသွားစရိတ်တွေကို လျှော့ချနိုင်မှာပဲ ဖြစ်ပါတယ်။ သို့သော်လည်း မျက်နှာချင်းဆိုင် အစည်းအဝေးတွေ ကျင်းပတဲ့နေရာမှာလည်း အွန်လိုင်းအစည်းအဝေးတွေ ကျင်းပဖို့ လုပ်ဆောင်ရမှာပဲ ဖြစ်ပါတယ်။

**ပုံစံတစ်မျိုးနဲ့ ပြောင်းလဲဖို့လို**

စက်ရုံ အလုပ်ရုံတွေလည်း ကျွမ်းကျင်မှုစွမ်းရည်အသစ်တွေကို ပုံစံတစ်မျိုးနဲ့ ပြန်လည်ဆန်းသစ်ဖို့ လိုအပ်လာသလို ပြောင်းလဲလာတဲ့ အလုပ်သစ်တစ်ခုကို လုပ်ကိုင်နိုင်ဖို့ ကျွမ်းကျင်မှုစွမ်းရည်အသစ်တွေသင်ယူခြင်းဟာလည်း အဓိကဦးစားပေးကိစ္စဖြစ်လာမှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ဟာ ပညာရှိ ကဝိတွေနှစ်ပေါင်း များစွာ ကြိုတင်ခန့်မှန်းထားတဲ့ စက်ရုံ အလုပ်ရုံတွေကို အရှိန်ကောင်းကောင်းနဲ့ နှောင့်ယှက်နေပါတယ်။ လေကြောင်းလိုင်းတွေ၊ လက်လီဖြန့်ချီရောင်းချမှုတွေ၊ ဧည့်ဝတ်ကျေပွန်မှုကို အရင်းခံတဲ့ လုပ်ငန်းတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ ပညာရေးတွေ၊ ဆောက်လုပ်ရေးနဲ့ နည်းပညာတွေအပါအဝင် စက်ရုံ အလုပ်ရုံအများစုဟာ သူတို့ရဲ့ လုပ်ငန်းတွေ ဆက်လက်ရှင်သန်နေဖို့ဆိုရင် စီးပွားရေးပုံစံတွေကို လျင်မြန်တဲ့ အရှိန်အဟုန်နဲ့ လိုက်ပါပြောင်းလဲလုပ်ဆောင်ဖို့ လိုအပ်လာမှာဖြစ်ပါတယ်။ စီးပွားရေးပုံစံသစ်တွေနဲ့ တန်ဖိုးစံနှုန်းပြောင်းလဲမှုတွေမှာ စွမ်းရည်သစ်တွေ တိုးမြှင့်ဖို့ လိုအပ်လာမှာပဲ ဖြစ်ပါတယ်။

**အလုပ်အကိုင်ဈေးကွက် ပြောင်းလဲလာ**

ဖွံ့ဖြိုးပြီး နိုင်ငံ ၁၅ နိုင်ငံရဲ့ အလုပ်အကိုင်ဈေးကွက်မှာ အဓိကနှောင့်ယှက်မှုတွေကြောင့် အလုပ်အကိုင်သစ်သန်းချီပေါ်ပေါက်လာမှုနဲ့ အလုပ်အကိုင်ပေါင်း ငါးသန်းအသားတင် ဆုံးရှုံးမယ်လို့ လွန်ခဲ့တဲ့နှစ်က ကမ္ဘာ့ စီးပွားရေးညီလာခံက သတိပေးခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါဟာ အလုပ်အကိုင်ဈေးကွက်ကို ထိခိုက်စေခဲ့ပြီး ဖြစ်ပါတယ်။ ထို့ကြောင့် လူမှုရေးဆိုင်ရာနဲ့ စီးပွားရေးဆိုင်ရာမှာ မဖြစ်ချင်တဲ့ အခြေအနေတွေ အနည်းဆုံးဖြစ်စေဖို့ ကျွမ်းကျင်မှုစွမ်းရည်သစ်တွေကို ပုံစံတစ်မျိုးနဲ့ ဆန်းသစ်ဖို့ ပြောင်းလဲလာတဲ့ အလုပ်သစ်တစ်ခုအတွက် ကျွမ်းကျင်မှု စွမ်းရည်သစ်တွေ သင်ယူခြင်းဟာ ကုမ္ပဏီအများစုအတွက် ထိပ်တန်းဦးစားပေးကိစ္စတစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်။ ပညာရေးနဲ့ လေ့ကျင့်ရေးစနစ်တွေဟာလည်း ပြောင်းလဲလာတဲ့ပုံစံတွေကို အထောက်အကူဖြစ်ဖို့ လိုအပ်လာပါလိမ့်မယ်။ နည်းပညာအသုံးပြု လူသားရဲ့ စဉ်းစားတွေးခေါ်မှုဟာလည်း ဆက်သွယ်ရေးနဲ့ ဗဟုသုတစီးမျှောမှုအပိုင်းမှာ အရေးပါလာမှာ ဖြစ်ပါတယ်။

**နည်းပညာတီထွင်ဆန်းသစ်မှုဟာ စီးပွားရေးကိုရှင်သန်စေ**

စီးပွားရေးဆိုင်ရာ လုပ်ငန်းလည်ပတ်မှု အခင်းအကျင်း ပြောင်းလဲလာခြင်းနဲ့အတူ ကိုဗစ်-၁၉ ဟာ စီးပွားဖြစ် အိမ်ခြံမြေရောင်းဝယ်မှုအရွေ့ကို ပိုပြီးလိုက်လျောညီထွေစွာ ပြောင်းလဲလာစေမှာ ဖြစ်ပါတယ်။ စီးပွားရေးပုံစံမှာ နည်းပညာတီထွင်ဆန်းသစ်မှုဟာ စီးပွားရေးကိုရှင်သန်စေမှာ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းကြီးထွားဖို့ဆိုရင် စီးပွားရေးခေါင်းဆောင်တွေဟာ တီထွင်ဖန်တီးနိုင်စွမ်းရှိနေရမှာဖြစ်ပြီး သုံးစွဲသူတွေအတွက် အခက်အခဲတွေကို ကျော်လွှားနိုင်မယ့် နည်းပညာဆန်းသစ်မှုတွေ အမြဲဖန်တီးပေးဖို့ လိုပါတယ်။

ကိုဗစ်-၁၉ ကာလအလွန်မှာ တီထွင်ဆန်းသစ်မှု အများအပြား လိုအပ်လာမှာဖြစ်ပြီး ပုံမှန် သက်သောင့်သက်သာအခြေအနေကနေ သွေဖည်လာမှာပဲ ဖြစ်ပါတယ်။ အကယ်၍ အဖွဲ့အစည်းတွေဟာ အလုပ်အကိုင်ပိုင်းမှာ လိုက်လျောညီထွေ ပြောင်းလဲဆန်းသစ်မှု မရှိဘူးဆိုရင် ဆက်လက်တည်ရှိဖို့ အခက်အခဲအကျပ်အတည်းတွေနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။

**အတွေးအမြင်သစ်တွေဟာ အနာဂတ်အောင်မြင်မှုအတွက် မောင်းနှင်ပေး**

အတွေးအမြင် အသစ်တွေဟာ အနာဂတ်အောင်မြင်မှုအတွက် မောင်းနှင်ပေးမှာဖြစ်ပါတယ်။ ဖြစ်ပေါ်ပြောင်းလဲလာတဲ့ အခြေအနေတွေနဲ့အညီ လိုက်ပါပြောင်းလဲဖို့ ငြင်းဆန်နေမယ်ဆိုရင်တော့ အနာဂတ်မှာ ဆက်လက်ရပ်တည်ဖို့ မဖြစ်နိုင်တော့ဘဲ နောက်ကျန်နေခဲ့မှာ ဖြစ်ပါတယ်။ နည်းပညာဆိုင်ရာ ပြောင်းလဲမှုတွေဟာ အရှိန်အဟုန်နဲ့ ဖြစ်ပေါ်လာတာနဲ့တစ်ပြိုင်နက် စီးပွားရေးလုပ်ငန်းတွေ အောင်မြင်ဖို့ဆိုရင် လူတွေရဲ့ အတွေးအမြင်တွေလည်း လိုက်ပါပြောင်းလဲသွားကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာလအလွန်မှာ ကုမ္ပဏီတွေ အလေ့အထတွေ ပြောင်းလဲလာတာဟာ အဲဒီကုမ္ပဏီတွေအတွက် အောင်မြင်မယ့် ပြောင်းလဲမှုတစ်ခု ဖြစ်လာမှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ဟာ သမားရိုးကျအတွေးအခေါ်တွေကို စိန်ခေါ်လျက်ရှိနေတယ်ဆိုတာ သံသယဖြစ်စရာမလိုပါဘူး။ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာကြီး အနှောင့်အယှက်တွေ ဖြစ်ပေါ်နေသော်လည်း ဖော်ပြပါ ပြောင်းလဲမှုတွေကတော့ ကိုဗစ်-၁၉ ရောဂါ အလွန်မှာ တွေ့မြင်ရမယ့် အခြေအနေတွေပဲ ဖြစ်ပါတယ်။ ။

ကိုးကား - အေအက်ဖ်ပီ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၄ ရက် သာ**

**လိုတော့သည်။**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချီခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( စ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

*ကျောဖုံးမှ*

၄။ ထိုသို့ ပြောဆို၊ ရေးသား၊ ထုတ်လွှင့်လျက်ရှိသော သတင်းအချက်အလက်များတွင် မှန်သောသတင်းအချက်အလက်များ ပါရှိသကဲ့သို့ မဟုတ်မမှန်သော သတင်းအချက်အလက်များ၊ ချဲ့ကားထားသော သတင်းအချက်အလက်များ၊ မှန်ကန်သော အချက်အလက်များကို ဖုံးကွယ်၍ မဲဆန္ဒရှင်ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေသည့် သတင်းအချက်အလက်များ၊ ကိုယ်တိုင် တိုက်ရိုက်သိရှိခြင်းမရှိဘဲ ထပ်ဆင့်ကြားသိရချက်အပေါ် အခြေပြုထားသောသတင်းအချက်အလက်များ ပါဝင်နေသည်ကို တွေ့ရှိနေရပါသည်။

၅။ မမှန်ကန်သော သတင်းအချက်အလက်များ၊ အခြေအမြစ်မရှိသော သတင်းအချက်အလက်များကို ပြောဆို၊ ရေးသား၊ ဖြန့်ချိခြင်းများ ပြုလုပ်ခြင်းသည် ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ လုပ်ဆောင်ရာရောက်သည့်အတွက် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ (ဃ) တွင် ပြဋ္ဌာန်းထားချက်နှင့် ငြိစွန်းပါကြောင်း အသိပေးထုတ်ပြန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူထားကြောင်း အသိပေးကြေညာခြင်း

၁။ ရောဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ စီးပွားချောင်ကျေးရွာအုပ်စု၊ ရှော်ချောင်းကျေးရွာနေ အလယ်တန်းပြဆရာမ ဒေါ်မိုးမြတ်သူဇာသည် ၃၀-၁၀-၂၀၂၀ ရက်နေ့၌ စီးပွားချောင်ကျေးရွာအုပ်စုတွင် ကြိုတင်ဆန္ဒမဲတစ်ကြိမ် ပေးခဲ့ပြီး၊ ၃၁-၁၀-၂၀၂၀ ရက်နေ့၌ မယ်တလိုင်းကျေးရွာအုပ်စုတွင် ကြိုတင်ဆန္ဒမဲနောက်တစ်ကြိမ် ထပ်မံပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်(မြောက်ပိုင်း)ခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့မ ရပ်ကွက် မဲရုံအမှတ်(၂)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးခင်မောင်စိုး၏ မဲရုံကိုယ်စားလှယ် ဒေါ်အေးမာဝင်း (ခ) မပဲပြားမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားခြင်းမဟုတ်သည့် အမှန်ခြစ်တံဆိပ်တုံးကို ပေးအပ်ခဲ့ပြီး ဒုတိယမဲရုံမှူး ဒေါ်တင်တင်ဝင်းမှ အဆိုပါတံဆိပ်တုံးအား ယူဆောင်လျက် မဲဆန္ဒရှင် (၃) ဦးတို့ကိုဆန္ဒပြုစေခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါသည်။

၃။ အထက်ဖော်ပြပါဖြစ်စဉ်များကိုကျူးလွန်ခဲ့သည့် ကြိုတင်ဆန္ဒမဲနှစ်ကြိမ်ပေးခဲ့သူ ဒေါ်မိုးမြတ်သူဇာနှင့် အမှန်ခြစ်တံဆိပ်တုံးအတု ယူဆောင်ပေးအပ်ခဲ့သူ ဒေါ်အေးမာဝင်း (ခ) မပဲပြားတို့ကို သက်ဆိုင်ရာက လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## သီပေါမြို့နယ်၌ ကြိုတင်ဆန္ဒမဲပေးနေမှုအခြေအနေများကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**သီပေါ နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကြိုတင်မဲပေးနေမှုများကို ယနေ့ နံနက်ပိုင်းက သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့် အဖွဲ့ဝင်များက မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲရုံးများနှင့် သတ်မှတ်မဲပေးကြမည့်မဲရုံများတွင် အသက် ၆၀ နှင့်အထက် မီးရထားရပ်ကွက်မှ အသက်၁၀၄ နှစ်ရှိ ဘွားသက်ရှည် ဒေါ်နိုင်းအေးဖြစ် ဆန္ဒမဲပေးပြီး(ယာပုံ) နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ အလှူငွေလှူဒါန်းထောက်ပံ့ပေးသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် တွေ့ဆုံကာ ဆောင်ရွက်လျက်ရှိသည့်မဲရုံများကို ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ၊ မဲရုံများတွင် တာဝန်ယူဆောင်ရွက်ကြမည့်သူများအနေဖြင့် ရောဂါပိုးကူးစက်မခံရရေး၊ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ၊ လုံခြုံရေးဆိုင်ရာဆောင်ရွက်ထားရှိမှု



အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ကြရန် မှာကြားသည်။

သီပေါမြို့နယ်တွင် မဲရုံပေါင်း ၁၁၁ ရုံရှိပြီး စုစုပေါင်းမဲဆန္ဒရှင် ၁၃၆၀၂၁ ဦး ရှိကာ အသက်၆၀ နှင့်အထက် မဲဆန္ဒရှင် ၁၇၃၂၆ ဦး ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## တောင်ငူအကျဉ်းထောင်တွင် အချုပ်သား ၁၂၅ ဦး ကြိုတင်မဲပေး

**တောင်ငူ နိုဝင်ဘာ ၃**

တောင်ငူအကျဉ်းထောင်မှ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အချုပ်သား ၁၂၅ဦးသည် နိုဝင်ဘာ ၃ ရက်က ကြိုတင်ဆန္ဒမဲပေးခြင်း ဆောင်ရွက်သည်။

အဆိုပါ ကြိုတင်ဆန္ဒမဲများကောက်ယူရာတွင် အကျဉ်းထောင်မှာ အကြောင်းအမျိုးမျိုးကြောင့် အချုပ်ကျခံလျက်ရှိသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်အမျိုးသား ၁၁၄ ဦး နှင့် အမျိုးသမီး ၁၁ ဦးကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ် -၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့်အညီ ကြိုတင်မဲပေးနိုင်ရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တောင်ငူမြို့နယ်အတွင်း အသက် ၆၀ နှင့်အထက် ကြိုတင်ဆန္ဒမဲ ပေးချင်သူများအတွက် စာရင်းကောက်ခံပြီး ရွှေ့လျားစနစ်ဖြင့် ကြိုတင်မဲများ ကောက်ခံခြင်း၊ အသက် ၆၀နှင့်အထက် ကြိုတင်ဆန္ဒမဲများကို ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကောက်ခံလျက်ရှိကြောင်း၊ သတ်မှတ်ရက်များတွင် ကြိုတင်ဆန္ဒမဲပေးရန်အကျုံးဝင်သည့် မဲဆန္ဒရှင်ပြည်သူများ၊ အသွားအလာကန့်သတ်ထားသည့် နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူနေရသည့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးနိုင်မည့် အခွင့်အရေးမဆုံးရှုံးစေရန် သတ်မှတ်နေရာများအလိုက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးနှင့်နေအိမ်များတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။ တောင်ငူမြို့နယ်အနေဖြင့် ရပ်ကွက်/ ကျေးရွာ အုပ်စု ၆၄ အုပ်စုတွင် မဲရုံပေါင်း ၁၉၃ ရုံထားရှိမည်ဖြစ်ကာ ဆန္ဒမဲပေးနိုင်သူဦးရေ ၁၉၀၀၀၀ ကျော်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။ **သူရ (တောင်ငူ)**

# ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**ထက်လျှံ၊ ဓာတ်ပုံ - ဇော်မင်းလတ်**

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး** ။ ။ ကိုဗစ်–၁၉ ဖြစ်ပွားမှုဟာ တဖြည်းဖြည်း ကာလရှည်ကြာလာတာနဲ့ အမျှ အကန့်အသတ်တွေနဲ့ နေထိုင်ကြရတဲ့ ပြည်သူတွေအကြားမှာ ငြီးငွေ့မှုတွေ၊ စိတ်ပျက် အားငယ်မှုတွေလည်း ဖြစ်လာနေကြမှာပါ။

ဒါပေမယ့် ဒီလိုမျိုး ရင်ဆိုင်ကြုံတွေ့လာရတာဟာ ကမ္ဘာနဲ့တစ်ဝန်းမှာ ဖြစ်ပေါ်နေတာကြောင့် မိဘပြည်သူတွေအနေနဲ့ အတတ်နိုင်ဆုံး စိတ်ရှည်သည်းခံမှုနဲ့ တောင့်ခံရင်း၊ ဒီကပ်ရောဂါကာလကို ရင်ဆိုင်ဖြတ်ကျော်သွားနိုင်ဖို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အားပေးစကားပြောကြားရင်း တိုက်တွန်းထားတာကိုလည်း မိဘပြည်သူတွေအသိပဲ ဖြစ်ပါတယ်။

ယခုဆိုရင် ရောဂါကူးစက်ပြန့်ပွားမှု အများဆုံးဖြစ်နေတဲ့ ရန်ကုန်တိုင်းဒေသကြီးမှာလည်း အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်လာနိုင်နေပြီ ဖြစ်တာကြောင့် ပြည်သူလူထုအနေနဲ့ အခုလက်ရှိအခြေအနေတွေအတိုင်း ဆက်လက်ထိန်းသိမ်းရင်း နေထိုင်သွားကြမယ်ဆိုရင် ကာလတစ်ခုမှာ ကိုဗစ်ရောဂါကို လုံးဝထိန်းချုပ်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

မကြာခင် ရက်ပိုင်းအတွင်းမှာဆိုရင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကိုလည်း ကျင်းပပြုလုပ်တော့မှာဖြစ်တဲ့အတွက် ပြည်သူတွေအကြား ကပ်ရောဂါကြီးနဲ့ပတ်သက်လို့ စိုးရိမ်ပူပန်မှုအနည်းဆုံးနဲ့ ကျန်းမာရေးနဲ့အညီ မဲပေးနိုင်ဖို့အတွက် ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေနဲ့အတူ ရွေးကောက်ပွဲတာဝန်ရှိသူတို့က ဆောင်ရန် / ရှောင်ရန်အချက်တွေကို ရှင်းလင်းပြောကြားဖြေကြားပေးသွားကြမှာ ဖြစ်ပါတယ်။

ဒီနေ့ရဲ့ မေးခွန်း မေးမြန်း / ဖြေကြားဆွေးနွေးမှုမှာ **ဆရာကြီးပါမောက္ခဒေါက်တာစိုးလွင်ငြိမ်း [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်]၊ ဆရာဦးဝင်းဦးခိုင် [ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်] တို့နဲ့အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် ဆရာမကြီး ဒေါက်တာသန္တာလွင် [ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါ နှိမ်နင်းရေးဌာနခွဲ)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန]** က ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီနေ့ရဲ့ ဆွေးနွေးမှုမှာပါဝင်ပြီး အချိန်ပေးပြီး ဖြေကြားဆွေးနွေးပေးတဲ့အတွက် ဆရာကြီး၊ ဆရာမကြီးတို့ကို အထူးကျေးဇူးတင်ပါတယ်။ ဒီနေ့ဆွေးနွေးမှုမှာ ရွေးကောက်ပွဲကလည်း မကြာခင်ကျင်းပပြုလုပ်တော့မှာဖြစ်တဲ့အတွက် ရွေးကောက်ပွဲမှာ ကျန်းမာရေးနဲ့အညီ မဲပေးနိုင်ဖို့အတွက် ဘယ်လိုမျိုးဆောင်ရန် / ရှောင်ရန်တွေရှိမလဲဆိုတာကို ဆွေးနွေးပေးဖို့အတွက် ဆရာမကြီးကနေ ဦးဆောင်ဆွေးနွေးပေးဖို့အတွက် ဖိတ်ခေါ်အပ်ပါတယ်။

**ဒေါက်တာသန္တာလွင်** ။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မတို့ ဒီကနေ့ ဆွေးနွေးမယ့် အရေးကြီး တဲ့ Topic က ရွေးကောက်ပွဲ မကြာခင်မှာ ကျင်းပတော့မှာဖြစ်တဲ့အတွက် ကိုဗစ် – ၁၉ ကပ် ရောဂါကလည်း ဖြစ်ပွားနေတယ်။ ဒါကြောင့် ဒီကူးစက်ရောဂါ ဖြစ်ပွားနေစဉ်အတွင်းမှာ ရွေးကောက်ပွဲကို အောင်မြင်စွာ၊ ဘေးကင်းစွာ၊ စိတ်ချယုံကြည်စွာနဲ့ ကျင်းပနိုင်ဖို့အတွက် ကျွန်မတို့မှာ မေးခွန်းတွေ လက်ခံရရှိထားပါတယ်။ ဦးစွာပထမ ကျွန်မ ဆရာကြီးပါမောက္ခဒေါက်တာစိုးလွင်ငြိမ်းကို ဖိတ်ခေါ်ချင်ပါတယ်။ ဆရာကြီး ဆွေးနွေးပေးပါ။

**ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း** ။ ။ နိုင်ငံတကာမှာ ကိုဗစ် – ၁၉ ကပ်ရောဂါကြီး ဖြစ်ပွားနေစဉ်အတွင်းမှာပဲ နိုင်ငံတော်တော်များများက ရွေးကောက်ပွဲတွေ ကျင်းပနေတယ်။ ဒါကြောင့် အဲဒီ ရွေးကောက်ပွဲအတွေ့အကြုံတွေနဲ့ မြန်မာနိုင်ငံမှာ ကျင်းပမယ့်အခြေအနေတွေကို နှိုင်းယှဉ်ပြီး ဆွေးနွေးပေးပါလို့ မေးမြန်းထားတာ ဖြစ်ပါတယ်။

နိုင်ငံတကာရဲ့ ကိုဗစ် – ၁၉ ဖြစ်ပွားနေစဉ်အတွင်းမှာ နိုင်ငံတကာမှာရွေးကောက်ပွဲတွေ ကျင်းပရတာနဲ့ ပတ်သက်ပြီး ဆန်းစစ်လေ့လာမှုတွေအရ နိုင်ငံတော်တော်များများက ရွေးကောက်ပွဲကျင်းပဖို့ စနစ်တကျ ပြင်ဆင်ထားပြီး ရွေးကောက်ပွဲကို ဆောင်ရွက်နေတာ ရှိပါတယ်။ ဒီနေ့အထိ နိုင်ငံပေါင်း ၇၇ နိုင်ငံမှာ ရွေးကောက်ပွဲကို အောင်မြင်စွာ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒီအထဲမှာ အာရှ – ပစိဖိတ်ဒေသကြီးက ၂၄ ဒသမ ၇ ရာခိုင်နှုန်းပါဝင်ပြီး အာရှနိုင်ငံတွေအနေနဲ့ဆိုရင် ၁၀ နိုင်ငံမှာ ရွေးကောက်ပွဲ ကို အောင်အောင်မြင်မြင် ကျင်းပပြီးဖြစ်ပါတယ်။

နိုင်ငံတိုင်းကလည်း ရွေးကောက်ပွဲကျင်းပတဲ့အခါမှာ ပြည်သူလူထုရဲ့ ကျန်းမာရေးထိခိုက်မှုမရှိအောင် အတတ်နိုင်ဆုံးပြင်ဆင်ပြီး ဆောင်ရွက်တယ်။ မဲပေးတဲ့သူတွေအတွက် ကျန်းမာရေးနဲ့ပတ်သက်ပြီး ဘာမှစိုးရိမ်ကြောင့်ကြမှုမရှိအောင် စီစဉ်ပြီးဆောင်ရွက်လျက်ရှိတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံကလည်း ဒီအတွေ့အကြုံတွေပေါ်မှာ မူတည်ပြီး ပြင်ဆင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ရောဂါကူးစက်နိုင်ခြေရှိတဲ့ အရာအားလုံးကို ကြိုတင်ကာကွယ်တဲ့နည်းစနစ်ကို ကျင့်သုံးပြီး ဆောင်ရွက်ပါတယ်။ တချို့နိုင်ငံတွေက နိုင်ငံအတွင်းမှာ ကိုဗစ်ရောဂါကူးစက်မှု မြင့်မားနေတဲ့ အခြေအနေတွေရှိပါတယ်။ တချို့နိုင်ငံတွေကျတော့လည်း ရောဂါဖြစ်ပွားမှုက တနေရာမှာ၊ အခြေအနေတစ်ခုမှာ တန့်နေပါတယ်။ အဲဒီလို အခြေအနေမျိုးမှာရှိတဲ့ နိုင်ငံတော်တော်များများက နိုင်ငံတကာမှာ ရွေးကောက်ပွဲကို ကျင်းပခဲ့တာဖြစ်ပါတယ်။

သူတို့ အဓိက ကျင်းပတဲ့အချိန်မှာ တစ်ဖက်ကလည်း နိုင်ငံအတွင်းမှာရှိတဲ့ ကိုဗစ်ရောဂါ ဖြစ်ပွားနေမှုကို ထိန်းချုပ်နေတဲ့ ကုသရေးနဲ့ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲစစ်ဆေးတာတွေ၊ အနီးကပ်ထိတွေ့တဲ့သူတွေကို ရှာဖွေတာတွေ၊ Social Distancing တွေ၊ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေတာတွေ ဒါတွေဆောင်ရွက်နေသလို ကုသမှုအပိုင်းမှာလည်း အားထည့်ပြီး ဆောင်ရွက်နေသလို တစ်ဖက်ကလည်း ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေမှာ **ကာကွယ်ဆေးနဲ့ ကုသဆေး** မပါတဲ့ ကိုဗစ်ရောဂါ ထိန်းချုပ်ရေးနည်းလမ်းတွေကို သူတို့ကျင့်သုံးပြီး ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

ဒီလို ဆောင်ရွက်တဲ့အတွက်ကြောင့် ၇၇ နိုင်ငံမှာ ရွေးကောက်ပွဲပြီးတဲ့ကာလ ကိုဗစ်ရောဂါ ကူးစက်ပြန့်ပွားမှုအခြေအနေတွေကို ပြန်လည်ပြီး သုံးသပ်တဲ့အခါ တစ်နိုင်ငံလုံး ကာကွယ်၊ ကုသရေး လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့အချိန်မှာ ရွေးကောက်ပွဲအတွက် ပိုမိုသေချာစေချာကြပ် ကြည့်ရှုပြီး ရောဂါထိန်းချုပ်ရေးလုပ်ငန်းတွေကို တစ်ဦးချင်း၊ တစ်ဦးချင်းကို ဆောင်ရွက်နိုင်တဲ့အတွက်ကြောင့် ရွေးကောက်ပွဲရဲ့ တုံ့ပြန်မှုတွေကိုရရှိပြီး ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်တယ်ဆိုတာကို သုတေသနစာတမ်းတွေအရ တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး လိုက်နာဆောင်ရွက်ရမယ့်ကိစ္စတွေ၊ လမ်းညွှန်ချက်တွေကို နိုင်ငံတကာရဲ့ အတွေ့အကြုံတွေရော၊ ပြည်တွင်းရောဂါထိန်းချုပ်မှု အနေအထားတွေပေါ်မှာ မူတည်ပြီး လမ်းညွှန်ချက်တွေ ချမှတ်ဆောင်ရွက်ထားပါတယ်။ ချမှတ်ထားတဲ့ လမ်းညွှန်ချက်တွေကို ဆန္ဒမဲပေးကြမယ့် ပြည်သူတစ်ဦးချင်းအနေနဲ့လည်းကောင်း၊ နောက်မဲရုံတွေမှာ စနစ်တကျတာဝန်ယူပြီး ဆောင်ရွက်မယ့် ပုဂ္ဂိုလ်တွေအနေနဲ့ လည်းကောင်း၊ ပြည်သူလူထုတွေအနေနဲ့လည်းကောင်း ဝိုင်းဝန်းပြီး ဆောင်ရွက်မယ်ဆိုရင် နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံမှာ ကျင်းပမယ့် ရွေးကောက်ပွဲကလည်း ပြည်သူလူထုအတွက် ကျန်းမာရေးဆိုင်ရာလုံခြုံမှုရှိပြီး အောင်မြင်တဲ့ရွေးကောက်ပွဲတစ်ခု ဖြစ်လာပါလိမ့်မယ်။

နောက်မေးခွန်းတစ်ခုက ရွေးကောက်ပွဲကာလမှာ လူအများနဲ့ မဲဆွယ်စည်းရုံးတာတွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေကို လိုက်နာဆောင်ရွက်မှု အားနည်းနေတဲ့အတွက်ကြောင့် ဒီရောဂါတွေက ပိုမိုပြီး ကူးစက်လာနိုင်မလားဆိုပြီး မေးထားပါတယ်။

ဒါက ခုန ကျွန်တော် ဆွေးနွေးသလိုပါပဲ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်တွေကို တိတိကျကျ လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ မဲဆွယ်စည်းရုံးခြင်းသာမက ဘယ်လိုလူစုလူဝေး အခြေအနေမျိုးဖြစ်ဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ ဆောင်ရွက်မယ်ဆိုရင် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ ရောဂါထိန်းချုပ်ဖို့အတွက်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကျွန်တော် ခုနက ဆွေးနွေးသလို ဆေးနဲ့ ဆေးဝါးမပါတဲ့ ကာကွယ်ထိန်းချုပ်နည်းကို အားဖြည့်ပြီး ဆောင်ရွက်နေပါတယ်။

Non–Pharmaceutical Interventions က သုံးမျိုးရှိပါတယ်။ Personal Non–Pharmaceutical Interventions မှာ လူတစ်ဦးချင်းက လက်ဆေးတာတို့၊ နှာချေ / ချောင်းဆိုးတဲ့အခါမှာ လက်ကိုင်ပဝါ / တစ်ရှူး အုပ်ပြီးဆိုးတာတို့၊ Social Distancing လို့ခေါ်တဲ့ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေတာတို့၊ Mask တပ်တာတို့စသဖြင့် ဒီလိုလုပ်ငန်းတွေကို လိုက်နာဆောင်ရွက်ရမယ်။ ရွေးကောက်ပွဲမှာလည်း မဲရုံအတွင်းမှာရော၊ မဲရုံပြင်ပမှာပါ ဒါတွေကို တစ်ဦးချင်းအတွက် ပြင်ဆင်တဲ့သူတွေက ရောဂါကူးစက်မှုမရှိအောင် စနစ်တကျစီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

Community Non–Pharmaceutical Interventions လို့ခေါ်တဲ့ လူထုက လိုက်နာဆောင်ရွက်ရမယ့်ကိစ္စတွေပါ။ ဒါကအထူးသဖြင့် ကျွန်တော် ခုနက ဆွေးနွေးခဲ့သလို လူစုလူဝေးနဲ့ အခမ်းအနားကြီးတွေ ဆောင်ရွက်တာတို့ ဒါတွေက Mass Gathering လို့ခေါ်ပါတယ်။ အဲဒီမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ အရေအတွက်အတိုင်း ဆောင်ရွက်မယ်ဆိုရင် ရောဂါကူးစက်မှုကို ထိန်းချုပ်ပြီးသားဖြစ်ပါလိမ့်မယ်။ နောက်ဒီလိုပဲ Community Non–Pharmaceutical Interventions မှာ စက်ရုံ / အလုပ်ရုံကိစ္စတွေ၊ လူအများစုဝေးပြီး ဆောင်ရွက်ရတဲ့အားကစားကိစ္စတွေ စသဖြင့် ဒီလိုမျိုး ထိန်းချုပ်တာတွေလည်းပဲ ရှိပါတယ်။

Environmental Non–Pharmaceutical Interventions က အိမ်မှာ လေဝင်လေထွက် ကောင်းအောင်၊ မဲရုံတွေမှာ စနစ်တကျ လေဝင်လေထွက်ကောင်းအောင်၊ အလင်းရောင်ရအောင် စနစ်တကျ ဆောင်ရွက်ထားတယ်။ ပိုးမှန်သန့်ရှင်းရေး ဆောင်ရွက်ထားတယ်။ ဒီလိုမျိုး ဆောင်ရွက်ခြင်းအားဖြင့် ကိုဗစ်ရောဂါ ကူးစက်မှုကို ထိန်းချုပ်နိုင်ပါတယ်။

အတွေ့အကြုံတွေအရ Non – Pharmaceutical Interventions လို့ခေါ်တဲ့ ဆေးဝါးမပါဘဲ ကာကွယ်ထိန်းချုပ်နည်းကို တိတိကျကျသာ လိုက်နာဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ တစ်ပတ်အတွင်းမှာ ကူးစက်မှုကို ၆၀ ရာခိုင်နှုန်းအထိ ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကာလမှာ စနစ်တကျ ပိုမိုပြီး

*စာမျက်နှာ ၁၇ သို့*



ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ်တွင် ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်း၊ ဦးဝင်းဦးခိုင် [ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်] နှင့် ဒေါက်တာသန္တာလွင်တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

**“ နိုင်ငံတကာမှာ ကိုဗစ် - ၁၉ ကပ်ရောဂါကြီး ဖြစ်ပွားနေစဉ်အတွင်းမှာပဲ နိုင်ငံ တော်တော်များများက ရွေးကောက်ပွဲတွေ ကျင်းပနေတယ်။ ဒါကြောင့် အဲဒီ ရွေးကောက်ပွဲ အတွေ့အကြုံတွေနဲ့ မြန်မာနိုင်ငံမှာ ကျင်းပမယ့် အခြေအနေတွေကို နှိုင်းယှဉ်ပြီး ဆွေးနွေး ပေးပါလို့ မေးမြန်းထား ”**

**“ ရွေးကောက်ပွဲကာလမှာ လူအများနဲ့ မဲဆွယ်စည်းရုံးတာတွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေကို လိုက်နာဆောင်ရွက်မှု အားနည်းနေတဲ့အတွက်ကြောင့် ဒီရောဂါတွေက ပိုမိုပြီး ကူးစက်လာနိုင်မလား ”**

*စာမျက်နှာ ၁၆ မှ*

စောင့်ကြပ်ကြည့်ရှုတဲ့ ကာကွယ်ထိန်းချုပ်လုပ်ငန်းတွေဟာ ကျွန်တော် ဆွေးနွေးခဲ့သလို Hawthorne Effect လို့ခေါ်တဲ့ ပုံမှန်ကာကွယ်ထိန်းချုပ်တဲ့လုပ်ငန်းတွေပေါ်မှာ ထပ်ပိုးပြီး အကျိုးကျေးဇူးတွေ ရရှိမှာဖြစ်တဲ့အတွက်ကြောင့် ရောဂါကာကွယ်ထိန်းချုပ်မှုတွေဟာ ပိုမိုပြီး ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဥပမာ – Mask တပ်တာကအစ ရွေးကောက်ပွဲမှာ ပုံမှန်တပ်နေတဲ့ Surgical Mask တွေထက် ပိုပြီးကာကွယ်နိုင်တဲ့ KN95 Surgical Mask တွေကို သက်ဆိုင်ရာ မဲရုံတွေမှာ စီစဉ်ထားတဲ့အတွက်ကြောင့် တခြားသူကိုလည်း ရောဂါကူးစက်နိုင်မှာကို ပိုမိုဟန့်တားနိုင်မယ်။ သူများဆီက ရောဂါကူးစက်မှုကိုလည်း ဟန့်တားနိုင်မယ်။ အခုချိန်မှာ Mask တပ်တာဆိုရင် ရောဂါကာကွယ်ရုံသာမက တစ်ယောက်နဲ့တစ်ယောက် လေးစားမှုကိုပြတာလည်း ဖြစ်ပါတယ်။

Mask တပ်တဲ့အတွက်ကြောင့် အိမ်တစ်အိမ်မှာ သံသယရောဂါလက္ခဏာရှိတဲ့ လူတစ်ယောက်ရှိရင်တောင် အဲဒီမိသားစုကို ၇၉ ရာခိုင်နှုန်းလောက် ကာကွယ်ပေးနိုင်တယ်ဆိုတဲ့ သုတေသနရရှိချက်တွေလည်း ရှိပါတယ်။ မဲရုံအပြင်မှာလည်း တစ်ယောက်နဲ့တစ်ယောက် ကူးစက်မှုမရှိအောင် အဖွဲ့အစည်းအသီးသီးနဲ့ ကြိုတင်ပြီး စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

**ဒေါက်တာသန္တာလွင်** ။ ။ ဆရာကြီး ဆွေးနွေးသွားတဲ့အတွက် မဲဆွယ်စည်းရုံးတဲ့အချိန်နဲ့ မဲပေးတဲ့အချိန်မှာရော ကျွန်မတို့အနေနဲ့ လိုက်နာရမယ့်ကိစ္စတွေကို ပြည်သူတွေ အားလုံးသိသွားအောင် ဒီကနေ့ ဆွေးနွေးပွဲကနေ ပြောပြပေးနိုင်ပြီလို့ ထင်ပါတယ်။ ဆက်လက်ပြီး ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ဆရာဦးဝင်းဦးခိုင် လက်ခံရရှိထားတဲ့ မေးခွန်းတွေနဲ့ ပတ်သက်ပြီး ဖြေကြားပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဦးခိုင်** ။ ။ ဒီမှာလက်ခံရရှိထားတဲ့ မေးခွန်းက ကျွန်တော်က အသက် ၅၀ ကျော်၊ ဆီးချိုကလည်းရှိတော့ ကျွန်တော့် ကျန်းမာရေးအတွက် စိတ်ပူပါတယ်။ ရောဂါမကူးစေရေး၊ ကြိုတင်ကာကွယ်ထားမှုတွေကို သိလိုပါတယ်ဆိုပြီး မေးထားတဲ့ မေးခွန်းကို တွေ့ရပါတယ်။

အဲဒီတော့ ကော်မရှင်နဲ့ ကော်မရှင်ရုံးအနေနဲ့ တင်ပြရမယ်ဆိုရင် ဒီနှစ်က ဥပဒေပြဋ္ဌာန်းချက်အရလည်း ရွေးကောက်ပွဲကျင်းပရမယ့်နှစ် ဖြစ်နေပါတယ်။ ကိုဗစ်–၁၉ ဖြစ်ပွားတဲ့အချိန် ပထမလှိုင်းမှာ အခြေအနေကို ကျွန်တော်တို့ စောင့်ကြည့်ပြီး ထိန်းနိုင်တဲ့အနေအထားဖြစ်ပြီ၊ နောက်တစ်ခုက ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေအရ ရွေးကောက်ပွဲကျင်းပမယ့်ရက်ကို စပြီးကြေညာလိုက်ပါတယ်။

ကြေညာပြီးတဲ့အချိန်မှာပဲ ကိုဗစ်ဒုတိယလှိုင်းက စပြီးဖြစ်ပွားလာတော့ တဖြည်းဖြည်း ကျယ်ပြန့်လာပါတယ်။ ရွေးကောက်ပွဲကလည်း မဖြစ်မနေ ကျင်းပရမယ်ဆိုတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ဖို့လိုတယ်ဆိုပြီး သုံးသပ်ပါတယ်။ ကျွန်တော်တို့က မဲရုံလုပ်ငန်းစဉ်ကို သရုပ်ပြလုပ်ပါတယ်။ ဒီအပေါ်မှာ မူတည်ပြီး သူတို့ရဲ့ သုံးသပ်ချက် ထွက်လာပါတယ်။

Contact များတဲ့နေရာ၊ Risk များတဲ့နေရာတွေနဲ့ ပတ်သက်ပြီး ဘာတွေဆောင်ရွက်မယ်၊ ဘယ်လိုလုပ်မယ်ဆိုပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ စံလုပ်ငန်းလမ်းညွှန်တွေကို ရေးပေးတယ်။ ကျွန်တော်တို့ရဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေနဲ့ ကိုက် / မကိုက် နှစ်ဖက်ညှိနှိုင်းပြီး ဒါဆိုရင် ဒီလိုလုပ်ဖို့သင့်တယ်ဆိုပြီး ကျွန်တော်တို့ ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို တင်ပြလိုက်ပါတယ်။

တင်ပြပြီးတော့ မဲရုံအတွက် နောက်ထပ်တကယ့်လိုအပ်ချက်က ဘာလဲ၊ လက်တွေ့မှာ ဘယ်လိုရှိမလဲ၊ လက်ရှိမှာဖြစ်နေတဲ့ ကိုဗစ် – ၁၉ အခြေအနေနဲ့ ဘာတွေဆက်လုပ်ဖို့ လိုသလဲဆိုပြီး တကယ့်မဲရုံလုပ်မယ့်နေရာမှာ သရုပ်ပြတယ်။ ကြည့်လိုက်ရင် မဲရုံအတွင်းမှာ ဆောင်ရွက်ရမယ့်အပိုင်းတွေ ရှိတယ်။ မဲရုံအပြင်မှာ ဆောင်ရွက်ရမယ့်အပိုင်းတွေရှိတယ်။ ကျွန်တော်တို့ ဒီမှာသရုပ်ပြလိုက်တဲ့အခါ မဲရုံအတွင်းမှာ လိုအပ်တာက ပထမဆုံးမဲရုံအတွင်း စဝင်တာကစပြီး မဲရုံလုံခြုံရေးနဲ့ စထိတွေ့မယ်။ ပြီးရင် မဲစာရင်း စစ်ဆေးသူနဲ့ ထိတွေ့မယ်။ မဲလက်မှတ်ထုတ်ပေးသူနဲ့ ထိတွေ့မယ်။ ဆန္ဒပြုတဲ့နေရာမှာ ဆန္ဒပြုတဲ့ တံဆိပ်တုံးတွေ ကိုင်မိတာရှိတယ်။

ပထမ၊ ဒုတိယအကြိမ်မှာ ကျွန်တော်တို့က တွေ့ရှိတဲ့အပေါ် မူတည်ပြီး ကော်မရှင်ရဲ့ အစီအစဉ် နဲ့ မဲရုံအဝင်မှာ Hand Gel နဲ့ လက်ကို ဆေးဖို့၊ တစ်ဦးချင်းအတွက် ပလတ်စတစ် လက်အိတ်တွေထုတ်ပေးဖို့ ဆောင်ရွက်ပါတယ်။ တကယ်လက်တွေ့လုပ်ကြည့်တဲ့အခါ ဒီလောက်နဲ့ မလုံလောက်ဘူး။ လက်တွေ့ဘာတွေ ထပ်လုပ်ဖို့လိုသလဲဆိုတော့ Hand Gel ထက် Hand Spray က ပိုပြီးအဆင်ပြေတယ်ဆိုပြီး မဲရုံအဝင်မှာ Hand Spray ဖျန်းဖို့ရယ်၊ နောက်တစ်ခါ Surgical Gloves တွေပေးဖို့ရယ်၊ N95 Mask ထုတ်ပေးဖို့ရယ် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ညွှန်ကြားတဲ့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဒါကို ပူးပေါင်းပြီး စီစဉ်ဆောင်ရွက်ပေးပါတယ်။

တကယ့်လက်တွေ့ မဲရုံလုပ်မယ့် ဒီဘက်က ဥတ္တရသီရိမြို့နယ်ထဲက မဲရုံတစ်ရုံကို သွားပြီး ကျွန်တော်တို့ လက်တွေ့စမ်းသပ်ပါတယ်။ စမ်းသပ်ပြီး ဆောင်ရွက်လိုက်တဲ့အခါ မဲရုံအတွင်းအပြင် မဲရုံအပြင်ဘက်မှာလည်း လိုအပ်တဲ့အနေအထားတွေကို တွေ့ရပါတယ်။ မဲရုံအပြင်ဘက်မှာ လူစုလူဝေးမဖြစ်ဖို့၊ ကိုဗစ် – ၁၉ ကာကွယ်ရေးနည်းလမ်းနဲ့အညီ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာနေဖို့တွေ၊ စနစ်တကျတန်းစီဖို့တွေအတွက် အထွေထွေအုပ်ချုပ်ရေးဌာနက စီမံပေးတဲ့ဝန်ထမ်းတစ်ဦး၊ ကိုယ်အပူချိန်တိုင်းဖို့အတွက် ပညာရေးဝန်ကြီးဌာနက သူ့ရဲ့ Non – contact Infrared Thermometer နဲ့အတူ ပညာရေးဝန်ထမ်းတစ်ဦး၊ နောက် Mask တွေ ဖြန့်ဝေဖို့၊ လက်ဆေးမယ့် Hand Spray တွေ ဖျန်းဖို့အတွက် ကျန်းမာရေးဝန်ထမ်းတစ်ဦး၊ သုံးဦးနဲ့ အပြင်မှာ အဖွဲ့ တစ်ဖွဲ့ ဖွဲ့ပေးပါတယ်။

ကျွန်တော်တို့ ကိုယ်အပူချိန် တိုင်းတဲ့အဖွဲ့ရယ်၊ နောက်တစ်ခါ Hand Spray ဖျန်းတဲ့အဖွဲ့တွေ က ၂ နာရီခွဲ တစ်ကြိမ်လဲနိုင်ဖို့အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့ကပေးတဲ့ Volun–teer တစ်ဦးစီ ထပ်ပေးတယ်။ အဲဒီတော့ မဲရုံအပြင်မှာ ၅ ဦးအဖွဲ့နဲ့ ကျန်းမာရေးကို ကြိုတင်ကာကွယ်ဖို့အတွက် ကျွန်တော်တို့ လုပ်ထားပါတယ်။ အတွင်းထဲမှာ ကျွန်တော်တို့ မဲရုံအဖွဲ့ရှိပါတယ်။ ပုံမှန်ဆိုရင် ၁၀ ယောက် ရှိပါတယ်။ မဲရုံကနေ မဲပေးပြီး၊ ဆန္ဒပြုပြီးလို့ ပြန်ထွက်တဲ့အခါ လက်မှာ မင်တို့ဖို့အတွက် လုပ်တဲ့အချိန်မှာ Hand Spray နဲ့ဆိုရင် သတ်မှတ်ထားတဲ့ အချိန်ကာလအတွင်းမှာ ပြီးနိုင်ဖို့ နည်းနည်းလေး အခက်အခဲရှိတဲ့အတွက် အဲဒီမှာ မဲရုံအဖွဲ့ဝင်တစ်ယောက် တိုးလိုက်ပါတယ်။

တာဝန်ကျတဲ့ မဲရုံအဖွဲ့အားလုံးသည်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့ ကိုဗစ် –၁၉ ရောဂါကာကွယ်ရေး နည်းလမ်းတွေအတိုင်းပဲ အားလုံးက KN95 Mask ပါမယ်။ Surgical Gloves ပါမယ်။ Face Shield တွေပါမယ်။ နောက်ပြီး မဲရုံမှူး၊ ဒုမဲရုံမှူးနဲ့ အဖွဲ့ကတော့ ရှေ့က Apron ပါမှာ ဖြစ်ပါတယ်။

မဲရုံဝင်ခါနီး ကိုယ်အပူချိန် တိုင်းလိုက်တဲ့အချိန်မှာ ကိုယ်အပူချိန်မြင့်နေရင် ဘယ်လိုစီစဉ် ဆောင်ရွက်မလဲဆိုတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ စီမံထားပါတယ်။ ကိုယ်အပူချိန်မြင့်နေရင် မဲရုံထဲဝင်ပြီး မဲပေးတာ မလုပ်ခိုင်းပါဘူး။ သူ့ကို မဲပေးဖို့အတွက် မဲရုံအပြင်မှာ အခန်းသပ်သပ် လုပ်ပေးထားပါတယ်။ အဲဒီအခန်းမှာ သူ့ကို ထားမယ်။ ဒုတိယမဲရုံမှူးက သူ့ဆီ လာမယ်။ သူနဲ့ တိုက်ရိုက်ထိတွေ့ခြင်းမရှိဘဲ သူ့ရဲ့ Voter Slip တို့၊ မှတ်ပုံတင်တို့ကို ယူမယ်။

ယူပြီးရင် မဲရုံအထဲကို ဒုမဲရုံမှူးပဲ ဝင်မယ်။ ဝင်ပြီးတော့ လိုအပ်တဲ့ မဲလက်မှတ်တွေ ယူမယ်။ သူ့ဆီပြန်လာမယ်။ မဲလက်မှတ်ကို သူ့ကိုပြမယ်။ သူ့ရဲ့ဆန္ဒအတိုင်း ဒုမဲရုံမှူးက ဆန္ဒပြုပေးမယ်။ ပြီးရင် ဒုမဲရုံမှူးပဲ အဲဒီမဲလက်မှတ်ကို မမြင်အောင်ခေါက်ပြီး ယူသွားမယ်။ မဲပုံးထဲ ထည့်ပေးမယ်။ မဲပုံးထဲထည့်တာကိုလည်း မဲဆန္ဒရှင်က မြင်သာတဲ့နေရာ၊ ပြတင်းပေါက် သို့မဟုတ် ခန်းမအဝင် အပေါက်တွေက၊ လူအားလုံးနဲ့ ဝေးတဲ့နေရာကနေ ကြည့်ပေးမယ်။

ပြီးရင်တော့ သူ့ကို မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုကော်မတီကို အပ်နှံလိုက်မှာ ဖြစ်ပါတယ်။ အပ်နှံပြီး ကုသရေးအတွက် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မဲရုံအတွင်း၊ မဲရုံ အပြင်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ၊ ကိုဗစ် – ၁၉ ကာကွယ်ရေးဆိုင်ရာ နည်းလမ်းတွေနဲ့အညီ ကျွန်တော်တို့က အားလုံးဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ အဲဒီစည်းကမ်းတွေအတိုင်း လိုက်နာမယ်ဆိုရင်တော့ စိတ်ချလက်ချမဲပေးနိုင်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။

**ဒေါက်တာသန္တာလွင်** ။ ။ ဆွေးနွေးတင်ပြပေးတဲ့ ဆရာဦးဝင်းဦးခိုင်ကို ကျေးဇူးတင်ပါတယ်။ နောက်ဆုံး ကျွန်မအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနကနေ ကူးစက်ရောဂါ ဖြစ်ပွားနေတဲ့အချိန်မှာ ပြုလုပ်ရမယ့် ရွေးကောက်ပွဲအောင်မြင်ဖို့အတွက် ကျွန်မတို့ ဌာနအနေနဲ့ စီမံဆောင်ရွက်ထားတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး မေးထားတဲ့ မေးခွန်းတွေကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မေးခွန်းတစ်ခုက ရွေးကောက်ပွဲမှာ တာဝန်ကျတဲ့ အထူးရဲတွေကို ရောဂါပိုး ရှိ / မရှိ စစ်ဆေးပေးတယ်။ ပညာရေးဝန်ထမ်းတွေကိုရော စစ်ဆေးပေးမှာလား။ ရောဂါမကူးအောင် ဘာတွေလုပ်ရမလဲဆိုတဲ့ မေးခွန်းတစ်ခုရှိပါတယ်။ နောက်မေးခွန်းက ဆရာဦးဝင်းဦးခိုင်ဖြေသွားတဲ့ ကျွန်တော် သေချာပေါက် မဲသွားပေးမှာပါ။ ဒါပေမယ့် ကျွန်တော့်မှာ အသက်လည်း ၅၀ ကျော်ပြီ၊ ဆီးချိုရောဂါ လည်း ရှိတယ်။ ဒါဆိုရင် ကျွန်တော် ဘာတွေ ကြိုတင်ကာကွယ်ရမှာလဲ သိလိုပါတယ်။ နောက်မေးခွန်းတစ်ခုက ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေတဲ့အချိန်မှာ ရွေးကောက်ပွဲအတွက် ဘာတွေပြင်ဆင်ထားလဲ၊ ပြည်သူတွေသိအောင် ပြောပြပေးပါဆိုတာ ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို တစ်စုတည်း ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပထမဆုံးမေးထားတဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ အထူးရဲတွေကို ကိုဗစ်–၁၉ ရောဂါပိုး ရှိ/မရှိစစ်ဆေးပေးပါတယ်။ ဒါပေမယ့်ကျွန်တဲ့မဲရုံမှာတာဝန်ချထားမယ့် မဲရုံဝန်ထမ်းတွေ၊ ပညာရေးဌာနကရော၊ ကျန်းမာရေးဌာနကပါ တာဝန်ချထားမယ့် စေတနာ့ဝန်ထမ်းတွေလည်း ရှိပါတယ်။

အဲဒီလူတွေကို စစ်ဆေးပေးမှာမဟုတ်ဘဲ တာဝန်ချထားတဲ့ ဝန်ထမ်းတွေအားလုံးကို လုံလောက်တဲ့ တစ်ကိုယ်ရေအကာအကွယ်ပစ္စည်းတွေကို ဝတ်ဆင်ပေးစေခြင်းဖြင့် ရောဂါကူးစက်ခြင်းမရှိအောင် ကာကွယ်သွားမှာ ဖြစ်ပါတယ်။ ဒီလိုပဲ မဲလာပေးမယ့် မဲဆန္ဒရှင်တွေကလည်း နှာခေါင်းနဲ့ ပါးစပ်ကို KN 95 Mask ဝတ်ဆင်ပြီးမှ မဲရုံအတွင်းဝင်ပြီးတော့ မဲပေးရမှာ ဖြစ်ပါတယ်။

ဒါကြောင့် အပြန်အလှန်ကာကွယ်ထားပြီးဖြစ်တဲ့အတွက် လုံခြုံစိတ်ချစွာမဲပေးနိုင်ဖို့ ကျွန်မတို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ ကိုဗစ် – ၁၉ ဖြစ်ပွားမှုများပြားနေတဲ့ မြို့နယ်တွေဆိုရင် မဲဆန္ဒရှင်တွေကို KN 95 Mask အပြင် Face Shield ပါ ထုတ်ပေးပြီးတော့မှ မဲပေးဖို့အတွက် စီစဉ်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်ပံ့ပိုးပြီး အကြံတွေပြုခဲ့သလဲဆိုတာကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဇွန်လကတည်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ စတင်ညှိနှိုင်းဆွေးနွေးပွဲတွေ၊ မဲရုံကို ဘယ်လိုကျင်းပကြမယ်၊ မဲပေးဖို့ ဘယ်လိုဆောင်ရွက်ကြမယ်ဆိုတဲ့ Demonstration တွေ လုပ်ပြီး အဆင့်ဆင့်ဆွေးနွေးညှိနှိုင်းပြီးတဲ့အခါမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေးအထောက်အကူပြု ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။

အဲဒီဗဟိုကော်မတီရဲ့အောက်မှာ တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုကော်မတီတွေကို ဆက်လက်ဖွဲ့စည်းထားပါတယ်။ ဗဟိုအဆင့်ကော်မတီမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး လိုအပ်တဲ့စံလုပ်ငန်းလမ်းညွှန်တွေကို ထုတ်ပြန်တဲ့အခါမှာလည်း ကိုဗစ်– ၁၉ ကပ်ရောဂါ ဖြစ်ပွားနေတဲ့အချိန်ဖြစ်တဲ့အတွက် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို တင်ပြပြီး ကျွန်မတို့ရဲ့ စံလုပ်ငန်းလမ်းညွှန်တွေကို အပိုင်း(၁) မဲဆွယ်စည်းရုံးရေးနဲ့ ပတ်သက်လို့ လည်းကောင်း၊ အပိုင်း(၂) အနေနဲ့ ရွေးကောက်ပွဲဆိုင်ရာမှာ မည်ကဲ့သို့ ကျန်းမာရေးနှင့် ညီညွတ်ပြီး ကူးစက်ရောဂါကို ကာကွယ်နိုင်ဖို့အတွက် ဆောင်ရွက်ရမလဲဆိုတာတွေကို ပြဋ္ဌာန်းပြီး ထုတ်ပြန်ခဲ့ပါတယ်။ ဒီလုပ်ငန်းလမ်းညွှန်တွေကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ဝက်ဘ်ဆိုက်တွေမှာ ဖော်ပြထားပြီး ဖြစ်ပါတယ်။

ဒီလုပ်ငန်းလမ်းညွှန်တွေကို မဲရုံတွေမှာ တာဝန်ပေးထားတဲ့ မဲရုံဝန်ထမ်းတွေက အတိအကျ လိုက်နာဖို့အတွက် သင်တန်းတွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရပ်ကျေးအထိကို ရပ်ကျေးကော်မရှင်အဖွဲ့ခွဲတွေကနေ တစ်ဆင့် အဆင့်အဆင့် သင်တန်းတွေ ပေးပြီးဖြစ်သလို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ပေးမယ့် ကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေ၊ ခုနက ဆရာဦးဝင်းဦးခိုင်ပြောသွားတဲ့ အပြင်စည်းနဲ့ အတွင်းစည်းမှာရှိမယ့် အဖွဲ့တွေကို ဘယ်လိုလိုက်နာရမလဲဆိုတာတွေကို ဗဟိုအဆင့်ကနေ သင်တန်းပေးပါတယ်။ တိုင်းဒေသကြီး / ပြည်နယ်အဆင့်နဲ့ မြို့နယ်အဆင့်ဆင့်ကို အောက်တိုဘာလကုန် ၃၁ ရက်မှာအပြီး သင်တန်းပေးပြီး ဖြစ်ပါတယ်။

ဒီလို ဆင့်ပွားသင်တန်းတွေ ပေးပြီးတဲ့နောက်မှာ သူတို့ တကယ်အသုံးပြုရမယ့် တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းတွေကိုလည်း ကျွန်မတို့ ဖြန့်ဖြူးပေးပြီး ဖြစ်ပါတယ်။

*စာမျက်နှာ ၁၈ သို့*

- **ရွေးကောက်ပွဲမှာ တာဝန်ကျတဲ့ အထူးရဲတွေကို ရောဂါပိုး ရှိ / မရှိ စစ်ဆေးပေးတယ်။ ပညာရေးဝန်ထမ်းတွေကိုရော စစ်ဆေးပေးမှာလား။ ရောဂါမကူးအောင် ဘာတွေလုပ်ရမလဲ ဆိုတဲ့ မေးခွန်းတစ်ခုရှိပါတယ်**
- **ကျွန်တော် သေချာပေါက် မဲသွားပေးမှာပါ။ ဒါပေမယ့် ကျွန်တော့်မှာ အသက်လည်း ၅၀ ကျော်ပြီ၊ ဆီးချိုရောဂါလည်း ရှိတယ်။ ဒါဆိုရင် ကျွန်တော် ဘာတွေ ကြိုတင်ကာကွယ်ရမှာလဲ သိလိုပါတယ်**
- **ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားနေတဲ့အချိန်မှာ ရွေးကောက်ပွဲအတွက် ဘာတွေပြင်ဆင်ထားလဲ၊ ပြည်သူတွေသိအောင် ပြောပြပေးပါ ဆိုတာ**

“ကျွန်တော်က အသက် ၅၀ ကျော်၊ ဆီးချိုကလည်းရှိတော့ ကျွန်တော့် ကျန်းမာရေးအတွက် စိတ်ပူပါတယ်။ ရောဂါမကူးစေရေး၊ ကြိုတင်ကာကွယ်ထားမှုတွေကို သိလိုပါတယ်ဆိုပြီး ”

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဈ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

*စာမျက်နှာ ၁၇ မှ*

ရောဂါဖြစ်ပွားနေတဲ့ အချိန်ဖြစ်တဲ့အတွက် မဲရုံနေရာ ရွေးချယ်တာကအစ ကျွန်မတို့ရဲ့ လုပ်ငန်းလမ်းညွှန်ထဲမှာ ဖော်ပြပါရှိတာက လေဝင်လေထွက်ကောင်းပြီး နေရာ ကျယ်ဝန်းတဲ့ နေရာမျိုးကို ရွေးချယ်ဖို့ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းတွေကို အများစုရွေးချယ်တာ ဖြစ်ပါတယ်။

အဲဒီလို ရွေးချယ်ထားတဲ့နေရာတွေကို အသုံးပြုပြီး မဲရုံတည်ဆောက်ဖို့အတွက် ဖြစ်ပါတယ်။ ပြီးတော့ အဝင်တစ်လမ်း၊ အထွက်တစ်လမ်း ရှိရမယ်။ တကယ်လို့ မဲရုံကို မဲလာပေးတဲ့ ဆန္ဒရှင်တွေက အလွန်များတယ်ဆိုရင် အဆိုင်းခွဲပြီး လမ်းတွေကို လိုင်းအလိုက် သတ်မှတ်ဖို့ စီစဉ်ထားပါတယ်။

ဒီလိုင်းတွေမှာ တန်းစီမယ့်လူတွေကလည်း တစ်ဦးနဲ့ တစ်ဦး ထိကပ်နေလို့မဖြစ်တဲ့အတွက် စုဝေးမှုမဖြစ်အောင် လည်း ခြောက်ပေစီခြားပြီးတော့မှ အမှတ်အသားတွေ ပြုပြီး မဲပေးနိုင်ဖို့ စီစဉ်ထားတာ ဖြစ်ပါတယ်။ ဒီမှာ အလွန်အရေးကြီးတာက အမှိုက်တွေ၊ Mask တွေကို လွှင့်ပစ်လို့ မဖြစ်တဲ့အတွက် အဖုံးပါတဲ့ အမှိုက်ပုံးတွေ ချထားပေးဖို့အတွက်ကို စီစဉ်ထားတာ ဖြစ်ပါတယ်။

မဲရုံကို အသုံးမပြုခင် ပြင်ဆင်နေတဲ့အချိန်မှာ ပိုးသတ်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ဖို့ ကြိုတင်ပြီး စီစဉ်ထားပါတယ်။ ကျွန်မတို့ ကျန်းမာရေးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်ရမယ့် ပုဂ္ဂိုလ်တွေဆိုရင်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတွေရဲ့ အမည်တွေ၊ ဖုန်းနံပါတ်တွေကို ကျွန်မတို့ရဲ့ စံလုပ်ငန်းလမ်းညွှန်ထဲမှာ ထည့်သွင်းပြီး ချိတ်ဆက်ဆောင်ရွက်ဖို့ စီစဉ်ထား ပါတယ်။

အရေးအကြီးဆုံးအချက်က ပညာပေးပိုစတာတွေကို မဲရုံအဝင်ဝတွေမှာ ကပ်ထားပေးဖို့ မဲရုံတိုင်းမှာ စီစဉ် ထားတာ ဖြစ်ပါတယ်။ မဲရုံဝန်ထမ်းတွေအနေနဲ့ တာဝန် ထမ်းဆောင်ဖို့ မဲရုံကိုလာတဲ့ အချိန်၊ မဲပေးမယ့်နံနက်မှာ သူသည် ချောင်းဆိုးနေတယ်၊ ဖျားနေတယ်၊ နောက်ပြီး ဖျားနေတဲ့သူ မိသားစုထဲမှာရှိပြီး ထိတွေ့မှုရှိတယ်။ ဒါမှမဟုတ်ရင် အသွားအလာကန့်သတ်ထားတဲ့သူတွေနဲ့ ထိတွေ့မှုရှိတယ်။ ဒါမှမဟုတ် ကိုဗစ် - ၁၉ ခတ်ခွဲ အတည်ပြုလူနာတွေနဲ့ ထိတွေ့မှုရှိတယ်။ ဒီလို အခြေ အနေမျိုးရှိခဲ့ရင် မဲရုံမှူးကို ခွင့်တိုင်ကြားပြီး တာဝန် လာရောက်ထမ်းဆောင်ခြင်းမပြုဖို့ လိုအပ်ပါတယ် ဆိုတာကို ကျွန်မဖြေကြားလိုပါတယ်။

ဝန်ထမ်းတွေအားလုံးက ထုတ်ပေးထားတဲ့ တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းတွေကို မှန်ကန်စွာဝတ်နိုင်ဖို့ လိုအပ်ပါတယ်။ Mask ကို သေသေ ချာချာတပ်ဖို့ ကျွန်မတို့မှာ ပိုစတာတွေလည်း ရှိတယ်။ ဗီဒီယိုလည်း ရိုက်ထားပါတယ်။ အဲဒီအတိုင်း မှန်ကန်စွာ အသုံးပြုဖို့ လိုပါတယ်။ Face Shield ကိုလည်း မှန်ကန်စွာ တပ်ဖို့၊ Gloves ကိုလည်း မှန်ကန်စွာသုံးဖို့ လိုအပ်ပါတယ်။

နေ့လယ်ထမင်းစားချိန်မှာ ခဏဖြုတ်ခဲ့မယ်ဆိုရင် လည်း သေသေချာချာ စွန့်ပစ်ပြီး အသစ်ပြန်လည် အသုံးပြုဖို့ လုံလောက်အောင် ပစ္စည်းထုတ်ပေးနိုင်ဖို့ စီစဉ်ထားတာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ထားမယ် ဆိုရင် ကျွန်မတို့ရဲ့ မဲရုံဝန်ထမ်းတွေဘက်ကလည်း လုံခြုံ စိတ်ချစွာ တာဝန်ထမ်းဆောင်နိုင်မယ်လို့ ကျွန်မယုံကြည် ပါတယ်။

အခြားတစ်ဖက်က မဲဆန္ဒရှင်တွေကလည်း ကျွန်မတို့ ထုတ်ပေးတဲ့ KN95 Mask ကို သုံးပြီး ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ လမ်းညွှန်ချက်အတိုင်း မှန်ကန်တိကျစွာ အသုံးပြုပြီး ဆောင်ရွက်သွားမယ်ဆိုရင် လုံခြုံစိတ်ချစွာ မဲပေးနိုင်မှာ ဖြစ်ပါတယ်။

နောက်ကျွန်မတို့ ကျန်းမာရေးအပိုင်းက တာဝန်ရှိတဲ့ အပိုင်း နှစ်ချက် ကျန်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ မဲပေးပြီးလို့ အကုန်လုံးပြန်သွားလို့ မဲရုံပိတ်ပြီးတဲ့အချိန်၊ မဲရေတွက်ရမှာ ဖြစ်ပါတယ်။ မဲရေတွက်ခြင်းလုပ်ငန်း တွေကိုလည်း စနစ်တကျ ဆောင်ရွက်ရမှာ ဖြစ်တယ်။ မဲရေတွက်တဲ့ ပုဂ္ဂိုလ်တွေအကုန်လုံးလည်း KN95 Mask၊ Face Shield နဲ့ Surgical Gloves တွေကို မဖြစ်မနေ ဝတ်ဆင်ပြီးမှ မဲရေတွက်ရမှာ ဖြစ်တယ်။ တစ်ဦးနဲ့ တစ်ဦး ခြောက်ပေအကွာအဝေးထားပြီး ရေတွက်ရမယ်။ လိုအပ် ရင် Hand Sanitizer Spray နဲ့လည်း လက်ကို မကြာခဏ သန့်စင်ပြီး စီစဉ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အဲဒီအချိန်မှာ အုပ်စုတစ်ခုရှိပါတယ်။ မဲရုံအတွင်းမှာ မဲရုံဝန်ထမ်းအပြင်၊ မဲဆန္ဒရှင်တွေအပြင် မဲပေးတဲ့အချိန်မှာ စောင့်ကြည့်နေမယ့်ပါတီက ပုဂ္ဂိုလ်တွေ၊ လာရောက် လေ့လာသူတွေကလည်း ကျွန်မတို့ သတ်မှတ်ပေးထားတဲ့ တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းတွေကို ဝတ်ဆင် ပြီး ခြောက်ပေစီခြားပြီးမှ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ မဲရေတွက်တဲ့အချိန်မှာလည်း ဒီပုဂ္ဂိုလ်တွေသည် ဒီလို စည်းမျဉ်း စည်းကမ်းတွေကို လိုက်နာပြီး စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

မဲပေးပြီးတဲ့အခါ၊ မဲရေတွက်မှုလုပ်ငန်းတွေ အကုန်လုံးပြီးသွားတဲ့အခါ ကျွန်မတို့အနေနဲ့ ပိုးသတ်ခြင်း လုပ်ငန်းကိုလည်း စနစ်တကျဆောင်ရွက်သွားဖို့ လုပ်ငန်း လမ်းညွှန်မှာ ဖော်ပြထားပြီး ဖြစ်ပါတယ်။ မဲရုံဝန်ထမ်း တွေရော၊ စေတနာ့ဝန်ထမ်းတွေရော ဒီလုပ်ငန်းလမ်းညွှန် အတိုင်း အတိ အကျ ဆောင်ရွက်သွားကြမယ်ဆိုရင် ပြည်သူတွေအားလုံးသည် စိတ်ချယုံကြည်စွာ ရွေးကောက်ပွဲမှာ မဲပေးနိုင်မယ်ဆိုတာကို ယုံကြည်ပါ တယ်။ ရွေးကောက်ပွဲကလည်း ဒီအစီအမံတွေနဲ့ အောင်မြင်စွာ ကျင်းပနိုင်မယ်လို့ ယုံကြည်ကြောင်း တင်ပြလိုပါတယ်။

ဒီနေ့မှာ ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ မေးခွန်းတွေကို ရွေးထုတ်ပြီး ဖြေကြားခဲ့တာ ဖြစ်ပါတယ်။ ဒီနေ့ အစီအစဉ်မှာ ဖြေကြားပေးတဲ့ ဆရာကြီး ပါမောက္ခ ဒေါက်တာ ဦးစိုးလွင်ငြိမ်းနဲ့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ညွှန်ကြားရေးမှူး ဆရာဦးဝင်းဦးခိုင်တို့ကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်ရှင်။ ။

# မင်္ဂလာတောင်ညွန့်မြို့နယ်တွင် နေအိမ်အတွင်း ဝင်ရောက်၍ ခိုးမှုကျူးလွန်သူတစ်ဦးကို အချိန်တိုအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၃**

မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ၁၂၄ လမ်း လေးလွှာ အမှတ်(၂၅)နေ တရားလို ဒေါ်-----သည် နိုဝင်ဘာ ၂ ရက် မွန်းတည့် ၁၂ နာရီခန့်က ဈေးဝယ်အပြီး နေအိမ်သို့ပြန်လာစဉ် နေအိမ်အိပ်ခန်းအတွင်းရှိ ခုတင်ပေါ်မှ tablet ဖုန်းတစ်လုံး၊ ဗီရိုအတွင်းမှ အမေရိကန်ဒေါ်လာ ၈၀၀၀၊ မြန်မာငွေကျပ် သိန်း ၃၀၀ နှင့် ၁၀ ကျပ် သားရှိ ရွှေအတုံးနှစ်တုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၆၆၇ သိန်းတို့မှာ ပျောက်ဆုံးနေသဖြင့် မင်္ဂလာ တောင်ညွန့်မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်း ခဲ့သည်။

အဆိုပါအမှုမှ ပြစ်မှုကျူးလွန်သူအား စုံစမ်း ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် အရှေ့ပိုင်း ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်မှုခင်းနှိမ်နင်းရေး ဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် မင်္ဂလာတောင်ညွန့် မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အခင်း ဖြစ်ရပ်နှင့် ပတ်ဝန်းကျင်အား စုံစမ်းဆောင်ရွက် ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ တရားလို၏နေအိမ်၌ အိမ်အကူအဖြစ် လုပ်ကိုင်ခဲ့ဖူးသော ရန်ကင်း မြို့နယ်နေ ဇင်မာနိုင်(ခ)မော်ရန်း ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ၎င်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ည ၁၁ နာရီ မိနစ် ၄၀ ခန့် တွင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်း ရပ်ကွက် ၁၂၄ လမ်းထိပ်၌ သက်သေခံပစ္စည်း ငွေကျပ်သိန်း ၂၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ကာ ကျန်သက်သေခံ ပစ္စည်းများအား ၎င်း၏ နေအိမ်မှ ပြန်လည်သိမ်းဆည်း ရရှိပြီးဖြစ်၍ ဇင်မာနိုင်(ခ)မော်ရန်းကို ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား



ပြစ်မှုကျူးလွန်သူ ဇင်မာနိုင်(ခ)မော်ရန်းအား သက်သေခံ ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# ပွင့်ဖြူမြို့နယ် မုန်းချောင်းတွင် လက်လှော်လှေတစ်စင်း နစ်မြုပ်မှုဖြစ် အမျိုးသမီးတစ်ဦး ရေစီးနှင့်အတူ မျောပါပျောက်ဆုံး

**ပွင့်ဖြူ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအနီး မုန်းချောင်း တွင် ယနေ့ နံနက် ၇ နာရီ ၅၅ မိနစ်ခန့် က ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာ နေ လှေထိုးသား ဦးစန်းလွင်ဦးသည် မမြနှင်းအေး(ခ) အပုလေး ၊ မနီနီဝင်း၊ မအေးသီရိ ၊ မမြအေး ၊ မဝင်းမာအေး တို့ စီးနင်းလိုက်ပါ၍ မုန်းအနောက် ဘက် စိုက်ခင်းသို့ အလုပ်လုပ်ရန် လက်လှော်လှေတစ်စင်းဖြင့် သွား ရောက်ပို့ဆောင်ရာ မုန်းချောင်း ရေလယ်ကျော်တွင် ရုတ်တရက် လှေနစ်မြုပ်မှု ဖြစ်ပွားခဲ့ပြီး အမျိုး သမီးတစ်ဦး ရေစီးနှင့်အတူ မျောပါ ပျောက်ဆုံးကြောင်း ပွင့်ဖြူမြို့မရဲစခန်း မှ သိရသည်။

အဆိုပါ လှေနစ်မြုပ်သည့် နေရာ သို့ ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင် သီဟဦးဆောင်သော ရှာဖွေကယ်ဆယ် ရေးတပ်ဖွဲ့ဝင် ငါးဦး၊ နယ်မြေရဲတပ်ဖွဲ့ ဝင်များ၊ ကျေးရွာရှိ ရေကျွမ်းကျင်သော ပြည်သူများနှင့် ပူးပေါင်း၍ စက်လှေ နှစ်စင်းနှင့်အတူ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လှေထိုးသား ဦးစန်းလွင်ဦးနှင့်အတူ လှေပေါ်တွင် စီးနင်းလိုက်ပါလာသော အမျိုးသမီးလေးဦးအား အသက်ရှင် လျက် ကယ်ဆယ်ပေးနိုင်ခဲ့ပြီး မမြနှင်းအေး(ခ) အပုလေးမှာ မုန်းချောင်းအတွင်း ရေစီးနှင့်အတူ နစ်မြုပ်မျောပါ ပျောက်ဆုံးသွား သဖြင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့က ဆက်လက်ရှာဖွေလျက် ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင် သီဟက ပြောသည်။

ရဲဝင်းနိုင်
(ပြန်/ဆက်)

# နောင်ချိုမြို့နယ် ခြေမြစ်ပင် ကိုဗစ်-၁၉စစ်ဆေးရေးဂိတ်ကို တွဲကားယာဉ်အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိရာ တာဝန်ထမ်းဆောင်နေသည့် ယာဉ်ထိန်းတစ်ဦးနှင့် အရပ်သားတစ်ဦးသေဆုံး

**နောင်ချို နိုဝင်ဘာ ၃**

ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ခြေမြစ်ပင် ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်ကို နိုဝင်ဘာ ၂ ရက် ည ၇ နာရီက နောင်ချိုမြို့ဘက်မှ မန္တလေးဘက်သို့ ဦးမြင့်သိန်း မောင်းနှင်လာသော တွဲကားယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိုက်မှုဖြစ်ပွားကာ တာဝန်ထမ်းဆောင်နေသည့် ယာဉ်ထိန်းတစ်ဦးနှင့် အရပ်သားတစ်ဦးကို တိုက်မိ ခဲ့ရာ အရပ်သားတစ်ဦးမှာ အခင်းဖြစ်သည့် နေရာတွင် သေဆုံးသွားပြီး တာဝန်ကျ ယာဉ်ထိန်းမှာ ဒဏ်ရာများရရှိခဲ့သဖြင့် နောင်ချိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ကုသမှုခံယူခဲ့ပြီး ၎င်းမှတစ်ဆင့် ပြင်ဦးလွင်ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူယာဉ်ထိန်းမှာ ရဲအရာခံ ဦးယွမ်းမောင်းဖြစ်ပြီး အရပ်သားတစ်ဦးမှာ HMV ကားဂိတ်မှ ယာဉ်မောင်း ကိုကျော်စိုးဝင်းတို့ ဖြစ်သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း ဦးမြင့်သိန်းအား ဥပဒေအရ အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းသန်းထွေး(ပြန်/ဆက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် ၃၂၂ စီး၊ သွင်းကုန် ၁၇၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၀၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂ ရက်က မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၀၀ သန်းတန်ဖိုးရှိ ဒေါင်းတောင်အနီးတွင် စုပုံရပ်တန့်ထားသည့် တရားဝင် အထောက်အထားတင်ပြနိုင်ခြင်းမရှိသော မော်တော်ဆိုင်ကယ် Honda Pal (Used) C/O # Japan နှစ်စီး၊ Honda Dream (Used) C/O # Thai တစ်စီးနှင့် Yamaha GT (Used) C/O #Thai တစ်စီး စုစုပေါင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လေးစီးကို သိမ်းဆည်းရမိကြောင်း သိရသည်။

**သတင်းစဉ်**



## မြို့သစ်မြို့ သနန်ကျေးရွာအနီးရှိ ဆားချောင်းတံတား ယာယီလမ်းလွှဲဖောက်လုပ်မှုပြီးစီးတော့မည်

**မြို့သစ် နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မြို့သစ်မြို့ သနန်ကျေးရွာအနီးရှိ ဆားချောင်းတံတားချဉ်းကပ်လမ်းသည် မိုးသည်းထန်စွာရွာမှုကြောင့် ပြိုကျခဲ့သည့်အတွက် မြို့သစ်မြို့လမ်းဦးစီးဌာနမှ ယာယီလမ်းလွှဲဖောက်လုပ် လျက်ရှိရာ မကြာမီပြီးစီးတော့မည် ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဆားချောင်းတံတား လမ်းလွှဲဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ မြို့သစ်မြို့လမ်းဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးထင်အောင်ဇော်က "လမ်းလွှဲတံတားကို ဒီနေ့စလုပ်နေပြီ။ သနန်ဘက်အခြမ်း ချဉ်းကပ်လမ်းကတော့ သဲကျောက်ချပြီးသွားပါပြီ။ အောင်ဇေယျဘက်အခြမ်း ချဉ်းကပ်လမ်းလည်း ဒီနေ့စလုပ်နေပြီ။ လမ်းလွှဲတံတားကို မနက်ဖြန်အပြီးဆောင်ရွက်ပါမယ်။ လမ်းလွှဲတံတားပြီးတာနဲ့ အောင်ဇေယျဘက်ခြမ်း ချဉ်းကပ်လမ်းကို သဲကျောက်ချပါမယ်။ လမ်းလွှဲတံတားပြီးတာနဲ့ လက်ရှိတံတားအဟောင်းကိုဖျက်ပြီးမှ ပြန်အသစ်ဆောက်မယ်။လမ်းလွှဲတံတားကတော့ ပိုင်ရိုက်ပါမယ်။ကားလေးတွေ သွားလို့ရအောင်နဲ့ လမ်းပန်းဆက်သွယ်ရေး မပြတ်အောင် ဆောင်ရွက်နေပါတယ်။ မနက်ဖြန်ညနေပိုင်းဆိုရင် သွားလို့ရပါပြီ" ဟု ပြောသည်။

အဆိုပါဆားချောင်းတံတားသည် တမူး-စေတီ-အောင်ဇေယျကားလမ်းမပေါ်တွင် သနန်ကျေးရွာနှင့် ဖိုင်လင်းကျေးရွာအကြား ဆားချောင်းပေါ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က တည်ဆောက်ခဲ့သော တံတားအရှည် ၃၅ ပေ၊ အကျယ် ၁၂ ပေရှိသစ်သားတံတားဖြစ်ပြီး နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာမှုကြောင့် ရေတိုက်စားပြီး ချဉ်းကပ်လမ်းပြိုကျမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယခုအခါ ဆားချောင်းတံတား ယာယီလမ်းလွှဲကိုပေ ၄၀၀ ကျော်ခန့် ဖောက်လုပ်၍ ချောင်းသဲကျောက်ခင်း၍ လမ်းလွှဲတံတားဆောက်ပြီး လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုဝင်ဘာ ၄ ရက် ညနေပိုင်းတွင် ဖြတ်သန်းသွားလာနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ထွန်းမင်းအောင်(ကဘော်မြေ)**

❒ *ကျောဖုံးမှ*

စပါးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၂၈ ပွဲပါဝင်ကစားထားပြီး ၆၃ ဂိုး သွင်းယူပေးထားနိုင်သော အလီသည် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စပါးအသင်းကို ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ရောက်ရှိအောင် ကူညီပေးထားနိုင်သူဖြစ်သည်။ မော်ရင်ညို၏ စပါးအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ခုနစ်ပွဲကစားပြီး လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၁၄ မှတ်ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်ထားနိုင်သည်။

အလီသည် နည်းပြမော်ရင်ညို၏ ကာလရှည် စီမံကိန်းတွင် အဓိကကဏ္ဍ၌ ပါဝင်လာမည် မဟုတ်ကြောင်း သတင်းများတွင် ဖော်ပြထားသည့်အတွက် ၎င်းအနေဖြင့် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမလား စိတ်ဝင်စားဖွယ်ရာပင်။ မိခင်နိုင်ငံ အင်္ဂလန်အသင်းအတွက် ၃၇ ပွဲပါဝင်ကစားထားသော အလီသည် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်း၌ အကောင်းဆုံးစွမ်းဆောင်ရည်များကို ပြသထားနိုင်သော်လည်း ဆောက်ဂိတ်၏ ကစားသမားစာရင်းတွင် ပါဝင်လာခဲ့ခြင်းမရှိချေ။ သို့သော်လည်း အလီအနေဖြင့် နွေရာသီယူရိုပြိုင်ပွဲအတွက် အင်္ဂလန်ကစားသမားစာရင်း၌ ၎င်း၏နေရာကိုရယူသွားရန် လက်လွှတ်ခံသွားမည်မဟုတ်ကြောင်း သိရသည်။ ထိုသို့ လက်လွှတ်မခံရရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန်ဖြစ်သည်။ ထို့ကြောင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလ၌ အငှားထွက်ကစားရန်မှာ ၎င်း၏ ဖြစ်နိုင်ဖွယ်ရာ အကောင်းဆုံးနည်းလမ်းဖြစ်သည့်အတွက် ပီအက်စ်ဂျီအသင်းအနေဖြင့် အလီကိုခေါ်ယူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ယနေ့နံနက် ၂ နာရီခွဲတွင် ချန်ပီယံလိဂ် အုပ်စုပွဲစဉ် (၃) အဖြစ် လိုက်ပ်ဇစ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အောင်ဇော်**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၁၁ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၅၅ | ကျပ် | ၅၃၅/၅၅၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၆၅ | ကျပ် | ၅၅၀/၅၇၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၅/၅၀၅ | ကျပ် | ၅၂၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၅/၆၁၅ | ကျပ် | ၆၅၀/၆၇၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၈၄ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၀၀ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၄၃ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၆၆ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၂၈ . ၅ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၁ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၂ . ၀၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၂၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၀၉ . ၁၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၃၅၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၈၀၀ | ၁၉၃၃ | ၁၉၀၅၆၁၀၀ |
| MTSH | ၃၆၅၀ | ၃၇၀၀ | ၄၀၁၉ | ၁၄၇၁၄၇၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၅၉ | ၄၈၃၈၀၀ |
| FPB | ၂၂၀၀၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၀၈၄ | ၁၃၇၃၀၄၀၀ |
| EFR | ၃၅၅၀ | ၃၅၅၀ | ၈၂၄ | ၂၉၂၅၂၀၀ |

**ခင်ရတနာ - စုစည်းသည်**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |



mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဥပဒေအတွေးရေးပါရစေ အပိုင်း(၂၄၂)

# ဥပဒေကို ရုပ်သိမ်းခြင်း



ဦးဟန်ညွှန့် (ဥပဒေ)

**ပြီးခဲ့သည့်အပတ်က**

ပြီးခဲ့သည့်အပတ်က ဥပဒေကို ပြင်ဆင်ခြင်းအကြောင်း တင်ပြရေးသားခဲ့ပြီး ဖြစ်ပါသည်။ ယခုတစ်ပတ်တွင် ဥပဒေကို ရုပ်သိမ်းခြင်းအကြောင်း ဆက်လက်တင်ပြပါရစေ . . . ။

**ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်**

ပြည်ထောင်စုရှေ့နေချုပ်ရုံးက ထုတ်ဝေဖြန့်ချိသော ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ်တွင် အပိုင်း (၉) ပိုင်း တင်ပြထားရာ အပိုင်း (၈) တွင် ဥပဒေကို ရုပ်သိမ်းခြင်းအကြောင်း ဖော်ပြထားပါသည်။ ဥပဒေကို ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ပြောင်းလဲသည့်အခြေအနေနှင့် လျော်ညီစေရန် ဥပဒေအသစ်ရေး၍ တည်ဆဲဥပဒေအဟောင်းကို ရုပ်သိမ်းလေ့ရှိပါသည်။ ဆက်လက်ကျင့်သုံးရန် မလိုတော့သဖြင့် ဥပဒေအသစ်ရေးခြင်းမပြုဘဲ တည်ဆဲဥပဒေကို ရုပ်သိမ်းခြင်းပြုလေ့ရှိပါသည်။

**မောင်ပျင်းရိ၏မေးခွန်း**

"ဥပဒေကို ရုပ်သိမ်းခြင်းနဲ့ပတ်သက်လို့ ဘယ်လိုအခြေအနေတွေမှာ ရုပ်သိမ်းနိုင်ပါသလဲ။ ဆရာကြီးအနေနဲ့ ဥပဒေရေးဆွဲရေး အတွေ့အကြုံများနဲ့ အညီ ကိုးကားပြီး ရှင်းပြပေးပါ" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက မေးမြန်းလာပါသည်။ သူ၏မေးမြန်းချက်နှင့် ပတ်သက်၍ စာရေးသူ၏အတွေ့အကြုံများနှင့် ပေါင်းစပ်လျက် ရှင်းလင်းရေးသားတင်ပြအပ်ပါသည်။

**အခြေအနေတစ်ရပ်ရပ်**

တည်ဆဲဥပဒေ တစ်ရပ်ရပ်သည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လာသည့်အခါ ထိုဥပဒေကို ရုပ်သိမ်းနိုင်သည်-




(က) နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဆန့်ကျင်ခြင်း၊
(ခ) နိုင်ငံတော်နှင့် နိုင်ငံသားများကို အကျိုးမပြုခြင်း၊
(ဂ) ပြောင်းလဲလာသည့် အခြေအနေနှင့် လုံးဝဆီလျော်မှုမရှိခြင်း၊
(ဃ) အချိန်ကာလ ကြာမြင့်စွာ ကျင့်သုံးမှုမရှိသည့်အပြင် အနာဂတ်ကာလတွင်လည်း ဆက်လက်ကျင့်သုံးရန်အကြောင်းမရှိခြင်း၊

တည်ဆဲဥပဒေတစ်ရပ်ရပ်သည် ပြောင်းလဲလာသည့် အခြေအနေနှင့် ဆီလျော်မှုရှိစေရန် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းနှင့် ပယ်ဖျက်ခြင်းတို့ပြုရာတွင် ပြင်ဆင်ချက်များမှာ မူလပြဋ္ဌာန်းချက်များ၏ ထက်ဝက်ကျော်နေပါက ပြင်ဆင်သည့်ဥပဒေဖြင့် ရေးဆွဲထုတ်ပြန်ခြင်း မပြုဘဲ ဥပဒေအသစ်ရေး၍ ဥပဒေအဟောင်းကို ရုပ်သိမ်းသည့် ရေးထုံးများလည်းရှိသည်။

**မောင်ပျင်းရိ၏မေးခွန်း**

"ဥပဒေမူကြမ်းရေးဆွဲတာနဲ့ ပတ်သက်လို့ သိကောင်းစရာအချို့ကို ကျွန်တော်တို့ "လူငယ်တွေ၊ အလုပ်သင်ရှေ့နေတွေ"ကို ဆက်ပြီးရေးပြ၊ ရှင်းပြပါဆရာကြီး" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ထပ်မံမေးမြန်းလာပါသည်။

**"ဥပဒေအသစ်ရေး၍ တည်ဆဲဥပဒေအဟောင်းကို ရုပ်သိမ်းသည့်အခါဖြစ်စေ၊ ဥပဒေအသစ်ရေးခြင်း မပြုဘဲ ဆက်လက်ကျင့်သုံးရန် မလိုတော့သဖြင့် တည်ဆဲဥပဒေကို ရုပ်သိမ်းသည့်အခါဖြစ်စေ၊ ဥပဒေပြဋ္ဌာန်းသည်နှင့်တစ်ပြိုင်နက် ရုပ်သိမ်းသည်များ ရှိသကဲ့သို့ ချက်ချင်းရုပ်သိမ်းခြင်း မပြုနိုင်သည့်ကိစ္စတွင် ကာလသတ်မှတ်၍ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်အရဖြစ်စေ ဖော်ပြပြီး ရုပ်သိမ်းသည့် ဥပဒေများလည်းရှိ"**

**ရေးဆွဲရေးလမ်းညွှန်**

ပြည်ထောင်စုရှေ့နေချုပ်ရုံးက ထုတ်ဝေသော ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ်ကို အခြေခံ၍ ကျွန်တော်၏ ဥပဒေရေးဆွဲရေးအတွေ့အကြုံအချို့ကို ရှင်းလင်းရေးသားပါမည်။ အကြမ်းအားဖြင့် အောက်ပါအတိုင်း ခေါင်းစဉ်များ ခွဲခြားနိုင်ပါသည်-

(၁) ဥပဒေအသစ်ရေးပြီး တည်ဆဲဥပဒေအဟောင်းကို ရုပ်သိမ်းခြင်း၊
(၂) ဥပဒေထုတ်ပြန်သည့်နေ့တွင် ချက်ချင်းရုပ်သိမ်းခြင်းမပြုသေးဘဲ အချိန်ကာလတစ်ခုမှစ၍ ရုပ်သိမ်းခြင်း၊
(၃) ဥပဒေထုတ်ပြန်သည့်နေ့တွင် ရုပ်သိမ်းခြင်း၊
(၄) ဥပဒေများအပြားကို တစ်ပေါင်းတည်းရုပ်သိမ်းခြင်း၊
(၅) ဥပဒေတစ်ခုချင်းကို ရုပ်သိမ်းခြင်းတို့ ဖြစ်ပါသည်။

**(၁) ဥပဒေအသစ်ရေးပြီး တည်ဆဲဥပဒေအဟောင်းကို ရုပ်သိမ်းခြင်း**

ပြောင်းလဲလာသော အခြေအနေအရ လက်ရှိတည်ဆဲဥပဒေမှာ အံဝင်ခွင်ကျမရှိသည့်အခါ ဖြစ်စေ၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါ ဖြစ်စေ၊ ပြောင်းလဲလာသည့် အခြေအနေနှင့် ကိုက်ညီသည့် ဥပဒေအသစ်ကိုရေးပြီး ထိုဥပဒေ၏နောက်ဆုံးပုဒ်မအဖြစ် လက်ရှိတည်ဆဲဥပဒေအဟောင်းကို ရုပ်သိမ်းကြောင်း ဖော်ပြလေ့ရှိပါသည်။

ဥပဒေအသစ်ရေးသည့်အခါ နောက်ဆုံးပုဒ်မတွင် မည်သည့်တည်ဆဲဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်ဟု ရေးရသည်။ ဤသို့ရုပ်သိမ်းရာ၌ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေကို ရုပ်သိမ်းပါက ရုပ်သိမ်း လိုက်သည့်ဥပဒေကို မူရင်းအင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရမည်။ မြန်မာဘာသာ ဖြင့် ပြဋ္ဌာန်းသောတည်ဆဲဥပဒေအမည်ကို မြန်မာဘာသာဖြင့် ဖော်ပြရသည်။ ရုပ်သိမ်းလိုက်သည့် ဥပဒေအမည်ကို ဖော်ပြရာ၌ မည်သည့် ဥပဒေပြုအဖွဲ့၊ ဥပဒေအမှတ်နှင့် ခုနှစ်တို့ကို ဖော်ပြသည့် ဥပဒေများလည်း ရှိသည်။

**(၂) ဥပဒေထုတ်ပြန်သည့်နေ့တွင် ချက်ချင်းရုပ်သိမ်းခြင်းမပြုသေးဘဲ အချိန်ကာလတစ်ခုမှစ၍ ရုပ်သိမ်းခြင်း**

ဥပဒေအသစ်ရေး၍ တည်ဆဲဥပဒေအဟောင်းကို ရုပ်သိမ်းသည့်အခါဖြစ်စေ၊ ဥပဒေအသစ်ရေးခြင်းမပြုဘဲ ဆက်လက်ကျင့်သုံးရန် မလိုတော့သဖြင့် တည်ဆဲဥပဒေကို ရုပ်သိမ်းသည့်အခါ ဖြစ်စေ၊ ဥပဒေပြဋ္ဌာန်းသည်နှင့် တစ်ပြိုင်နက် ရုပ်သိမ်းသည်များရှိသကဲ့သို့ ချက်ချင်းရုပ်သိမ်းခြင်း မပြုနိုင်သည့်ကိစ္စတွင် ကာလသတ်မှတ်၍ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ် အရဖြစ်စေ ဖော်ပြပြီး ရုပ်သိမ်းသည့် ဥပဒေများလည်းရှိသည်။

အချို့သောဥပဒေကို ထုတ်ပြန်သည်နှင့် ချက်ချင်းအကောင်အထည် မဖော်နိုင်သည့် ဥပဒေမျိုးတွင် ဥပဒေစတင်အာဏာတည်စေခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်ဟု ဖော်ပြလေ့ရှိသည်။ ဤသို့သော ဥပဒေမျိုးတွင် တည်ဆဲဥပဒေကို ပြဋ္ဌာန်းသည့်နေ့တွင် ရုပ်သိမ်းခြင်းမပြုဘဲ ပြဋ္ဌာန်းသည့်ဥပဒေအသစ် စတင်အာဏာတည်မှ ရုပ်သိမ်းသည့် ဥပဒေမျိုးလည်းရှိသည်။

**(၃) ဥပဒေထုတ်ပြန်သည့်နေ့တွင် ရုပ်သိမ်းခြင်း**

၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) ၌ "ဥပဒေ တစ်ရပ်ရပ်တွင် ယင်းဥပဒေ အာဏာတည်သည့်နေ့ရက်ကို အတိအလင်း သတ်မှတ်ထားခြင်းမရှိလျှင် ယင်းဥပဒေသည် နိုင်ငံတော်သမ္မတက ကြေညာသည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။" ဟူသော ပြဋ္ဌာန်းချက်အရ ရုပ်သိမ်းသည့်ဥပဒေတွင် စတင်အာဏာတည်ရမည့် နေ့ရက်ကို သတ်မှတ်ထားခြင်းမရှိလျှင် ရုပ်သိမ်းသည့်ဥပဒေကို ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ စတင်အာဏာတည်ပါသည်။ ဥပဒေလေ့လာသူတိုင်း သတိမူသင့်သောအချက်ဖြစ်ပါသည်။

**ရည်ညွှန်းစာအုပ်များ**

ဥပဒေရေးဆွဲခြင်းနှင့် စပ်လျဉ်း၍၊ ဥပဒေပညာရှင်များဖြစ်ကြသော ဝဏ္ဏကျော်ထင်ဦးလွန်းဖေ၊ ဆရာဦးဗကြိုင်၊ ဦးကျော်စိန်၊ ဦးစန်းလွင်နှင့် ကြည်ခင်(ဥပဒေ)တို့ ရေးသားပြုစုခဲ့သောစာအုပ် စာစောင်များကိုလည်း ရှာဖွေဖတ်ရှုစေလိုပါသည်။ ရည်ညွှန်းစာအုပ်စာစောင်များ ဖြစ်ပါသည်။

**လေ့လာစရာများ**

ဥပဒေအများအပြားကို တစ်ပေါင်းတည်း ရုပ်သိမ်းခြင်းနှင့် ဥပဒေတစ်ခုချင်းကို ရုပ်သိမ်းခြင်း ဟူ၍လည်း ရှိတတ်ပါသည်။ အဆိုပါအကြောင်းကို ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ် စာမျက်နှာ ၁၃၆ နှင့် ၁၃၇ တို့တွင် ရှာဖွေလေ့လာနိုင်ပါသည်။

**စေတနာ**

ဥပဒေကိုရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ထုတ်ဝေဖြန့်ချိသော ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ်ကို ရည်ညွှန်းကိုးကားပြီး တွေးခေါ်စဉ်းစားမိသော ကျွန်တော် ၏ စေတနာဥပဒေအတွေးမျှသာပါ . . . . ။ ။

---

**နိုင်ငံတကာအနုပညာသတင်းပဒေသာ**

## Baby Shark သီချင်းမှာ ယူကျူတွင် လူကြည့်အများဆုံးဗီဒီယိုဖြစ်

တောင်ကိုရီးယားကုမ္ပဏီ ပင့်ခ်ဖောင်းမှ အသံသွင်းခဲ့ပြီး ကလေးတို့နှစ်သက်တဲ့ သီချင်းတစ်ပုဒ်ဖြစ်တဲ့ Baby Shark သီချင်းဟာ အခုအချိန်ထိ ယူကျူမှ လူကြည့်အများဆုံး ဗီဒီယိုဖြစ်နေဆဲပါပဲ။ အဲဒီသီချင်းကို ဖွင့်ကြည့်သူပေါင်း ၇ ဒသမ ၀၄ ဘီလီယံရှိပြီး လူးဝစ် ဖွန်စီရဲ့ သီချင်းဖြစ်တဲ့ Despacito သီချင်းကြည့်ရှုသူ စံချိန်ကို ကျော်လွန်သွားပါတယ်။ ပင့်ခ်ဖောင်းကုမ္ပဏီဟာလည်း ယူကျူပေါ်မှာ Baby Shark သီချင်းတင်ထားတာနဲ့တင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ သန်း အမြတ်ငွေရရှိခဲ့ပါတယ်။ ယူကျူပေါ်မှာ ဒီသီချင်း လူကြိုက်များတာ လေးနှစ်တိုင်တိုင်ရှိခဲ့ပြီဖြစ်ပြီး လူကြိုက်အများဆုံး ထိပ်ဆုံးနေရာမှာ ရှိနေခဲ့ပါတယ်။ တကယ်တမ်း ဒီသီချင်းပေါ်ခဲ့တာကတော့ လေးနှစ်မကတော့ပါဘူး။ ပင့်ခ်ဖောင်းကုမ္ပဏီဟာ Baby Shark အကဆိုပြီး ကလေးနှစ်ဦးချစ်စဖွယ် ကပြနေတဲ့ ဗီဒီယိုကိုလည်း ဖန်တီးခဲ့ပါတယ်။ Baby Shark သီချင်းဟာ ကလေးတွေ နှစ်သက်တဲ့ သီချင်းတစ်ပုဒ်ဖြစ်လာခဲ့ပြီး ယူကျူမှာ လူကြည့်အများဆုံးဗီဒီယို ဖြစ်လာခဲ့ပါတယ်။

ဘီဘီစီ




## အဆိုတော် အက်ဒ်ရှီရန် ပရဟိတရန်ပုံငွေလေလံပွဲအတွက် ပန်းချီကားလှူဒါန်း

ဗြိတိန်အဆိုတော် အက်ဒ်ရှီရန် ပရဟိတလေလံပွဲအတွက် ပထမဦးဆုံးအကြိမ် အဖြစ် ၎င်းရဲ့ အနုပညာလက်ရာကို လှူဒါန်းခဲ့ပါတယ်။ ဆော့ဖ်ဖို့ခ်မြို့က အဆိုတော်တစ်ယောက်ရဲ့ပန်းချီကား လေလံတင်ရောင်းချတာတာဟာ အခုတစ်ကြိမ်ကတော့ ပထမဦးဆုံးအကြိမ်ပါပဲ။ အရောင်အသွေးစုံလင်လှတဲ့ အက်ဒ်ရှီရန်ရဲ့ ပန်းချီကားကို ဆော့ဖ်ဖို့ခ်မြို့လေလံဆွဲပွဲမှာ လေလံတင်ရောင်းချခဲ့ပါတယ်။ မွေးရပ်မြေက ကလေးတွေအတွက် အထောက်အပံ့ဖြစ်စေဖို့အတွက် ဒီလေလံပွဲကို ပြုလုပ်ခဲ့တာဖြစ်ပြီး ရရှိလာတဲ့အမြတ်ငွေနဲ့ ကလေးကစားကွင်းတွေ အဆင့်မြှင့်တင်ရာမှာ အသုံးပြုသွားမယ်လို့ သိရပါတယ်။ သူ့ရဲ့ပန်းချီကားကို Dab2 လို့ အမည်ပေးထားပြီး နိုဝင်ဘာ ၈ ရက်မတိုင်ခင်အချိန်ထိ လေလံပွဲကို ပြုလုပ်သွားမှာပါ။ သူ့ရဲ့ ပရိသတ်တွေကတော့ အက်ဒ်ရှီရန်ရဲ့ လက်ရေးအစစ်နဲ့ ရေးသားထားတဲ့ သီချင်းစာသားအပါအဝင် အခြားသော အက်ဒ်ရှီရန်ရဲ့ အမှတ်တရပစ္စည်းတွေကို ဝယ်ယူနိုင်ပါတယ်။ ဒေးဗစ်ဘက်ခမ်း၊ အူစိန်ဘော့နဲ့ ခိုင်လီ မင်နော့ခ် တို့ဟာလည်းသူတို့နဲ့ သက်ဆိုင်တဲ့အမှတ်တရပစ္စည်းတွေကို လေလံပွဲမှာလှူဒါန်းခဲ့တယ်လို့သိရပါတယ်။

စကိုင်းနယူး



အဆိုတော် အက်ဒ်ရှီရန် ပရဟိတရန်ပုံငွေလေလံပွဲတွင် လှူဒါန်းမည့် ပန်းချီကားဆွဲနေစဉ်။

# အရေပြားယားနာအကြောင်း သိကောင်းစရာ

ဒေါက်တာ အောင်ညွန့်ပိုင်

**အရေပြားယားနာနှင့် အေတိုးပစ်ယားနာ**

အရေပြားယားနာဆိုသည်မှာ ခန္ဓာကိုယ်တွင် ပေါ်သည့် ယားသောအနာဖြစ်သည်။ အင်္ဂလိပ်အခေါ်အားဖြင့် Eczema ဟု ခေါ်ကြသည်။ ယင်းအခေါ်အဝေါ်သည် ဂရိဘာသာစကားမှ ဆင်းသက်လာခြင်းဖြစ်သည်။ Dermatitis ဟူသော အင်္ဂလိပ်စကားလုံးနှင့် အဓိပ္ပာယ်ဆင်တူသည်။ အရေပြားယားနာများသည် ယားသောကြောင့် ကုတ်မိကာ အရေပြား ရောင်ရမ်းလာတတ်သည်။ အရေပြားယားနာသည် နီရဲပြီး အဖတ်ကွာသည့် ပုံစံဖြစ်လာနိုင်သကဲ့သို့ အဖုကလေးများထွက်ပေါ်သည့်ပုံစံဖြင့်လည်း လာနိုင်သည်။ နာတာရှည်လာပါက အရေပြားထူပြီး အဖတ်ကွာကျသည့်ပုံစံ၊ အနာဖေးတက်သည့်ပုံစံများ ဖြစ်လာနိုင်သည်။

ယားနာ အမျိုးမျိုးရှိသည့်အနက် Atopic Eczema ဟု ခေါ်သည့် အေတိုးပစ်ယားနာသည် အဖြစ်အများဆုံးပုံစံတစ်ခုဖြစ်သည်။ ၁၉၈၀ အစောပိုင်းမှ စတင်၍ အေတိုးပစ်ယားနာ ဖြစ်ပွားမှုနှုန်းသည် အင်္ဂလန်နိုင်ငံတွင် သိသိသာသာ မြင့်တက်လာခဲ့ပြီး အင်္ဂလန်နိုင်ငံရှိ ကျောင်းနေအရွယ် ကလေးများ၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းခန့်နှင့် အရွယ်ရောက်ပြီး သူများ၏ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းခန့်တွင် ဖြစ်ပွားကြသည်။

ယားနာကို ဆိုးစေသောအရာများမှာ ဝတ်မှုန် (pollen)၊ တိရစ္ဆာန်အမွေးအမှင်နှင့် ဖုန်မှုန့်ကောင်တို့ဖြစ်သည်။ ၎င်းတို့ကို Hallmark of Atopy ဟုပင် ခေါ်ကြသည်။ အေတိုးပစ်ရောဂါရှိသူများသည် ပန်းနာရင်ကျပ်ရောဂါ၊ အစားအစာနှင့် အခြားအခြားသော ဓာတ် မတည့်ခြင်းများနှင့် ယှဉ်တွဲဆက်စပ်လေ့ရှိသည်။ မိဘများ၏ မျိုးရိုးဗီဇရာဇဝင်တွင် ထိုသို့သောရောဂါများ ရှိပါက ကလေးများတွင် ယားနာဖြစ်ရန် အခွင့်အလမ်းပိုများသည်။

**ရောဂါကို ဆန်းစစ်ခြင်း**

အေတိုးပစ် အရေပြားယားနာရောဂါဟု သတ်မှတ်ရန် ရောဂါရာဇဝင်မေးရာတွင် အရေပြားယားယံခြင်း၊ အကွက်ထခြင်းအပြင် မိသားစုမျိုးရိုးရာဇဝင်၊ ပန်းနာရင်ကျပ်နှင့် ဓာတ်မတည့်ခြင်း ရာဇဝင်၊ အရေပြားခြောက်ခြင်း၊ ခန္ဓာကိုယ်ရှိ မြင်သာသော နေရာများဖြစ်သည့် နဖူး၊ ပါး၊ ခြေ၊ လက်များတွင် ယားနာများပေါ်ခြင်း၊ နှစ်နှစ်သားအရွယ်မှ စတင်၍ ယားနာဖြစ်ပေါ်ခြင်း စသည်တို့ကို သေချာဆန်းစစ်ရန် လိုအပ်သည်။



ကလေးငယ်တစ်ဦး၏လက်တွင် ဖြစ်ပွားသော အေတိုးပစ် ယားနာရောဂါ

**“အေတိုးပစ်ယားနာသည် ယားယံသဖြင့် ကုတ်ဖဲ့တတ်ကြသည်။ ထိုအခါ Staphylococcus aureus ၊ Herpes simplex ကဲ့သို့သော ရောဂါပိုးဝင်ကာ အေတိုးပစ်ယားနာကို ပိုဆိုးစေနိုင်သည်။ ထို့ကြောင့် အေတိုးပစ်ယားနာဝေဒနာရှင်များသည် မကုတ်ဘဲ ရေအေးဝတ် ကပ်ပေးခြင်း၊ ဆရာဝန်ညွှန်ကြားသော အယားပျောက်ဆေးများကို အသုံးပြုခြင်း၊ ကလေးငယ်များအား အာရုံပြောင်းအောင် ဆော့ကစားပေးခြင်း၊ ကာတွန်းကား ဖွင့်ပေးခြင်း စသည်တို့ကို ပြုလုပ်ပေးနိုင်”**

ကလေးငယ်များတွင် အေတိုးပစ်ယားနာသည် မျက်နှာ၌ သိသိသာသာ ဖြစ်ပွားပြီး အသက် နှစ်နှစ်ကျော်ကလေးများတွင် အေတိုးပစ်ယားနာကွက်သည် တံတောင်ဆစ်ကွေး၊ တံကောက်ကွေး၊ လက်ကောက်ဝတ်၊ ခြေချင်းဝတ် စသည့်နေရာများ၌ ဖြစ်ပွားတတ်သည်။ လူကြီးများတွင် မျက်နှာ၊ ကိုယ်လုံးပိုင်း၊ ရင်ဘတ် စသည်တို့၌ အေတိုးပစ်ယားနာ အများဆုံး ဖြစ်ပွားတတ်သည်။ ကလေးဘဝမှ စတင်၍ အေတိုးပစ်ယားနာ ဖြစ်ပွားခဲ့ပါက လူကြီး ဘဝသို့ရောက်သောအခါ ယားနာသည် အသားခြောက် အဖတ်ကွာခြင်း၊ အရေပြားထူခြင်းစသည်တို့ပါ ယှဉ်တွဲဖြစ်ပွားတတ်သည်။

**အေတိုးပစ်ယားနာဖြစ်ပွားလျှင်**

အေတိုးပစ်ယားနာသည် ယားယံသဖြင့် ကုတ်ဖဲ့တတ်ကြသည်။ ထိုအခါ Staphylococcus aureus ၊ Herpes simplex ကဲ့သို့သော ရောဂါပိုး ဝင်ကာ အေတိုးပစ်ယားနာကို ပိုဆိုးစေနိုင်သည်။ ထို့ကြောင့် အေတိုးပစ်ယားနာ ဝေဒနာရှင်များသည် မကုတ်ဘဲ ရေအေးဝတ် ကပ်ပေးခြင်း၊ ဆရာဝန် ညွှန်ကြားသော အယားပျောက်ဆေးများကို အသုံးပြုခြင်း၊ ကလေးငယ်များအား အာရုံပြောင်းအောင် ဆော့ကစားပေးခြင်း၊ ကာတွန်းကား ဖွင့်ပေးခြင်း စသည်တို့ကို ပြုလုပ်ပေးနိုင်သည်။ ထို့အပြင် အသားခြောက် အရေပြားအဖတ်ကွာခြင်းကို လျော့နည်းစေရန် လိုးရှင်းနှင့် အဆီများ အသုံးပြုနိုင်သည်။ စတီးရွိုက်ဆေးဝါးများကိုမူ ဆရာဝန် ညွှန်ကြားမှသာ ညွှန်ကြားသည့်အတိုင်း သုံးစွဲသင့်သည်။ ဘေးထွက်ဆိုးကျိုးများသဖြင့် မိမိသဘောနှင့်မိမိ မသုံးသင့်ပါ။

**အေတိုးပစ်ယားနာကို ကုသခြင်း**

Phototheraphy ဟုခေါ်သည့် ရောင်ခြည်ပြကုသခြင်းကို အေတိုးပစ်ယားနာ ကုသရာတွင် အသုံးပြုကြသည်။ Narrowband UVB ရောင်ခြည်ပြ ကုသခြင်းကို ကလေးများတွင် အသုံးပြုနိုင်သည်။ UVB ဖြင့် ထိရောက်မှု မရှိပါက PUVA သို့မဟုတ် UVA1 ကို လူကြီးများတွင် ရွေးချယ်အသုံးပြုနိုင်သည်။ PUVA ကို ကလေးများတွင် အသုံးမပြုဘဲ ရောင်ကြဉ်သင့်သည်။ UV အသုံးပြုပါက အိုမင်းလွယ်ခြင်း၊ အရေပြားပျက်စီးခြင်း၊ အရေပြားကင်ဆာဖြစ်ပွားခြင်း စသည့်ဘေးထွက်ဆိုးကျိုးများ ရှိသဖြင့် ကောင်းကျိုးဆိုးပြစ်ကို ချိန်ဆပြီးမှ ဆရာဝန်များက ရွေးချယ်အသုံးပြုကြရသည်။ Immunomo-dulators ဆေးဝါးများကိုမူ ရောဂါ အခြေအနေကို သုံးသပ်၍ အမှန်တကယ် လိုအပ်မှသာ တတ်ကျွမ်းနားလည်သည့် ဆရာဝန်များက ညွှန်ကြား အသုံးပြုကြသည်။

အရေပြားယားနာ ဖြစ်ပွားခြင်းကြောင့် အေတိုးပစ်ယားနာဝေဒနာရှင်များသည် စိတ်ညစ်ကြရသည်။ စိတ်ဖိစီးကြရသည်။ လူတောမတိုးဟု မိမိကိုယ်ကိုယ် ထင်လာတတ်ကြသည်။ ထို့ကြောင့် မိသားစုဝင်၊ မိတ်ဆွေအပေါင်းအသင်း၊ သူငယ်ချင်းများက ဖေးမကူညီအားပေးရန်လိုသည်။ အရေပြားယားနာ ဝေဒနာရှင်များသည် မိမိနှင့်မတည့်သည့် အရာများကို သိရှိက ရှောင်ကြဉ်ပြီး တတ်ကျွမ်းနားလည်သည့် ဆရာဝန်ကြီးများနှင့် တိုင်ပင်ဆွေးနွေးကုသသင့်သည်။

အရေပြားယားနာ (အေတိုးပစ်ယားနာ) ဘေးမှ ကင်းဝေးကြပါစေ။ ။

## မကွေးမြို့နယ် လက်ခုပ်ပင်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေ

**မကွေး နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လက်ခုပ်ပင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် လျှပ်စစ်မီးရရှိရေး ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်း လုပ်ငန်းကို အောက်တိုဘာလ ဒုတိယ ပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လက်ခုပ်ပင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေအနက်မှ ငွေကျပ် ၄၁ ဒသမ ၂၄ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၄၆ ဒသမ ၆၅၇ သိန်းဖြင့် အချိန်ပြည့် လျှပ်စစ်မီး ရရှိရေးအတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၃၀၀၀ သွယ်တန်းခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်



ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာ အကူအညီဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်ကာ အောက်တိုဘာလ ဒုတိယပတ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးက ပြောသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၊ ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်မြသီတာထွေး၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လက်ခုပ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် လျှပ်စစ်မီး ရရှိရေး ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ စီမံကိန်းချေးငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် စာရင်းဇယား ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၂၁ အိမ်၊ လူဦးရေ ၅၄၅ ဦးတို့အတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

သန်းလွင်(မကွေး)

## မြိုင်မြို့နယ် သံချောင်းကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မြိုင် နိုဝင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြိုင်မြို့နယ် သံချောင်းကျေးရွာတွင် ကျေးလက်နေပြည်သူများ လျှပ်စစ်မီးအသုံးပြုနိုင်စေရန်အတွက် မြစိမ်းရောင် စီမံကိန်းအတိုးရငွေဖြင့် ၄၀၀ ဗို့ လျှပ်စစ်မီးလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းထွန်းထံမှ သိရသည်။

**အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိ**

သံချောင်းကျေးရွာတွင် မြစိမ်းရောင်စီမံကိန်း အတိုးရငွေကျပ် ခြောက်သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂၄ ဒသမ ၃၃၈၅ သန်းဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာအကူအညီ၊ ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်းပါဝင်မှုဖြင့် စက်တင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် အချိန်ပြည့် လျှပ်စစ်မီး သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီဖြစ်ကြောင်း သိရသည်။

ဇော်မင်းဌေး

# ငြိမ်းအေးသောဘဝ တည်ဆောက်ကြရာဝယ်

**သိန်းထွန်း (IR)**

**လူ့ဘုံလောက ပြုမူကျင့်ကြံနေထိုင်သည့်နည်း ဆိုသည်က လူ့တစ်ဦးချင်း၏ ဘဝအခိပ္ပာယ်ဟု ဆိုရပေမည်။ လူတစ်ဦးချင်းစီသည် မိမိတို့ဆန္ဒသဘောအလိုက် မိမိဘဝအခိပ္ပာယ်နှင့် မိမိဘဝနေနည်းများကို ရွေးချယ်နေထိုင်ကြသည်ဖြစ်ရာ မည်သို့မည်ပုံ ဘဝကိုဖြတ်ကျော်ကြမည်ဆိုသည်က မိမိအတွက် အရေးပါနေပါသည်။ ထို့နည်းတူစွာပင် အပြန်အလှန် အမှီသဟဲပြုနေထိုင်ကြသော လူမှုဝန်းကျင်အတွက်လည်း လွန်စွာအရေးကြီးပါ၏။**

**မွေးဖွားခြင်းမှ ဘဝ၏နိဂုံး**

မိမိတို့၏ဘဝအစ မွေးဖွားခြင်းမှ ဘဝ၏နိဂုံး သေဆုံးခြင်းအကြား ဖြတ်သန်းခဲ့ကြရသည့် ကာလများကို သမင်လည်ပြန် ပြန်လည်သုံးသပ်ကြမည်ဆိုလျှင် ရုပ်ရှင်ကြည့်ရသကဲ့သို့ မျိုးစုံကွဲပြားသော အနိမ့်အမြင့်၊ အတက်အကျ၊ အလှုပ်အရမ်း ဝမ်းသာဝမ်းနည်းတို့နှင့် ဘဝတစ်ခုဖြတ်သန်းမှုကို မုချတွေ့ကြရပေလိမ့်မည်။ ကောင်းသည်များလည်း ရှိနေပါမည်။ ဆိုးသည်များလည်း ရှိနေပါမည်။ ကောင်းမှုပြုခဲ့သည်များလည်း ရှိနေပါမည်။ မကောင်းမှုပြုခဲ့သည်များလည်း ရှိနေနိုင်ပေ၏။ တစ်ဦးနှင့် တစ်ဦး၏ ဘဝဖြတ်သန်းခဲ့ရမှု၊ မိမိ၏လက်ရှိဘဝအပေါ် လက်ခံနိုင်မှု၊ ပုံဖော်ဖန်တီးမှုတို့သည် ထပ်တူညီကြမည်မဟုတ်။ အသိဉာဏ်ပညာရင့်ကျက်မှု၊ သုံးသပ်ဆန်းစစ်နိုင်မှု၊ ကျင့်ကြံအားထုတ်နိုင်မှုတို့အလိုက် ကွဲပြားနိုင်ပါ၏။

ထိုမတူညီကြသော ဘဝနေနည်းအမျိုးမျိုးဖြင့် လောကီဘုံသား ဆုံလည်န္တားပမာ လူ့ဘဝတွင် ကြုံတွေ့ကြရသော အကောင်းအဆိုး လောကဓံတရား ၈ ပါးဖြင့် သံသရာခရီးကို မည်မျှဆက်ကြရဦးမည် ဆိုသည်က မည်သူမှ မသိနိုင်။ ပစ္စုပ္ပန်အရှိတရားသည်သာလျှင် မိမိလက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်နိုင်သည်က လက်တွေ့တရားပင် မဟုတ်ပါလား။ သို့ဆိုလျှင် လက်ရှိပစ္စုပ္ပန်ကာလကို မည်သို့ဖြတ်ကျော်ကြမည်နည်း။ အနာဂတ်ကို မည်ကဲ့သို့ ပုံဖော်ကြမည်နည်း။ သံသရာခရီးကို မည်သို့လျှောက်လှမ်းကြမည်နည်း။ ယင်းပုံဖော်ဖန်တီးမှုများသည်က မိမိနှင့် မိမိပတ်ဝန်းကျင်အပေါ် ကောင်းကျိုး၊ ဆိုးကျိုးများ သက်ရောက်စေသည်ကတော့ အမှန်ပင်။

**စိတ်၏ကြိုးဆွဲရာ**

စိတ်၏ကြိုးဆွဲရာ လိုက်ပါနေရသော ရုပ်တို့သည် ကောင်းမှုကိုလည်း ဖန်တီးနိုင်ပါ၏။ မကောင်းမှုကိုလည်း ဖန်တီးနိုင်ပါ၏။ ချစ်စေသည်မှာလည်း ဤရုပ် ဤစိတ်ပင်။ မုန်းစေသည်မှာလည်း ဤရုပ် ဤစိတ်ပင် မဟုတ်ပါလား။ ဤသည်တို့ကို အသိတရား၊ သတိတရားနှင့် ဆင်ခြင်ကြခြင်းဖြင့် မိမိကောင်းကျိုး၊ လောကကောင်းကျိုးကို ဖန်တီးနိုင်ပါလိမ့်မည်။ သတိပဋ္ဌာန်တရားသည် မိမိ၏ရုပ်ခန္ဓာနှင့် စိတ်တို့ကို သတိတရားလက်ကိုင်ထား၍ ဉာဏ်ဖြင့်ဆင်ခြင်ခြင်းဟု နားလည်လက်ခံထားပါ၏။ တစ်နည်းအားဖြင့် မိမိ၏ ဘဝလမ်းကြောင်းကို မိမိကိုယ်တိုင် ဉာဏ်ဖြင့်ယှဉ်၍ သိနေခြင်းပင်ဖြစ်ပါ၏။ အာနာပါန ထွက်လေဝင်လေ ကမ္မဋ္ဌာန်းအလုပ်ကို မိမိနှာသီးဖျားဝတွင် အာရုံစိုက်၍ ထွက်လေဝင်လေကို အသိမြဲနေသကဲ့သို့ မိမိ၏ဘဝရုပ်တည်ချက်ကိုလည်း သိရန် လိုအပ်ပေလိမ့်မည်။ မိမိကိုယ်ကို သိခြင်းအားဖြင့် မိမိကိုယ်မိမိ ပြုပြင်နိုင်ပေလိမ့်မည်။ မည်သူမဆို မိမိ၏ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ကောင်းသည်ထက် ကောင်းအောင် အစဉ်ပြုပြင်နေသင့်သည်။ သေသည်အထိ အမြဲပြုပြင်နေရမည်ဟု မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသက ဆုံးမတော်မူခဲ့ပါသည်။

လူသတ္တဝါတို့၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဟူသော ဗြဟ္မစိုရ်တရားများ ကွယ်ပျောက်၍ လူမိုက်တရားများ မလွှမ်းမိုးနိုင်ရန်ဆိုသည်က မိမိကိုယ်တိုင်အပါအဝင် တစ်ဦးချင်းစီက လိုက်နာကျင့်ကြံကြခြင်းဖြင့် ငြိမ်းအေးသောဘဝ၊သာယာသော လောကကိုတည်ဆောက်နိုင်ပေလိမ့်မည်။ အသက်ရှင်စဉ်ကာလအတောအတွင်း ဗြဟ္မစိုရ်တရားများလက်ကိုင်ထား၍ တန်ဖိုးရှိသော၊ အနှစ်သာရပြည့်ဝသော ကျင့်ကြံနေထိုင်နည်းသည်သာ ပစ္စုပ္ပန်အတွက်ရော သံသရာအတွက်ပါ အကျိုးဖြစ်ထွန်းစေနိုင်ပါလိမ့်မည်။

မတည်မြဲသော အနိစ္စလောကတွင် ယောကျ်ားမိန်းမ၊ သူ ငါတို့သည် ပညတ်သဘောတို့ပင် ဖြစ်ပေသည်။

> **“လူသတ္တဝါတို့၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဟူသော ဗြဟ္မစိုရ်တရားများ ကွယ်ပျောက်၍ လူမိုက်တရားများ မလွှမ်းမိုးနိုင်ရန်ဆိုသည်က မိမိကိုယ်တိုင် အပါအဝင် တစ်ဦးချင်းစီက လိုက်နာကျင့်ကြံကြခြင်းဖြင့် ငြိမ်းအေးသောဘဝ၊ သာယာသောလောကကို တည်ဆောက်နိုင်ပေလိမ့်မည်။ အသက်ရှင်စဉ်ကာလ အတောအတွင်း ဗြဟ္မစိုရ်တရားများလက်ကိုင်ထား၍ တန်ဖိုးရှိသော၊ အနှစ်သာရ ပြည့်ဝသော ကျင့်ကြံနေထိုင်နည်းသည်သာ ပစ္စုပ္ပန်အတွက်ရော သံသရာ အတွက်ပါ အကျိုးဖြစ်ထွန်းစေနိုင်ပါလိမ့်မည်”**

တစ်ချိန်ချိန်တွင် ထိုပညတ်တို့ ပျက်စီးကြရမည်မှာလည်း လောကနိယာမသဘောပင် ဖြစ်၏။ မိမိ၏ ဘဝကိုယ်ပင် မိမိမပိုင်သော အနိစ္စဓမ္မတို့တွင် မြစ်အတွင်းမှ ပင်လယ်အတွင်းသို့ မျောလာသည့် ဆင်သေကောင်ပေါ်မှ ကျီးမိုက်ပမာ မဖြစ်ရန် လိုအပ်လှပေ၏။ လူ့ဘဝတစ်လျှောက်တွင် စည်းစိမ်၊ ငွေကြေး၊ ရာထူး၊ ဂုဏ်၊ ထင်ပေါ်ကျော်ကြားမှု၊ ပစ္စည်းဥစ္စာပြည့်စုံမှု စသည့်လောကစည်းစိမ်များ လိုအပ်နိုင်ပါသည်။ သို့သော် လွန်ကျူးသော လောဘတို့ဖြင့် မတည်မြဲသောတရားတို့အပေါ်တွင် မှီတွယ်တတ်ကြသည်ကို ဆင်ခြင်သင့်လှသည်။

**အကုသိုလ်စေတသိက် ၁၄ ပါး**

ထို လောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿာ မစ္ဆရိယတို့အပါအဝင် အကုသိုလ်စေတသိက် ၁၄ ပါး၏ ကြိုးဆွဲရာနောက် ကောက်ကောက်ပါအောင်လိုက်ပါရင်း လှုပ်လေမြုပ်လေ ဘဝများမဖြစ်ရန် လိုပါသည်။ အပူသောကများကို ဖန်တီးကြသည်မှာ လူသားများပင် ဖြစ်သည်။ အေးချမ်းခြင်းကို ဖန်တီးကြသူများမှာလည်း လူသားများပင်ဖြစ်သည်။ ထို့အတူ ငြိမ်းချမ်းရေးကို ဖန်တီးကြသည်မှာ လူသားဖြစ်သကဲ့သို့ စစ်ပွဲများကို ဖန်တီးကြသူများမှာ လူသားများပင် ဖြစ်ကြပါသည်။ သို့ဆိုပါလျှင် လူသားတို့သည် မည်သူ့အတွက် ငြိမ်းချမ်းရေးဖန်တီးကြ၍ မည်သူ့အတွက် စစ်ပွဲများ ဖန်တီးကြပါသနည်း။ စစ်ပွဲဖန်တီးသူတို့၏ ဘဝခံယူချက်၊ အမြင်နှင့် လျှောက်လှမ်းမှုတို့သည် ငြိမ်းချမ်းရေးဖန်တီးသူတို့၏ ဘဝခံယူချက်၊ အမြင်နှင့် တည်ဆောက်မှုပုံစံတို့ မည်သို့မျှတူညီနိုင်မည် မဟုတ်။ တွေ့ရာကြုံရာကိစ္စ၌ သင့်တင့်အောင် နှလုံးသွင်းလေ့ရှိမှု ယောနိသော မနသိကာရ မရှိလျှင် အဘယ်သို့ငြိမ်းချမ်းကြမည်နည်း။ မိမိ၏သန္တာန်အတွင်း မငြိမ်းချမ်းနိုင်သကဲ့သို့ မိမိဝန်းကျင်ကိုလည်း ငြိမ်းချမ်းစေမည် မဟုတ်ချေ။ သို့ဆိုပါလျှင် လူ့ဘုံလောကအတွင်း ကျင်လည်သူများအကြား ငြိမ်းအေးရန်ဆိုပါက မေတ္တာတရားနှင့် အမုန်းတရား မည်သည်ကို ရွေးချယ်ကြမည်နည်း။

**ဒီဃာဝုဝတ္ထု**

ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေနှင့် ပတ်သက်၍ မြတ်စွာ ဘုရားရှင်က ဒီဃာဝုဝတ္ထုကို ဟောကြားတော်မူခဲ့ပါသည်။ အကျဉ်းအားဖြင့် ဖော်ပြလိုပါသည်။ ရှေးအခါက ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မည်သော ကာသိမင်းသည် အင်အားကြီးသဖြင့် အင်အားငယ်သော ဒီဃီတိအမည်ရှိ ကောသလမင်း၏ နိုင်ငံကို တိုက်ခိုက်သိမ်းပိုက်၍ ကောသလမင်းနှင့် မိဖုရားကြီးကို အဆုံးစီရင်ခဲ့သည်။

ကောသလမင်းသည် ထွက်ပြေးတိမ်းရှောင်နေစဉ်အတွင်း ဒီဃာဝု အမည်တွင်သော သားတစ်ယောက်ကျန်ရှိခဲ့သည်။ ဒီဃာဝုသည် မိဘနှစ်ပါးအဆုံးစီရင်ခံရသည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသည်။ ထို့ကြောင့် မိမိ၏ မိဘနှစ်ပါးကို အဆုံးစီရင်၍ နိုင်ငံကို သိမ်းပိုက်ခဲ့သော ကာသိမင်းကို လက်စားချေရန် ကြိုးစားလေသည်။

ဒီဃာဝုသည် လက်စားချေလိုစိတ်ဖြင့် ကာသိမင်းထံ အနီးကပ်အခစားဝင်နိုင်ရန် ကြိုးစားရာမှ ကာသိမင်း၏ အနီးသို့ရောက်ရှိလာခဲ့ပါသည်။ တစ်ရက်တွင် ကာသိမင်း တောကစားထွက်ရာသို့ ဒီဃာဝု လိုက်ပါလာရာ ဒီဃာဝုက ကာသိမင်းအား နောက်လိုက်နောက်ပါများနှင့် ခွဲထုတ်လာခဲ့လေသည်။ နောက်လိုက်များနှင့်ကွဲကွာပြီး ပင်ပန်းလာသော ကာသိမင်းသည် ဒီဃာဝုမင်းသား၏ ရင်ခွင်ထက်၌ ဦးခေါင်းကို ချ၍အိပ်လေ၏။ ဒီဃာဝုမင်းသားသည် ငါတို့အပေါ် များစွာသောအကျိုးမဲ့ကိုပြုလုပ်ခဲ့သူ ဘုရင် ဗြဟ္မဒတ်မင်းအား လက်စားချေရန် သုံးကြိမ်တိုင်တိုင် ကြိုးပမ်းလေသည်။ ထိုသို့ကြိုးစားသည့် အကြိမ်တိုင်းတွင် ခမည်းတော်မင်းတရား မသေဆုံးခင်က မိမိအား မှာကြားသွန်သင်ခဲ့သည်မှာ-

ချစ်သား ဒီဃာဝု .... သင်သည် အရှည်ကိုလည်း မကြည့်လင့်၊ အတိုကိုလည်း မကြည့်လင့်။

ချစ်သား ဒီဃာဝု .... ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းနိုင်ကုန်။

ချစ်သား ဒီဃာဝု .... ရန်တုံ့မမူမှသာ ရန်တို့သည် ငြိမ်းကုန်၏ဆိုသော

ရန်ငြိမ်းကြောင်း ဩဝါဒစကား လေးခွန်းကို ပြန်လည် သတိရလျက် မလွန်ဆန်နိုင်ဘဲရှိတော့သည်။

ထိုအချိန်တွင် ကာသိတိုင်းရှင်ဘုရင် ဗြဟ္မဒတ်မင်းသည် အိပ်မက်မက်နေရာလန့်နိုးရာမှ အကြောင်းစုံကို သိလေသော် ကာသိမင်းနှင့် ဒီဃာဝုမင်းသားတို့သည် တစ်ယောက် နှင့်တစ်ယောက်အား အသက်ချမ်းသာပေး၍ ချစ်ကြည်မှုကို ပြုကြလေသည်။ ထို့အပြင် အချင်းချင်း မပြစ်မှားရန် ကတိသစ္စာကျိန်ဆိုမှုကိုလည်း ပြုကြလေကုန်၏။ မင်းသား ဒီဃာဝုသည် ခမည်းတော်မှာကြားခဲ့သည့် ရန်ငြိမ်းကြောင်း စကားလေးခွန်း၏ ရည်ရွယ်ချက်ကို ဗြဟ္မဒတ်မင်းအား အောက်ပါအတိုင်း ရှင်းလင်းခဲ့လေသည်။

သင်သည်- အရှည်ကိုလည်း မကြည့်လင့်ဆိုသည်မှာ ရှည်မြင့်စွာ ရန်ကိုမပြုလင့်ဟု ဆိုပါ၏။ အတိုကိုလည်း မကြည့်လင့်ဆိုသည်မှာ အဆွေခင်ပွန်းတို့နှင့် တိုတောင်းလျင်မြန်စွာ မိတ်မပျက်စေလင့် ဟုဆိုပါ၏။ ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းနိုင်ကုန် ဆိုသည်မှာ အပြန်အလှန် လက်စားချေ သတ်ဖြတ်နေကြလျှင် ထိုရန်သည် ဘယ်နည်းမျှ မငြိမ်းနိုင်ရာဟု ဆိုပါ၏။ ရန်တုံ့ မမူမှသာ ရန်တို့သည် ငြိမ်းကုန်၏ ဆိုသည်မှာ အချင်းချင်း ချမ်းသာပေးကြကာ ရန်တုံ့မမူသဖြင့် ထိုရန်သည် အပြီးတိုင် ငြိမ်းအေးသွား၏ဟု ဆိုပါ၏။

( ဒီဃာဝုဝတ္ထု ၊မဟာဗုဒ္ဓဝင် တတိယတွဲ)

သို့ဖြစ်ရာ ရန်ကို ရန်ခြင်းတုံ့ပြန်ပါက ရန်မီးပင်ပွားများနေမည်ဖြစ်ရာ ငြိမ်းအေးသောဘဝများကို တည်ဆောက်နိုင်မည်မဟုတ်။ ငြိမ်းချမ်းသောအခြေအနေဆိုသည်မှာ ငြိမ်းအေးလိုသော အသိစိတ်တွင် တည်နေပါ၏။

**မရသော လောကဓမ္မတာ**

မိမိတို့၏ဘဝများဆိုသည်က သမုဒ္ဒရာထက်မှ ရေပွက် ပမာ ခဏတာမျှသာ။ ထိုခဏတာနေရစဉ် ကာလအတွင်း ချစ်ခင်သူများနှင့်လည်း တွေ့ကြရပါမည်။ မချစ်ခင်သူများနှင့်လည်း ကြုံကြိုက်ကြရသည်။ ထို့နည်းတူပင် ချစ်ခင်သူများနှင့်လည်း ခွဲခွာကြရသည်။ မချစ်ခင်သူများနှင့်လည်း ခွဲခွာကြရပါမည်။ ဤသည်မှာ မည်သူမျှ ရှောင်လွှဲမရသော လောကဓမ္မတာပင် ဖြစ်ပေ၏။ မိမိ သေလွန်ပြီးနောက်တွင် အသက်ရှင်စဉ်က မိမိနှင့်အတူရှိခဲ့သော ရာထူး၊ ငွေကြေး၊ ဂုဏ်၊ မိသားစု၊ မိတ်ဆွေတို့ကို ထာဝရခွဲခွာကြရပါမည်။ လက်ချည်းဗလာဖြင့် လာခဲ့သောဘဝ သည် လက်ဗလာချည်းနှင့်ပင် ပြန်ကြရပါလိမ့်မည်။ မိမိနှင့်အတူ ကျန်ရှိနေမည်မှာ မိမိပြုခဲ့သည့် ကုသိုလ်၊ အကုသိုလ်တရားပင် ဖြစ်ပါ၏။

သို့ဆိုပါလျှင် နေထိုင်ရသော ခဏတာဘဝတွင် ကောင်းသောလာခြင်း၊ ကောင်းသောနေခြင်း၊ ကောင်းသော ကျင့်ကြံခြင်းဟူသည် အသိနှင့် ကိုယ်ကျင့်သာ ဖြစ်ပေလိမ့်မည်။ ကိုယ်ကျင့်အဘိဓမ္မာတွင် အသိသည် အသိသာ၊ ကိုယ်ကျင့်မဟုတ်။ သိတိုင်း မကျင့်လျှင် သိနေရုံဖြင့် အကျိုးမရ။ ကျမ်းစာတို့သည် သိအောင်သာ ညွှန်ပြနိုင်၏။ ကျင့်၍ မပေးနိုင်ကြ။ အသိသည် အသိမျှသာဖြစ်ပြီး သိသလောက် ကိုယ်ကျင့်တရား မရှိလျှင် ကျကျနန ယုတ္တိ ယုတ္တာနှင့် စဉ်းလဲတတ်သဖြင့် မသိ ၍ ဆိုးရွားနေသူတို့ ထက်ပင် ကြောက်စရာကောင်းကြောင်း ဆိုထားပါသည်။

အေးငြိမ်းသောဘဝ၊ သောကပူလောင်သောဘဝများ ဆိုသည်က မည်သူမျှဖန်တီးသည် မဟုတ်။ ကာယကံရှင် မိမိကိုယ်တိုင်က ဖန်တီးခြင်းသာ ဖြစ်ပါ၏။ မိမိသည် ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ လောကဝန်းကျင်အတွက်လည်းကောင်း အေးချမ်းသောဝန်းကျင် တည်ဆောက်ကြမည်ဆိုပါက လောကီ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးကို ရရှိစေပါလိမ့်မည်။ တရားရှာ ကိုယ်မှာတွေ့ဆိုသကဲ့သို့ပင် အနှစ်သာရပြည့်ဝ၍ အေးငြိမ်းသောဘဝဆိုသည်က အခြားနေရာတွင် ရှာရန် မဟုတ်။ မိမိသန္တာန်အတွင်း၌သာ ကိန်းအောင်းနေပါ၏။ ဆင်ခြင်ရန်နှင့် ကျင့်ကြံရန်သာ လိုအပ်ပါ၏။ ။

# ပြည်နယ်အဆင့် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အစည်းအဝေးကျင်းပ

တောင်ကြီး နိုဝင်ဘာ ၃

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်နယ်အဆင့်ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အစည်းအဝေးကို နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီ က ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ(၁)၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ပြည်နယ်အဆင့် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အစည်းအဝေးတွင် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြား၍ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကိုက လုံခြုံရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဦးဇော်မြင့်ဝင်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးညှိနှိုင်း**

ဆက်လက်၍ တက်ရောက်လာသော ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေမှုအခြေအနေများ၊ လိုအပ်ချက်များနှင့် သိရှိလိုသည့်အချက်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက နိဂုံးချုပ်စကားပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**



ရှမ်းပြည်နယ်အဆင့် ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အစည်းအဝေးကျင်းပစဉ်။

# တမူးမြို့ရှိ မြန်မာ- အိန္ဒိယနယ်စပ်ဂိတ်များ နိုဝင်ဘာလကုန်အထိ ထပ်တိုးပိတ်

**တမူး နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ရှိ မြန်မာ-အိန္ဒိယနယ်စပ်ဂိတ်များကို မြန်မာအစိုးရဘက်က နိုဝင်ဘာလကုန်အထိ ထပ်တိုးပိတ်လိုက်ကြောင်း သိရသည်။

"မြန်မာ- အိန္ဒိယနယ်စပ်ဂိတ်တွေကို နိုဝင်ဘာလကုန်ထိ ထပ်တိုးပိတ်လိုက်ပါတယ်။ သူတို့ဘက်က ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်လို့ ဖြေလျှော့မှုတွေ ပြုလုပ်ပေမယ့် နှစ်ဖက်စလုံးမှာ ရောဂါပိုးကူးစက်ပြန့်ပွားမှုတွေ မပြတ်သေးဘဲ ရှိနေတော့ ထပ်တိုးပိတ်လိုက်တာပါ"ဟု တမူးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက ပြောသည်။

မြန်မာ-အိန္ဒိယနယ်စပ်ဂိတ်ကို ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားမှုမှာ ရက်ကြာလာခြင်းကြောင့် နယ်စပ်ကုန်သွယ်ရေး ရပ်ဆိုင်းလာသည့်အတွက် ကုန်သည်၊ ဈေးသည်များအနေဖြင့် ထိခိုက်နစ်နာမှု များစွာရှိနေကြောင်း သိရသည်။

**အခက်အခဲ**

"မြို့လူထုရဲ့ ၆၀ ရာခိုင်နှုန်းဟာ နယ်စပ်ဈေးကိုအမှီပြုနေကြတဲ့သူတွေပါ။ အရင်းအနှီးရှိတဲ့သူ ကုန်သည်ကြီးပိုင်းတွေကတော့ သိပ်ပြဿနာမရှိပါဘူး။ ဒါပေမယ့် အောက်ခြေမှာလက်လီရောင်းတဲ့ ဆိုင်လေးတွေကတော့ အခုလို ရက်ရှည်၊ လရှည်ပိတ်လာတော့ အခက်အခဲလေးတွေရှိကြတယ်။ တစ်ဖက်ကရောဂါအခြေအနေဆိုးနေတာကို ချက်ချင်းပဲဂိတ်ဖွင့်ရင် လက်ရှိထိန်းချုပ်နိုင်ပြီးသားအခြေအနေကပိုပြီးတော့ ဆိုးရွားတဲ့အခြေအနေဖြစ်သွားနိုင်ပါတယ်"ဟု တမူးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းက ပြောသည်။

တမူးမြို့ရှိ မြန်မာ-အိန္ဒိယနယ်စပ်ဂိတ်အမှတ်(၁)နှင့် အမှတ်(၂)တို့ကို မြန်မာနိုင်ငံအစိုးရဘက်က ဧပြီ ၁၄ ရက်မှစ၍ အောက်တိုဘာလကုန်အထိ ပိတ်ထားခဲ့ရာမှ ယခုအခါထပ်မံ၍ နိုဝင်ဘာလကုန်အထိ ထပ်တိုးပိတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့်တာဝန်ရှိသူများ ကြိုတင်ဆန္ဒမဲပေးနေမှုအား ကွင်းဆင်းကြည့်ရှု

**ပင်လောင်း နိုဝင်ဘာ ၃**

၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူများ လွတ်လပ်စွာဆန္ဒမဲ ပေးနေမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ် (ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ် တာဝန်ခံ)နှင့် တာဝန်ရှိသူများ မင်္ဂလာကွက်သစ်ရပ်ကွက်တွင် ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**လမ်းညွှန်မှာကြား**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်က မင်္ဂလာကွက်သစ်ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ဆန္ဒမဲပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ထားရှိမှုများအပေါ်လိုအပ်သည်များ စနစ်တကျ ဆောင်ရွက်ထားရှိရန်မှာကြားခဲ့သည်။

**ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်၊ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထင်ကျော်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အသက်(၆၀)နှစ်အထက် သက်ကြီးဘိုးဘွားများ ကြိုတင်ဆန္ဒမဲပေးနေမှုကို ကြည့်ရှုကြသည်။

ထို့နောက် ပင်လောင်းမြို့နယ်တွင် မဲဆန္ဒနယ်အမှတ်(၁)နှင့် (၂) နှစ်ခုရှိပြီး မဲရုံ ၁၄၃ ရုံ၊ မဲဆန္ဒရှင် ၁၃၃၃၀၄ ဦးရှိရာ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၂ရက်အထိ အသက် ၆၀ နှစ်အထက် ကြိုတင်ဆန္ဒမဲပေးပြီးသည့် သက်ကြီးဘိုးဘွား ၅၇၄၆ ဦးရှိကြောင်း မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**ခွန်အာကာစိုး**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ ကြိုတင်ဆန္ဒမဲပေးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# မိုးညှင်းဒေသခံပြည်သူများအား အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခွင့် လက်မှတ်ပေးအပ်

**မိုးညှင်း နိုဝင်ဘာ ၃**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန မိုးညှင်းမြို့ စာပေနှင့်ယဉ်ကျေးမှုရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂ ရက်က သစ်တောဦးစီးဌာန၏ မိုးညှင်းမြို့နယ်တွင် (၂၀၁၉/၂၀၂၀) ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အသုံးပြုသူများအဖွဲ့ ၁၃ ဖွဲ့ ဧက ၁၅၁၀ အား ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခွင့်လက်မှတ်ပေးအပ်ပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးတင်အေးက




အမှာစကားပြောကြားပြီး မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်နိုင်ထွန်းက အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်သည့်အဖွဲ့ ၁၃ ဖွဲ့တို့အားအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခွင့်လက်မှတ်များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင်၊ ပြည်နယ်လွှတ်တော်ကိုယ် စားလှယ်ဦးတင်အေး၊ မြစ်ကြီးနားခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်နိုင်ထွန်း၊ မိုးညှင်းမြို့နယ်ဦးစီးအရာရှိ ဦးကြည်စိုးတို့က တည်ထောင်ခွင့်လက်မှတ်များကိုပေးအပ်ခဲ့သည်။ (ဝဲပုံ)

အဆိုပါ အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ကြမည့် အစုအဖွဲ့ ၁၃ ဖွဲ့တို့၏ လုပ်ကွက်နှင့် ဧရိယာအတိုင်းအတာအရ ပေကုန်းကျေးရွာအုပ်စုအတွက်နန့်စီးအောင်ကြိုးဝိုင်းသစ်တောမှ ဧက ၅၀၊ ပင်လုံကျေးရွာအုပ်စုအတွက် မော်ဟန်ကြိုးဝိုင်း သစ်တောမှ ဧက ၇၀၀၊ နန့်ရှင်းကျေးရွာအုပ်စုအတွက် တိန်လုံကြိုးပြင်ကာကွယ်ရေးတောမှ ၄၅ ဧက၊ပင်းဟဲကျေးရွာအုပ်စုအတွက်လှိုင်မော်ကြိုးဝိုင်းသစ်တောမှ ဧက ၂၉၀၊ ရွှေပေါက်ကန်ကျေးရွာအတွက် မိုးညှင်းကြိုးဝိုင်းသစ်တောမှ ဧက ၄၀၊ ဇီးကုန်းကျေးရွာအုပ်စုအတွက် မိုးညှင်းကြိုးဝိုင်း သစ်တောမှ ၈၉ ဒသမ ၈၇ ဧက၊ ခုနစ်မိုင်ကျေးရွာအုပ်စုအတွက် နန်းမားကြိုးဝိုင်း သစ်တောမှ ၉၉ ဒသမ ၈၉ ဧက၊ ငါးမိုင်ကျေးရွာအုပ်စုအတွက် တိန်လုံကြိုးပြင်ကာကွယ်ရေးသစ်တောမှ ၁၅၀ ဒသမ ၇၂ ဧက၊ ပင့်သာကျေးရွာအုပ်စုအတွက် မိုးညှင်းကြိုးဝိုင်းသစ်တောမှ ၁၆၉ ဒသမ ၉၂ ဧက၊ ကွင်းကြီးကျေးရွာအုပ်စုအတွက် နန်းမားကြိုးဝိုင်းသစ်တောမှ ၁၈၉ ဒသမ ၁၅ ဧက၊ ကံကုန်းကြီးကျေးရွာအုပ်စုအတွက် နန်းမားကြိုးဝိုင်းသစ်တောမှ ၁၀၃ ဒသမ ၅၀ ဧက စုစုပေါင်း ဧက ၁၅၁၀ တို့ ဖြစ်ကြသည်။

**နီတိုး**

# နာဂဒေသ လေရှီးမြို့နယ်အတွင်း မဲရုံများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးပစ္စည်းများဖြန့်ဝေ

**လေရှီး နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်းရှိ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲမဲရုံများအတွက် COVID–19 ကာကွယ်ထိန်းချုပ်ရေးအမျိုးသား ဗဟိုကော်မတီမှ ပေးပို့လှူဒါန်းသော COVID–19 ရောဂါကာကွယ်ရေးပစ္စည်း ခုနစ်မျိုးဖြစ်သည့် NK–95 (10021)ခု၊PPE Level–2(Level ၁၁၀)ခု၊ Exam Glove PPE–3 ၃၃၈၈ ခု၊ Face Shield ၂၇၅ ခု၊ Coverall PPE–3 ၂၇၅ ခု၊ Surgical Gloves PPE–3 ၂၇၅ ခု၊ Protective Mask PPE–3 ၂၇၅ ခုနှင့်Boot PPE–3 ၂၇၅ တို့ကိုမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာမဲရုံများ အရောက် နိုဝင်ဘာ ၁ ရက်မှ ၂ ရက်တွင်း ဖြန့်ဝေပြီးဖြစ်ကြောင်း သိရသည်။

လေရှီးမြို့နယ်တွင် ရပ်ကွက်(၅)ရပ်ကွက် ကျေးရွာအုပ်စု ၁၉ အုပ်စုရှိပြီး မဲရုံပေါင်း ၅၅ ရုံနှင့် မဲဆန္ဒရှင် ၁၀၉၁၆ ဦးရှိကြောင်း သိရသည်။ **ခဘိုး(လေရှီး)**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

❒ *ရှေ့ဖုံးမှ*

အချိန်နှင့်တစ်ပြေးညီ ပေးပို့ထားပြီးဖြစ်သည်။

ယနေ့အထိ Stay at home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန စုစုပေါင်း ၃၃၇၇ ဌာနမှ အာမခံအလုပ်သမား ၅၀၆၅၈၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၂၃၉၄ ဒသမ ၇၈၀ သန်းအား ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန် တောင်းခံလွှာများကိုလည်း ဆက်လက်စိစစ်၍ ထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**၂၂-၁၀-၂၀၂၀ ရက်နေ့မှ ၂-၁၁-၂၀၂၀ ရက်နေ့အထိ လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀% ဆက်လက် ခွင့်ပြုထုတ်ပေးခဲ့သည့် စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများစာရင်း**

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမားဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၁ | 13001.37.1.2.2 | မြဝတီစိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်း | ၃၉ | ၃,၁၄၁,၆၀၀.၀၀ |
| ၂ | 13001.37.2.2.119 | Rohto Mentholatum | ၁၈ | ၁,၁၄၀,၀၀၀.၀၀ |
| ၃ | 13001.37.2.2.151 | TWJS Co ltd | ၂၁ | ၁,၂၀၉,၆၀၀.၀၀ |
| ၄ | 13001.37.2.2.161 | မက်စ်မြန်မာ | ၆၈ | ၆,၈၈၂,၄၀၀.၀၀ |
| ၅ | 13001.37.2.2.166 | ဖိမ်အရက်ပုလင်းသွင်းလုပ်ငန်း | ၅ | ၁၆၀,၀၀၀.၀၀ |
| ၆ | 13001.37.2.2.167 | အထွေထွေအားမာန်သစ်ကုမ္ပဏီ | ၁၂၅ | ၁၀,၆၂၈,၀၀၀.၀၀ |
| ၇ | 13001.37.2.2.176 | Shinsung Tongsang ( ရုံးချုပ် ) | ၃၃ | ၃,၆၀၆,၀၀၀.၀၀ |
| ၈ | 13001.37.2.2.177 | မက်စ်မြန်မာ | ၉၂ | ၈,၂၇၈,၄၀၀.၀၀ |
| ၉ | 13001.37.2.2.185 | မြန်မာထူးစံကုမ္ပဏီ | ၆၅ | ၃,၉၀၀,၀၀၀.၀၀ |
| ၁၀ | 13001.37.2.2.187 | Myanmar Japan Tobacco Co., Ltd | ၆၉ | ၈,၂၆၈,၃၈၄.၀၀ |
| ၁၁ | 13001.37.2.2.207 | MPG PIPE FACTORY | ၁၃၈ | ၈,၅၁၄,၄၀၀.၀၀ |
| ၁၂ | 13001.37.2.2.212 | SAWBWA VT LIMITED | ၆၈၈ | ၄၁,၅၁၈,၇၄၀.၀၀ |
| ၁၃ | 13001.37.2.2.215 | MacDo | ၁,၂၂၅ | ၇၀,၄၂၀,၈၀၀.၀၀ |
| ၁၄ | 13001.37.3.2.6 | MINGALAR SUMBIRI GARMENT CO.,LTD | ၉၃၆ | ၅၆,၆၄၇,၀၃၅.၆၀ |
| ၁၅ | 13001.37.3.2.46 | IIDA Electronics (Myanmar) | ၅၀၀ | ၃၅,၀၄၂,၈၀၀.၀၀ |
| ၁၆ | 13001.37.4.2.2 | Mnaufacturer GFT Enterprise Co;ltd | ၉၄၀ | ၅၂,၇၄၃,၆၇၂.၀၀ |
| ၁၇ | 13001.37.4.2.8 | Matsuya R&D Myanmar Co,ltd | ၈၉ | ၅,၁၁၁,၀၄၀.၀၀ |
| ၁၈ | 13001.37.4.2.53 | စိန်သုံးလုံးဂိုထောင် | ၉ | ၅၁၈,၄၀၀.၀၀ |
| ၁၉ | 13001.37.5.2.3 | 1 NESS International Company Limited | ၃၀ | ၂,၆၃၇,၆၀၀.၀၀ |
| ၂၀ | 13001.37.5.2.14 | Kyaw Family | ၂၅ | ၂,၄၉၆,၀၀၀.၀၀ |
| ၂၁ | 13001.37.5.2.15 | Farmers Choice Tractor | ၃၈ | ၃,၈၆၂,၀၀၀.၀၀ |
| ၂၂ | 13001.37.5.2.29 | Springair Ace Co.,Ltd | ၆၂၈ | ၃၅,၄၇၈,၀၀၀.၀၀ |
| ၂၃ | 13001.37.5.2.45 | ဒေင်အုပ်စုကုမ္ပဏီလီမိတက် (ဖော့ကန်ရုံးခွဲ) | ၆၅ | ၆,၄၉၆,၀၀၀.၀၀ |
| ၂၄ | 13001.37.5.2.48 | Golden Jera Garment Factory | ၁၈၇ | ၁၀,၇၅၆,၈၀၀.၀၀ |
| ၂၅ | 13001.37.5.2.54 | ပါရမီတက္ကစီလုပ်ငန်း | ၂၂ | ၁,၇၄၇,၂၀၀.၀၀ |
| ၂၆ | 13001.37.5.2.61 | Myanmar Taieasy Textile Co.,Ltd | ၁,၅၉၅ | ၈၇,၄၆၈,၁၀၆.၁၇ |
| ၂၇ | 13001.37.6.2.12 | Myanmar Eternal Kingdom Concrete | ၃၅ | ၂,၁၄၀,၀၀၀.၀၀ |
| ၂၈ | 13001.37.6.2.33 | လွှင်ဦးထွေးထရိတ်ဒင်းကုမ္ပဏီလီမိတက် | ၆၉ | ၅,၄၅၆,၀၀၀.၀၀ |
| ၂၉ | 13001.37.6.2.60 | IME International | ၂၃၀ | ၂၃,၁၆၆,၀၀၀.၀၀ |
| ၃၀ | 13001.37.7.2.12 | Alumax Co.,Ltd | ၃၄ | ၂,၃၀၂,၈၀၀.၀၀ |
| ၃၁ | 13001.37.7.2.15 | Foxlink Myanmar Co., Ltd | ၆၆၇ | ၄၁,၄၅၁,၂၆၀.၀၀ |
| ၃၂ | 13001.37.7.2.23 | လူထုမိတ်ဆွေ | ၁၂၉ | ၁၂,၀၆၈,၀၀၀.၀၀ |
| ၃၃ | 13001.37.7.2.40 | ရွှေသော့ကုမ္ပဏီ | ၆ | ၄၂၀,၀၀၀.၀၀ |
| ၃၄ | 13001.37.7.2.49 | Myanmar Lordroad Fashion | ၉၇ | ၅,၇၆၉,၆၀၀.၀၀ |
| ၃၅ | 13001.37.7.2.72 | မနေ့သီတာ ကုမ္ပဏီလီမိတက် | ၆ | ၅၄၀,၀၀၀.၀၀ |
| ၃၆ | 13001.37.8.2.5 | Makita Singapore Pte. Ltd | ၆ | ၆၀၀,၀၀၀.၀၀ |
| ၃၇ | 13001.37.8.2.8 | Bumblebee International Trade | ၅ | ၅၅၂,၀၀၀.၀၀ |
| ၃၈ | 13001.37.8.2.15 | Randoo Myanmar Silk | ၁၆ | ၉၂၁,၆၀၀.၀၀ |
| ၃၉ | 13001.37.8.2.16 | Khakaborazi Co.,Ltd | ၃၃ | ၃,၈၉၂,၀၀၀.၀၀ |
| ၄၀ | 13001.37.8.2.31 | Great Myanmar Talent Co.,Ltd | ၈ | ၇၀၄,၀၀၀.၀၀ |
| ၄၁ | 13001.37.8.2.34 | Myanmar Upfornt Livestock Technology International Co.,Ltd | ၈ | ၈၃၄,၄၀၀.၀၀ |
| ၄၂ | 13007.312.1.2.130 | Blessing အထည်ချုပ် | ၄၁၂ | ၂၁,၃၉၈,၆၈၀.၀၀ |
| ၄၃ | 13007.312.2.2.10 | Korea Sin Hwa Garment | ၅၀၇ | ၂၉,၀၄၀,၄၀၀.၀၀ |
| ၄၄ | 13007.312.8.2.14 | Xinda Home Textile | ၂၁၄ | ၁၂,၃၆၈,၈၀၀.၀၀ |
| ၄၅ | 13007.312.8.2.29 | Sun Long(Myanmar)Sports | ၁၈၂ | ၁၀,၉၈၂,၄၀၀.၀၀ |
| ၄၆ | 13008.313.1.2.25 | Jaguar Myanmar Enterprise Co.,Ltd | ၁၁၀ | ၆,၃၅၈,၄၀၀.၀၀ |
| ၄၇ | 13008.313.1.2.71 | Sein Wut Hmon Co., Ltd | ၈၇ | ၅,၉၀၈,၀၀၀.၀၀ |
| ၄၈ | 13008.313.1.2.90 | Dragon Bond Company | ၁ | ၅၇,၆၀၀.၀၀ |
| ၄၉ | 13008.313.1.2.80 | Super Stain Less Product Co.Ltd | ၃၁ | ၁,၈၆၆,၀၀၀.၀၀ |
| ၅၀ | 13008.313.1.2.125 | Asia Carton's Box | ၁ | ၅၇,၆၀၀.၀၀ |
| ၅၁ | 13008.313.1.2.127 | Sakura Garment Co., Ltd | ၂၉၈ | ၁၇,၆၃၈,၄၈၀.၀၀ |
| ၅၂ | 13008.313.1.2.130 | အောင်သီဟပဲသိုလှောင်ရုံ | ၄ | ၃၅၂,၀၀၀.၀၀ |
| ၅၃ | 13008.313.1.2.177 | ဘက်စုံကျွမ်းကျင်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက် | ၆၁ | ၃,၇၂၄,၈၀၀.၀၀ |
| ၅၄ | 13008.313.1.2.182 | Myanmar Brilliance Auto Co.,Ltd | ၈၃ | ၆,၈၄၁,၆၀၀.၀၀ |
| ၅၅ | 13008.313.1.2.187 | မြတ်ပန်းမွှေးကုမ္ပဏီလီမိတက် | ၉ | ၅၁၈,၄၀၀.၀၀ |
| ၅၆ | 13008.313.1.2.119 | Myanmar Yes (Garment) | ၁,၂၄၃ | ၇၀,၅၇၄,၄၀၀.၀၀ |
| ၅၇ | 13008.313.1.2.207 | Success Time International Co;Ltd | ၁၁၇ | ၆,၆၀၀,၉၆၀.၀၀ |
| ၅၈ | 13008.313.1.2.227 | ကျန်းမာရေးသုံးပတ်တီးစက်ယက္ကန်း | ၃၇ | ၂,၁၃၁,၂၀၀.၀၀ |
| ၅၉ | 13008.313.1.2.246 | ကျူးလီ | ၂ | ၁၂၀,၀၀၀.၀၀ |
| ၆၀ | 13008.313.1.2.350 | စန္ဒာအလှကုန် | ၁၅ | ၈၇၇,၆၀၀.၀၀ |
| ၆၁ | 13008.313.1.2.358 | ဒေါ်သန်းသန်းနှော် သစ်စက် | ၂၆ | ၁,၄၉၇,၆၀၀.၀၀ |
| ၆၂ | 13008.313.1.2.388 | ဦးခင်မောင်အုန်းပလပ်စတစ် | ၆ | ၂၅၉,၂၀၀.၀၀ |
| ၆၃ | 13008.313.1.2.467 | Silver Lion | ၂၇ | ၁,၈၂၁,၁၂၀.၀၀ |
| ၆၄ | 13008.313.1.2.497 | FUDAK Enterprise Co.,Ltd | ၃၉ | ၂,၃၃၃,၆၀၀.၀၀ |
| ၆၅ | 13008.313.1.2.498 | JAWS လျှပ်စစ်ပစ္စည်းလုပ်ငန်း | ၃၆ | ၂,၀၇၃,၆၀၀.၀၀ |
| ၆၆ | 13008.313.1.2.507 | ဦးလှတင် ပဲသန့်စင် | ၂ | ၅၆,၀၀၀.၀၀ |
| ၆၇ | 13008.313.1.2.561 | Supreme Bio-Tech Co., Ltd | ၄၂ | ၄,၂၂၈,၈၀၀.၀၀ |
| ၆၈ | 13008.313.1.2.590 | Standard General Trading Co.Ltd | ၂၃ | ၁,၉၀၀,၀၀၀.၀၀ |
| ၆၉ | 13008.313.1.2.660 | ယူနစ်ထရေးဒင်း | ၁ | ၅၇,၆၀၀.၀၀ |
| ၇၀ | 13008.313.2.2.14 | အက်ကိုး ပန်းရိုက် | ၅၃ | ၃,၀၅၄,၇၂၀.၀၀ |
| ၇၁ | 13008.313.2.2.76 | TOYOTA Car Service | ၁၇ | ၁,၉၇၆,၀၀၀.၀၀ |
| ၇၂ | 13008.313.2.2.119 | PAC Co.,Ltd | ၈၈ | ၇,၅၀၉,၁၆၀.၀၀ |
| ၇၃ | 13008.313.2.2.155 | Water Doctor Co., Ltd | ၇၈ | ၆,၉၇၅,၁၆၂.၄၀ |
| ၇၄ | 13008.313.2.2.156 | Supreme Enterprise Limited | ၄၉ | ၃,၈၆၃,၈၅၀.၀၀ |
| ၇၅ | 13008.313.2.2.166 | New Comfort Shoe Factory | ၆ | ၃၄၅,၆၀၀.၀၀ |
| ၇၆ | 13008.313.3.2.21 | Lat War Top Sewing Machine Co.,ltd | ၂၉ | ၂,၅၀၀,၀၀၀.၀၀ |
| ၇၇ | 13008.313.3.2.60 | ဦးခင်ဇော် ကလေးကစားစရာအရုပ်လုပ်ငန်း | ၃ | ၈၄,၀၀၀.၀၀ |
| ၇၈ | 13008.313.3.2.130 | Saung Hnin Cherry | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၇၉ | 13008.313.4.2.9 | သိန်းသန်းထွန်း | ၈၄ | ၅,၂၁၃,၆၀၀.၀၀ |
| ၈၀ | 13008.313.4.2.69 | K&LCo.,Ltd | ၂၃ | ၁,၆၄၈,၀၀၀.၀၀ |
| ၈၁ | 13008.313.4.2.95 | ပျော်ရွှင်ခြင်းကုမ္ပဏီ | ၂၅ | ၁,၄၆၄,၈၀၀.၀၀ |
| ၈၂ | 13008.313.4.2.114 | မြန်မာချန်ရှန်ဖွတ်ဝဲယာ(ရ်)မတီးရီးယဲ(လ်) ကုမ္ပဏီလီမိတက် | ၃၃ | ၁,၈၅၂,၈၀၀.၀၀ |
| ၈၃ | 13008.313.5.2.68 | အက်စ်ယူအက်စ် မြန်မာကုမ္ပဏီလီမိတက် | ၁၇ | ၁,၉၉၂,၀၀၀.၀၀ |
| ၈၄ | 13008.313.5.2.78 | စမ်းငွေရောင် | ၂၇ | ၂,၀၆၇,၂၀၀.၀၀ |
| ၈၅ | 13008.313.5.2.97 | City Aluminium Technology Co.,Ltd | ၇၄ | ၄,၄၄၉,၆၀၀.၀၀ |
| ၈၆ | 13008.313.5.2.110 | မြန်မာရိုဂျင်း ဖွံ့ဖြိုးရေးနှင့် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် | ၆၅ | ၅,၉၁၁,၂၀၀.၀၀ |
| ၈၇ | 13008.313.5.2.121 | City Glass Technology Co.,Ltd | ၁၉ | ၁,၁၆၄,၀၀၀.၀၀ |
| ၈၈ | 13008.313.6.2.21 | 777-1 Export Import Co.,Ltd | ၁၄ | ၁,၀၄၉,၆၀၀.၀၀ |
| ၈၉ | 13008.313.6.2.23 | ဆဲဗင်းလ်အလူမီနီယံကုမ္ပဏီလီမိတက် | ၇၆ | ၇,၁၉၁,၂၀၀.၀၀ |
| ၉၀ | 13008.313.6.2.49 | Ngwe San Trading Co.,Ltd | ၂၃ | ၁,၇၆၆,၄၀၀.၀၀ |
| ၉၁ | 13008.313.7.2.108 | The Traders Limited | ၂၀ | ၂,၃၂၈,၀၀၀.၀၀ |
| ၉၂ | 13008.313.7.2.109 | SMART IZUMI ELECTRONIC LIMITED | ၂၄ | ၂,၇၈၀,၀၀၀.၀၀ |
| ၉၃ | 13008.313.7.2.111 | Tractors Asia Limited | ၁၁၆ | ၁၃,၂၃၆,၀၀၀.၀၀ |
| ၉၄ | 13008.313.7.2.126 | Tian Jin Fashion Mile Stone Co.,Ltd | ၅၂၃ | ၂၇,၈၄၄,၈၀၀.၀၀ |
| ၉၅ | 13008.313.7.2.139 | YOYIKA GARMENT | ၃၃၈ | ၁၈,၂၂၈,၉၇၂.၀၀ |
| ၉၆ | 13008.313.7.2.146 | Mei Jie (Myanmar) Clothing & Accessories Co.,Ltd | ၅၅ | ၃,၅၂၅,၁၂၀.၀၀ |
| ၉၇ | 13019.32.6.2.87 | Best Sun & Koo Group | ၁၃ | ၁,၂၇၆,၀၀၀.၀၀ |
| ၉၈ | 13019.32.7.2.12 | Wei Li Hlaine General Trading | ၄၆ | ၂,၆၄၉,၆၀၀.၀၀ |
| ၉၉ | 13019.32.7.2.38 | Gwambo Studios Ltd | ၄၆ | ၅,၃၅၅,၂၀၀.၀၀ |
| ၁၀၀ | 13019.32.7.2.70 | Native Victor | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၁၀၁ | 13019.32.7.2.81 | Myanmar Sakichi Garment Ltd | ၃၇ | ၂,၄၉၃,၄၇၂.၀၀ |
| ၁၀၂ | 13019.32.7.2.112 | NTR Myanmar Co.,ltd | ၁၆ | ၁,၈၀၀,၀၀၀.၀၀ |
| ၁၀၃ | 13019.32.8.2.2 | United Intelligent Inovators Co.,Ltd | ၁၀ | ၈၄၈,၀၀၀.၀၀ |
| ၁၀၄ | 13019.32.8.2.8 | AWB Myanmar Private Limited | ၅ | ၆၀၀,၀၀၀.၀၀ |
| ၁၀၅ | 13037.39.1.2.469 | ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး | ၃ | ၂၃၀,၀၀၀.၀၀ |
| ၁၀၆ | 13037.39.2.2.265 | Eye Corp Ltd | ၆ | ၆၈၀,၀၀၀.၀၀ |
| ၁၀၇ | 13037.39.3.2.155 | ပွင့်ကောင်းနှင့်ခင်နွဲ့ရီကုမ္ပဏီလီမိတက် | ၉၉ | ၉,၄၃၄,၈၀၀.၀၀ |
| ၁၀၈ | 13037.39.4.2.60 | TTI Global Resources Hong kong Ltd | ၃ | ၃၆၀,၀၀၀.၀၀ |
| ၁၀၉ | 13037.39.5.2.28 | Myanmar One Online Co.,Ltd | ၄၃ | ၄,၆၇၉,၀၀၀.၀၀ |
| ၁၁၀ | 13037.39.5.2.81 | Million Mart | ၄၉ | ၃,၄၈၂,၄၀၀.၀၀ |
| ၁၁၁ | 13037.39.6.2.7 | Yangon Property Management Co.,ltd | ၁၉ | ၁,၃၂၀,၀၀၀.၀၀ |
| ၁၁၂ | 13037.39.6.2.58 | Khine Khine Phyo Internationl Trading Company Limited | ၃၁ | ၃,၁၅၈,၀၀၀.၀၀ |
| ၁၁၃ | 13037.39.6.2.70 | Mk Fashion Shop ( City Mall St.John) | ၁၉ | ၁,၀၉၄,၄၀၀.၀၀ |
| ၁၁၄ | 13037.39.6.2.71 | Golden Express Tours Co,ltd | ၂၀ | ၁,၅၂၀,၀၀၀.၀၀ |
| ၁၁၅ | 13037.39.7.2.31 | Hotel Bahosi | ၅ | ၃၉၄,၀၀၀.၀၀ |
| ၁၁၆ | 13037.39.7.2.63 | Excellent Choice Company Limited | ၇ | ၇၂၀,၀၀၀.၀၀ |
| ၁၁၇ | 13037.39.7.2.64 | Excellent Institude of Finance and Management | ၁၈ | ၁,၂၃၆,၀၀၀.၀၀ |
| ၁၁၈ | 13037.39.7.2.65 | Excellent Choice professional Company Limted | ၄၀ | ၂,၇၈၈,၀၀၀.၀၀ |
| ၁၁၉ | 13037.39.7.2.67 | Norman Myanmar Service Co.,Ltd | ၄၄ | ၅,၂၈၀,၀၀၀.၀၀ |
| ၁၂၀ | 13037.39.7.2.86 | Myanmar Intelligent Logistic Co.,Ltd | ၄ | ၂၅၆,၀၀၀.၀၀ |
| ၁၂၁ | 13037.39.7.2.92 | Loyal Link Co.,Ltd | ၆ | ၆၄၀,၀၀၀.၀၀ |
| ၁၂၂ | 13037.39.7.2.99 | Ambient Digital Myanmar Co.,Ltd | ၁၁ | ၁,၃၂၀,၀၀၀.၀၀ |
| ၁၂၃ | 13037.39.7.2.136 | SMGF Company | ၉ | ၉၇၆,၀၀၀.၀၀ |
| ၁၂၄ | 13037.39.7.2.151 | Advamed Medical Innovatation Co.,Ltd | ၃၃ | ၃,၇၀၈,၀၀၀.၀၀ |
| ၁၂၅ | 13037.39.8.2.4 | Khine Khant Thitsar Construction Co.,Ltd | ၁၇၁ | ၁၇,၃၉၈,၄၀၀.၀၀ |
| ၁၂၆ | 13037.39.8.2.15 | K Future Co., Ltd | ၁၄ | ၁,၄၇၄,၀၀၀.၀၀ |
| ၁၂၇ | 13037.39.8.2.16 | Aquamarine Ecotourism Development Co., Ltd | ၁၅ | ၁,၇၂၇,၇၃၃.၂၀ |
| ၁၂၈ | 13041.38.1.2.68 | Standard General Trading | ၇ | ၄၄၀,၀၀၀.၀၀ |
| ၁၂၉ | 13041.38.1.2.304 | TWJS Co.Ltd | ၃၁ | ၂,၃၀၂,၀၀၀.၀၀ |
| ၁၃၀ | 13041.38.1.2.361 | အောင်သီဟကုမ္ပဏီ | ၄ | ၄၆၄,၀၀၀.၀၀ |
| ၁၃၁ | 13041.38.1.2.564 | လာဆိုဆားဗစ်စက် | ၂၇ | ၂,၈၆၄,၀၀၀.၀၀ |
| ၁၃၂ | 13041.38.2.2.131 | Padamyar FM Media | ၇၅ | ၇,၉၇၆,၀၀၀.၀၀ |
| ၁၃၃ | 13041.38.2.2.135 | ဒေင်စွမ်းအင် | ၃၃ | ၃,၆၃၈,၀၀၀.၀၀ |
| ၁၃၄ | 13041.38.2.2.186 | ရောင်နီဦးကားအရောင်းစင်တာ | ၆ | ၅၄၀,၀၀၀.၀၀ |
| ၁၃၅ | 13041.38.2.2.194 | Forever Gem(JS) | ၁၂ | ၁,၀၆၀,၀၀၀.၀၀ |
| ၁၃၆ | 13041.38.2.2.195 | Suitstar Garment Co.Ltd | ၆ | ၆၆၀,၀၀၀.၀၀ |
| ၁၃၇ | 13041.38.2.2.257 | Pantec | ၇၃ | ၄,၂၇၆,၀၀၀.၀၀ |
| ၁၃၈ | 13041.38.3.2.151 | Excellent Fortune Development Group | ၆၃ | ၄,၇၃၄,၀၀၀.၀၀ |
| ၁၃၉ | 13041.38.4.2.35 | Mobile Mother | ၉ | ၄၃၂,၀၀၀.၀၀ |
| ၁၄၀ | 13041.38.8.2.36 | Exccel Capital Securities co.,Ltd | ၇ | ၇၂၀,၀၀၀.၀၀ |
| ၁၄၁ | 13041.38.8.2.75 | MYO&KIN Co.,Ltd | ၂ | ၁၁၅,၂၀၀.၀၀ |
| ၁၄၂ | 7001.39.1.2.37 | Sun Star Garment | ၁၃၄ | ၇,၄၈၁,၇၆၀.၀၀ |
| ၁၄၃ | 7001.39.1.2.156 | ဟံသာဝတီဂေါက်ကွင်း | ၄၈ | ၃,၀၇၂,၄၀၀.၀၀ |
| ၁၄၄ | 7001.39.1.2.162 | မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် | ၁၆၀ | ၁၃,၀၅၉,၆၀၀.၀၀ |
| ၁၄၅ | 7001.39.2.2.150 | Bago Sunny Garment | ၃၂၀ | ၁၆,၇၄၇,၂၀၀.၀၀ |
| ၁၄၆ | 7001.39.3.2.119 | Puri Timber Co., Ltd. | ၃၁ | ၁,၇၈၅,၆၀၀.၀၀ |
| ၁၄၇ | 7001.39.4.2.24 | NT MODE Garment | ၄၅၁ | ၂၅,၈၇၆,၈၀၀.၀၀ |
| ၁၄၈ | 7001.39.4.2.37 | Yangon First Stationary (ညောင်အင်း) Co., Ltd. | ၁၀၄ | ၅,၆၃၉,၇၆၀.၀၀ |
| ၁၄၉ | 7001.39.5.2.35 | Cobes Industries (Bago) Co., Ltd. | ၁,၃၂၉ | ၇၃,၀၀၂,၀၀၀.၀၀ |
| ၁၅၀ | 7001.39.5.2.36 | SHYANG PENG CHENG | ၁,၉၅၉ | ၁၁၂,၆၃၂,၀၀၀.၀၀ |
| ၁၅၁ | 13003.311.1.2.4 | Myanmar Wide Garment | ၈၇၉ | ၄၈,၆၈၂,၅၆၀.၀၀ |
| ၁၅၂ | 13003.311.1.2.10 | SHWE KYE | ၆ | ၃၇၇,၅၃၈.၀၀ |
| ၁၅၃ | 13003.311.2.2.131 | ဦးအောင်နိုင်သံရည်ကျို | ၁၀ | ၂၈၀,၀၀၀.၀၀ |
| ၁၅၄ | 13003.311.5.2.11 | Seo Ho International Co.,Ltd | ၆၃၁ | ၃၆,၇၈၈,၂၈၀.၀၀ |
| ၁၅၅ | 13003.311.7.2.16 | V-Top Industries Myanmar Limited | ၂၅၄ | ၁၅,၀၀၄,၈၀၀.၀၀ |
| ၁၅၆ | 13003.311.7.2.20 | De He Sheng Co.ltd | ၂၃၈ | ၁၃,၈၅၈,၈၀၀.၀၀ |
| ၁၅၇ | 13003.311.7.2.38 | မြန်မာထန်းတပင်အထည်ချုပ် စက်ရုံ | ၂၅၉ | ၁၄,၇၉၁,၆၈၀.၀၀ |
| ၁၅၈ | 13003.311.8.2.13 | Myanmar Giant Metal Co.,Ltd | ၁၂၂ | ၇,၃၅၈,၄၀၀.၀၀ |
| ၁၅၉ | 13003.311.8.2.15 | Soonlinmas Wood Pannel Co,ltd | ၄၄ | ၂,၅၄၄,၀၀၀.၀၀ |
| ၁၆၀ | 13008.313.1.2.170 | Universal Apparel | ၆၈၇ | ၄၀,၀၆၇,၇၅၂.၀၀ |
| ၁၆၁ | 13008.313.2.2.131 | Hope One Co.,Ltd | ၈၃၉ | ၄၈,၆၉၀,၂၄၀.၀၀ |
| ၁၆၂ | 13008.313.3.2.17 | AungGyi Trading | ၃၆ | ၄,၃၀၀,၀၀၀.၀၀ |
| ၁၆၃ | 13008.313.3.2.58 | စွဲလန်းအထည်ချုပ် | ၄၅၄ | ၂၅,၂၂၈,၈၀၀.၀၀ |
| ၁၆၄ | 13008.313.3.2.97 | Family Sai Sai | ၆ | ၃၉၂,၈၀၀.၀၀ |

*စာမျက်နှာ ၂၅ သို့*

စာမျက်နှာ ၂၄ မှ

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမားဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၁၆၅ | 13008.313.3.2.137 | ဦးထွန်းထွန်းဖိနပ်ဆိုးပြား | ၈၀ | ၄,၈၅၇,၆၀၀.၀၀ |
| ၁၆၆ | 13008.313.5.2.89 | Mianyi Manufacturing Co.,Ltd | ၅၀၅ | ၂၈,၉၀၆,၉၂၀.၀၀ |
| ၁၆၇ | 13008.313.6.2.5 | ရှိုင်းလုံအပူခံသွပ်ပြားစက်ရုံ | ၁၀ | ၆၀၄,၈၀၀.၀၀ |
| ၁၆၈ | 13008.313.6.2.50 | Zwe Taw Wun Trading Co.,ltd | ၁၆ | ၁,၁၁၆,၀၀၀.၀၀ |
| ၁၆၉ | 13008.313.6.2.57 | SIX SIX EIGHT CO.,LTD | ၈ | ၄၈၃,၂၀၀.၀၀ |
| ၁၇၀ | 13008.313.6.2.90 | Gold Yee Co.,Ltd | ၅ | ၃၉၅,၅၂၀.၀၀ |
| ၁၇၁ | 13008.313.6.2.197 | Mai Jiang International Building Matera | ၅၅ | ၃,၂၀၄,၀၀၀.၀၀ |
| ၁၇၂ | 13008.313.7.2.7 | Sheng Feng Shi Ye Co., Ltd | ၃၂ | ၁,၈၃၉,၂၀၀.၀၀ |
| ၁၇၃ | 13008.313.7.2.54 | Myanmar Sheng Qiao Lamination Co.,Ltd | ၃၀ | ၁,၇၂၈,၀၀၀.၀၀ |
| ၁၇၄ | 13008.313.7.2.58 | Xin Jin Rong Mahu Factoring Co.,Ltd | ၂၉ | ၁,၆၇၀,၄၀၀.၀၀ |
| ၁၇၅ | 13008.313.7.2.182 | Win Motor Co.,Ltd | ၈၅ | ၆,၇၉၇,၂၀၀.၀၀ |
| ၁၇၆ | 13008.313.7.2.189 | POLY CLOTHING CO., LTD | ၁၆၂ | ၉,၃၃၅,၀၄၀.၀၀ |
| ၁၇၇ | 13008.313.8.2.20 | Nine Oasis Manufacturing Co.,Ltd | ၃၀ | ၁,၇၂၈,၀၀၀.၀၀ |
| ၁၇၈ | 13008.313.8.2.57 | Fitex (Myanmar) Garment Manufacturing CO.,LTD. | ၁၂၄ | ၇,၃၄၀,၁၆၀.၀၀ |
| ၁၇၉ | 13008.313.8.2.61 | Myanmar Yingfa Solar Co.,Ltd | ၄၀ | ၁,၈၇၁,၂၈၀.၀၀ |
| ၁၈၀ | 13018.31.1.2.10 | ဒေါ်အေးအေးမြင့် အမိုးပြားစက်ရုံ | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၁၈၁ | 13018.31.1.2.39 | ဦးတင်လှိုင် ကြမ်းခင်းပါကေး | ၄ | ၉၆,၀၀၀.၀၀ |
| ၁၈၂ | 13018.31.1.2.64 | ဒေါ်စန်းစန်းမြင့် ပရိဘောဂဆေးသုတ်နှင့် တွင်ခုံ | ၄ | ၃၄၀,၀၀၀.၀၀ |
| ၁၈၃ | 13018.31.1.2.72 | ခင်မောင်ညွန့်ထရေးဒင်း | ၆၆ | ၅,၀၂၉,၆၀၀.၀၀ |
| ၁၈၄ | 13018.31.1.2.141 | အောင်မင်္ဂလာအထည်ချုပ် | ၉ | ၂၈၈,၀၀၀.၀၀ |
| ၁၈၅ | 13018.31.1.2.142 | ဦးရွှေကို အထည်ချုပ် | ၂၁ | ၁,၂၀၉,၆၀၀.၀၀ |
| ၁၈၆ | 13018.31.1.2.191 | Shwe Wood Industry | ၃၀ | ၁,၇၉၀,၄၀၀.၀၀ |
| ၁၈၇ | 13018.31.1.2.198 | စန္ဒာဟိန်းအထည်ချုပ် | ၃၁ | ၁,၇၈၅,၆၀၀.၀၀ |
| ၁၈၈ | 13018.31.1.2.384 | အောင်မိုးနိုင်သံနန်းဆွဲ | ၆ | ၁၉၂,၀၀၀.၀၀ |
| ၁၈၉ | 13018.31.1.2.408 | ရောမောင်ကားဘော်ဒီ | ၂ | ၄၈,၀၀၀.၀၀ |
| ၁၉၀ | 13018.31.1.2.466 | Yin Phone Industry | ၅၅ | ၃,၁၆၈,၀၀၀.၀၀ |
| ၁၉၁ | 13018.31.2.2.20 | Pacific Prime Machinery Co,Ltd | ၁၉ | ၁,၂၈၁,၆၀၀.၀၀ |
| ၁၉၂ | 13018.31.2.2.171 | Flying Shuttle Int Co,ltd | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၁၉၃ | 13018.31.2.2.197 | Bright Juan | ၃၂၁ | ၂၂,၅၄၅,၆၀၀.၀၀ |
| ၁၉၄ | 13018.31.2.2.223 | Lucky Bag & Swallow Plastic(2) | ၅၂ | ၂,၉၉၅,၂၀၀.၀၀ |
| ၁၉၅ | 13018.31.3.2.106 | Golden Rose Co,ltd စက်မှုလုပ်ငန်း | ၁ | ၄၃,၂၀၀.၀၀ |
| ၁၉၆ | 13018.31.3.2.113 | Best Mix Concrete | ၃၆ | ၂,၂၃၂,၀၀၀.၀၀ |
| ၁၉၇ | 13018.31.4.2.13 | ဦးသူရကျော်-Steel Fabrication Factory | ၃၆ | ၂,၁၈၈,၀၀၀.၀၀ |
| ၁၉၈ | 13018.31.4.2.112 | ဇောတိကအဆင့်မြင့်အိမ်ယာစီမံကိန်း | ၄၀ | ၂,၆၈၆,၀၀၀.၀၀ |
| ၁၉၉ | 13018.31.4.2.134 | Galaxy Star Co,Ltd | ၅ | ၄၀၀,၀၀၀.၀၀ |
| ၂၀၀ | 13018.31.4.2.150 | လန်းဆန်းဝင်းသံပန်းသံတံခါးလုပ်ငန်း | ၆ | ၁၄၄,၀၀၀.၀၀ |
| ၂၀၁ | 13018.31.5.2.15 | THL Foundation Equipment (Myanmar) Co,Ltd | ၄ | ၄၄၀,၀၀၀.၀၀ |
| ၂၀၂ | 13018.31.5.2.37 | AA Marketing | ၂၀ | ၁,၈၆၃,၉၄၀.၀၀ |
| ၂၀၃ | 13018.31.5.2.38 | Asia Alpha Garment | ၇၆ | ၄,၃၇၇,၆၀၀.၀၀ |
| ၂၀၄ | 13018.31.5.2.41 | MYGO Myanmar Co,Ltd | ၅၃ | ၅,၂၁၆,၀၀၀.၀၀ |
| ၂၀၅ | 13018.31.6.2.10 | Myanmar New Uniteak Industries Co.,Ltd | ၃ | ၁၂၃,၆၅၆.၀၀ |
| ၂၀၆ | 13018.31.6.2.11 | Nice Partner Co.,Ltd | ၈ | ၄၈၈,၀၀၀.၀၀ |
| ၂၀၇ | 13018.31.6.2.17 | Intelligent Prints Solution Co,Ltd | ၂၂ | ၁,၉၇၆,၀၀၀.၀၀ |
| ၂၀၈ | 13018.31.6.2.31 | Yangon Gloves Co.,Ltd | ၃၀ | ၁,၇၂၈,၀၀၀.၀၀ |
| ၂၀၉ | 13018.31.6.2.34 | Myanmar Inspection & Technology Co,Ltd | ၂၀ | ၂,၁၃၀,၄၀၀.၀၀ |
| ၂၁၀ | 13018.31.7.2.34 | Brightberg Enterprises (Myanmar) Co., Ltd | ၃၁၀ | ၁၆,၅၂၄,၈၀၀.၀၀ |
| ၂၁၁ | 13018.31.7.2.65 | Solid Teak (Myanmar) Ltd | ၅၉ | ၃,၈၇၈,၀၀၀.၀၀ |
| ၂၁၂ | 13018.31.8.2.7 | Huafa (Myanmar) Garment Co,Ltd | ၂၉၆ | ၁၆,၀၀၃,၄၄၀.၀၀ |
| ၂၁၃ | 13018.31.8.2.8 | Ming Fai Webbing Co.,Ltd | ၂၅ | ၁,၄၆၂,၄၀၀.၀၀ |
| ၂၁၄ | 13019.32.1.2.29 | ရတနာပုံမုန့်စက် | ၇၉ | ၅,၁၆၀,၀၀၀.၀၀ |
| ၂၁၅ | 13019.32.1.2.166 | ဦးတင်ကိုပလပ်စတစ် | ၂ | ၅၆,၀၀၀.၀၀ |
| ၂၁၆ | 13019.32.1.2.225 | ရွှေဒိုင်းတစ်ရှူး | ၂၁ | ၁,၂၀၉,၆၀၀.၀၀ |
| ၂၁၇ | 13019.32.1.2.234 | ZEP | ၁၈၈ | ၁၃,၀၆၈,၀၄၀.၀၀ |
| ၂၁၈ | 13019.32.7.2.93 | Double Y Service & Trading Co.,Ltd | ၇ | ၆၄၀,၀၀၀.၀၀ |
| ၂၁၉ | 13019.32.2.2.113 | Universal Construction Co., Ltd. | ၇၆ | ၆,၆၃၈,၄၀၀.၀၀ |
| ၂၂၀ | 13019.32.2.2.114 | Pinlon Village Hotel & Resort | ၃၂ | ၂,၅၃၀,၀၀၀.၀၀ |
| ၂၂၁ | 13019.32.2.2.133 | Lin Dagon Garment Co., Ltd. | ၄၄၀ | ၂၅,၄၀၆,၄၀၀.၀၀ |
| ၂၂၂ | 13019.32.2.2.206 | Myanmar Silver Spring | ၉၃၃ | ၅၄,၆၀၆,၇၆၀.၀၀ |
| ၂၂၃ | 13019.32.3.2.262 | P.I.M Co.,Ltd | ၆၆ | ၃,၉၂၆,၄၀၀.၀၀ |
| ၂၂၄ | 13019.32.3.2.265 | Famous Winner | ၉၀ | ၄,၆၀၂,၀၀၀.၀၀ |
| ၂၂၅ | 13019.32.4.2.6 | Strategic Alliance Marketin Co.,Ltd. | ၇၁ | ၄,၉၇၆,၀၀၀.၀၀ |
| ၂၂၆ | 13019.32.4.2.7 | Big Bang Co.,Ltd | ၁၅ | ၁,၂၀၀,၀၀၀.၀၀ |
| ၂၂၇ | 13019.32.4.2.43 | HBT Co.,Ltd. | ၈၁ | ၆,၂၈၅,၆၀၀.၀၀ |
| ၂၂၈ | 13019.32.4.2.45 | Winner Power International | ၂၆ | ၂,၀၇၈,၄၀၀.၀၀ |
| ၂၂၉ | 13019.32.5.2.9 | K.M.I Company | ၃၃ | ၂,၀၁၆,၀၀၀.၀၀ |
| ၂၃၀ | 13019.32.5.2.53 | Yangon City Red Sun | ၃၀ | ၂,၁၆၃,၈၄၀.၀၀ |
| ၂၃၁ | 13019.32.6.2.10 | Hanki International | ၃၄ | ၁,၉၅၈,၄၀၀.၀၀ |
| ၂၃၂ | 13019.32.6.2.41 | နှစ်သစ်ဦး ကုမ္ပဏီ | ၁၁ | ၉၅၇,၆၀၀.၀၀ |
| ၂၃၃ | 13019.32.6.2.48 | Myanmar Beauty World Co., | ၁၁ | ၁,၁၂၂,၄၀၀.၀၀ |
| ၂၃၄ | 13019.32.4.2.21 | Kaung Swann Htet Co., Ltd | ၉၄ | ၉,၅၀၄,၈၀၀.၀၀ |
| ၂၃၅ | 13019.32.6.2.107 | Universal Medical Centre Co., Ltd. | ၁၄ | ၁,၃၀၁,၂၀၀.၀၀ |
| ၂၃၆ | 13019.32.6.2.84 | Fuxin Fuyi Industrial Co.,Ltd | ၂၈၉ | ၁၆,၆၄၆,၄၀၀.၀၀ |
| ၂၃၇ | 13023.314.2.2.1 | Penta-Ocean Construction Co.,Ltd | ၉၃ | ၁၁,၁၆၀,၀၀၀.၀၀ |
| ၂၃၈ | 13019.32.8.2.32 | Vogue Myanmar Industry Limited | ၆၉ | ၃,၉၇၄,၄၀၀.၀၀ |
| ၂၃၉ | 13023.314.1.2.1 | ဆင်ဖြူတော်အထည်ချုပ် | ၅၈၉ | ၃၃,၆၁၂,၀၀၀.၀၀ |
| ၂၄၀ | 13023.314.1.2.5 | Y.M.G သံလိပ်တံခါး | ၈၃ | ၄,၇၈၀,၈၀၀.၀၀ |
| ၂၄၁ | 13023.314.1.2.9 | K.K.L သီဟိုဠ်စေ့လုပ်ငန်း | ၃၀ | ၁,၇၅၃,၂၀၀.၀၀ |
| ၂၄၂ | 13023.314.1.2.12 | သဘော်ဖျက်စက်ရုံ | ၁၆၆ | ၁၀,၇၀၄,၀၀၀.၀၀ |
| ၂၄၃ | 13023.314.1.2.78 | မိုးမခဇာထိုးပန်းထိုးအထည်ချုပ် | ၈ | ၄၆၃,၂၀၀.၀၀ |
| ၂၄၄ | 13023.314.3.2.115 | လီတာဝမ်းမြန်မာလီမိတက် | ၁,၆၆၆ | ၉၆,၀၁၉,၂၈၀.၀၀ |
| ၂၄၅ | 13023.314.3.2.116 | Koyorad Myanmar Ltd | ၁၇၆ | ၁၁,၂၂၉,၁၂၀.၀၀ |
| ၂၄၆ | 13023.314.4.2.24 | TOYO Construction Co Ltd | ၃၆ | ၄,၂၉၆,၀၀၀.၀၀ |
| ၂၄၇ | 13023.314.4.2.32 | Atsumi Myanmar Co Ltd | ၃၂၄ | ၁၈,၆၆၂,၄၈၀.၀၀ |
| ၂၄၈ | 13023.314.4.2.37 | Thilawa Global Logistics Co Ltd | ၁၁၀ | ၁၁,၀၁၇,၆၀၀.၀၀ |
| ၂၄၉ | 13023.314.5.2.8 | Kubota Corporation Yangon Branch | ၅ | ၆၀၀,၀၀၀.၀၀ |
| ၂၅၀ | 13023.314.5.2.38 | PEB Steel Myanmar | ၃၀၀ | ၂၈,၅၁၁,၃၈၄.၀၀ |
| ၂၅၁ | 13023.314.5.2.49 | Myanmar Shint Hel Co;ltd | ၁၈ | ၁,၁၅၃,၂၀၀.၀၀ |
| ၂၅၂ | 13023.314.6.2.27 | A to Z Mart Co.,ltd | ၇ | ၄၀၅,၆၀၀.၀၀ |
| ၂၅၃ | 13023.314.7.2.4 | Oshimanoki Myanmar | ၂၈ | ၂,၁၀၀,၀၀၀.၀၀ |
| ၂၅၄ | 13023.314.7.2.31 | SKM Steel Holdings Co.,Ltd | ၁၀၃ | ၁၀,၆၅၆,၀၀၀.၀၀ |
| ၂၅၅ | 13023.314.7.2.41 | Myanmar Yazaki Thilawa Co.,Ltd. | ၄၄၀ | ၃၇,၄၄၅,၈၀၀.၀၀ |
| ၂၅၆ | 13023.314.7.2.54 | Denko Petrochemical Management Co., Ltd | ၆၇ | ၄,၅၂၀,၈၀၀.၀၀ |
| ၂၅၇ | 13023.314.8.2.17 | Tamada Engineering &Services Company | ၁၇ | ၁,၇၁၀,၀၀၀.၀၀ |
| ၂၅၈ | 13033.36.1.2.790 | MCC | ၇ | ၄၀၃,၂၀၀.၀၀ |
| ၂၅၉ | 13033.36.1.2.796 | Ashro Myanmar Limited | ၁၅၀ | ၁၆,၃၆၆,၀၀၀.၀၀ |
| ၂၆၀ | 13033.36.1.2.845 | စိန်ဂေဟာ(ပြည်လမ်း) | ၂၆ | ၁,၄၉၇,၆၀၀.၀၀ |
| ၂၆၁ | 13033.36.1.2.1059 | Universal Technology | ၂ | ၈၆,၄၀၀.၀၀ |
| ၂၆၂ | 13033.36.2.2.139 | ICM Co.,Ltd | ၂၅ | ၂,၄၅၂,၀၀၀.၀၀ |
| ၂၆၃ | 13033.36.2.2.192 | HITACHI ASIA .,LTD | ၉ | ၁,၀၈၀,၀၀၀.၀၀ |
| ၂၆၄ | 13033.36.2.2.292 | Hoang Anh Gia Lai (M) Co., | ၃၇၁ | ၄၃,၆၃၈,၆၀၀.၂၅ |
| ၂၆၅ | 13033.36.2.2.385 | Shwe Nay Chi Services | ၉ | ၅၇၀,၄၀၀.၀၀ |
| ၂၆၆ | 13033.36.3.2.14 | pana care Service Center | ၁ | ၁၂၀,၀၀၀.၀၀ |
| ၂၆၇ | 13033.36.3.2.101 | Nikken International Myanmar Co.,Ltd . | ၇၄ | ၈,၈၃၆,၀၀၀.၀၀ |
| ၂၆၈ | 13033.36.3.2.218 | JFE Engineering Coporation Yangon Branch | ၃၈ | ၄,၅၅၂,၅၂၀.၀၀ |
| ၂၆၉ | 13033.36.4.2.17 | Nishimura & Asati | ၃ | ၃၆၀,၀၀၀.၀၀ |
| ၂၇၀ | 13033.36.4.2.121 | Obayashi Corporation | ၅ | ၅၃၇,၆၀၀.၀၀ |
| ၂၇၁ | 13033.36.8.2.24 | BYMA MYANMAR LTD | ၃၃၈ | ၄၀,၂၄၀,၁၄၀.၁၇ |
| ၂၇၂ | 13033.36.8.2.41 | BF Science & Technology Co.,Ltd | ၂၉ | ၃,၄၄၄,၀၀၀.၀၀ |
| ၂၇၃ | 13033.36.8.2.69 | ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၂၃)လမ်း | ၁၇ | ၁,၂၀၈,၀၀၀.၀၀ |
| ၂၇၄ | 13033.310.1.2.729 | ယာဉ်ဘုန်းထရေးဒင်းကုမ္ပဏီ | ၁၀ | ၈၆၄,၀၀၀.၀၀ |
| ၂၇၅ | 13033.310.4.2.107 | WY Z Private Limited | ၂၀ | ၁,၄၄၄,၀၀၀.၀၀ |
| ၂၇၆ | 13033.310.4.2.165 | Yangon Waterboom | ၁၇၄ | ၄,၀၁၆,၆၀၀.၀၀ |
| ၂၇၇ | 13033.310.4.2.166 | Tokyu Construction Co.,Ltd | ၅၅ | ၆,၃၀၂,၅၈၀.၀၀ |
| ၂၇၈ | 13033.310.4.2.179 | Speed Making | ၅ | ၃၀၀,၀၀၀.၀၀ |
| ၂၇၉ | 13033.310.6.2.13 | I-Myanmar Co.,Ltd | ၈၄ | ၆,၅၆၈,၇၃၉.၆၀ |
| ၂၈၀ | 13033.310.7.2.15 | SOUTHERN CABLE Co., Ltd. | ၁၅ | ၁,၅၉၆,၀၀၀.၀၀ |
| ၂၈၁ | 13033.310.7.2.76 | Shinsampei Myanmar Co.,Ltd. | ၂ | ၂၄၀,၀၀၀.၀၀ |
| ၂၈၂ | 13033.310.7.2.87 | Ottimo Power Co.,Ltd. | ၁၉ | ၁,၄၆၄,၀၀၀.၀၀ |
| ၂၈၃ | 13037.39.1.2.26 | မြန်မာပဒုမ္မာကုမ္ပဏီလီမိတက် | ၂ | ၇၆,၀၀၀.၀၀ |
| ၂၈၄ | 13037.39.1.2.234 | Okaya Co.,Ltd | ၈ | ၉၆၀,၀၀၀.၀၀ |
| ၂၈၅ | 13037.39.1.2.342 | Step Fashion | ၉ | ၃၈၈,၀၀၀.၀၀ |
| ၂၈၆ | 13037.39.1.2.517 | Three Red Star Co.,Ltd | ၄ | ၂၆၀,၀၀၀.၀၀ |
| ၂၈၇ | 13037.39.3.2.107 | Hotel Wordan | ၉ | ၅၄၀,၀၀၀.၀၀ |
| ၂၈၈ | 13037.39.4.2.83 | Sanctuary Retreats Myanmar Limited | ၃၆ | ၄,၂၄၀,၀၀၀.၀၀ |
| ၂၈၉ | 13037.39.5.2.53 | CSKM Global Education Center Limited | ၁၀ | ၉၄၄,၀၀၀.၀၀ |
| ၂၉၀ | 13037.39.6.2.36 | Myanmar Bestcare Co.,Ltd. | ၈ | ၅၀၃,၆၀၀.၀၀ |
| ၂၉၁ | 13037.39.7.2.82 | မြန်မာ့စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတတ် ရေးအများ ပိုင်ကုမ္ပဏီ လီမိတက် | ၇ | ၈၀၀,၀၀၀.၀၀ |
| ၂၉၂ | 13037.39.8.2.14 | Blue Pacific Finaciak&Management Consulting Co.,Ltd | ၇ | ၇၆၀,၀၀၀.၀၀ |
| ၂၉၃ | 13037.39.8.2.18 | Oo Lay Gyi Construction Co., Ltd | ၄၂ | ၃,၅၄၀,၀၀၀.၀၀ |
| ၂၉၄ | 13037.39.8.2.20 | Forever One Stop Wedding Service | ၁၇ | ၈၂၈,၀၀၀.၀၀ |
| ၂၉၅ | 13037.39.8.2.58 | CNSA Myanmar Co.,Ltd | ၂၄ | ၂,၇၄၄,၉၂၀.၀၀ |
| ၂၉၆ | 13041.38.5.2.8 | Venari Consulting Services Co.Ltd | ၁၂ | ၁,၄၀၅,၀၀၀.၀၀ |
| ၂၉၇ | 13041.38.5.2.85 | Ni Lwin Soe and Associates Co.,Ltd | ၁၆ | ၁,၀၈၈,၀၀၀.၀၀ |
| ၂၉၈ | 13041.38.5.2.94 | Myanmar Bureau Veritas Ltd | ၂၃ | ၂,၆၈၀,၀၀၀.၀၀ |
| ၂၉၉ | 13041.38.5.2.98 | PSH | ၁၇ | ၁,၂၃၂,၀၀၀.၀၀ |
| ၃၀၀ | 13041.38.5.2.105 | ရောင်နီဦး(ဆောက်လုပ်ရေး) | ၇ | ၈၄၀,၀၀၀.၀၀ |
| ၃၀၁ | 13041.38.6.2.12 | Pyae Sone Htet Myint Co., Ltd. | ၂၁ | ၁,၈၀၄,၀၀၀.၀၀ |
| ၃၀၂ | 13041.38.6.2.22 | Diamond MercuryCo.,Ltd | ၆ | ၅၈၄,၀၀၀.၀၀ |
| ၃၀၃ | 13041.38.6.2.86 | win Azure Engineering &Construction Co,Ltd | ၁ | ၁၀၀,၀၀၀.၀၀ |
| ၃၀၄ | 13041.38.7.2.12 | Destination Asia | ၈ | ၈၄၀,၀၀၀.၀၀ |
| ၃၀၅ | 13041.38.7.2.19 | Posco International Amera Co.,Ltd | ၁၀ | ၁,၁၄၁,၆၀၀.၀၀ |
| ၃၀၆ | 13041.38.7.2.30 | Naung Yoe Technologies Co.,Ltd | ၂၅ | ၂,၃၆၈,၀၀၀.၀၀ |
| ၃၀၇ | 13041.38.7.2.59 | Rifle Media Co.,Ltd | ၆ | ၆၉၂,၀၀၀.၀၀ |
| ၃၀၈ | 13041.38.7.2.60 | Wired Media Myanmar Co.,Ltd | ၁၀ | ၁,၁၅၂,၀၀၀.၀၀ |
| ၃၀၉ | 13041.38.7.2.142 | Hantharwady United FC | ၇၀ | ၆,၈၄၄,၈၀၀.၀၀ |
| ၃၁၀ | 13041.38.7.2.181 | Pacific Healthcare Co.,Ltd | ၈ | ၉၆၀,၀၀၀.၀၀ |
| ၃၁၁ | 13041.38.8.2.23 | ရောင်နီဦးလျှပ်စစ်ကုမ္ပဏီလီမိတက် | ၆ | ၅၄၀,၀၀၀.၀၀ |
| ၃၁၂ | 13041.38.8.2.32 | Yadana Phyo Wai Co.,Ltd(Zin Yaw Phyu Auto Mobile) | ၄ | ၄၄၀,၀၀၀.၀၀ |
| ၃၁၃ | 13008.313.3.2.43 | ချမ်းရိဖိနပ်စက်ရုံ | ၇,၀၉၄ | ၄၀၈,၂၇၅,၉၂၈.၀၀ |
| ၃၁၄ | 13003.311.3.2.115 | Mila Garden | ၄,၆၈၈ | ၂၄၄,၆၆၁,၇၀၄.၈၀ |
| ၃၁၅ | 7001.39.1.2.1 | Win & Win သစ်စက် (1) | ၁၄၄ | ၈,၂၉၄,၄၀၀.၀၀ |
| ၃၁၆ | 7001.39.1.2.6 | မင်္ဂလာသောင်းပုံနှိပ်တိုက် | ၈ | ၁၆၀,၀၀၀.၀၀ |
| ၃၁၇ | 7001.39.1.2.10 | ကျောက်ဆူးဆေးလိပ် | ၈ | ၂၂၄,၀၀၀.၀၀ |
| ၃၁၈ | 7001.39.1.2.35 | ကျောက်ဆူးဆေးလိပ် | ၇ | ၁၉၆,၀၀၀.၀၀ |
| ၃၁၉ | 7001.39.1.2.48 | ကြောင်နက်ဆေးလိပ် | ၄ | ၈၀,၀၀၀.၀၀ |
| ၃၂၀ | 7001.39.1.2.108 | ကျောက်ဆူးဆေးလိပ် | ၈ | ၂၂၄,၀၀၀.၀၀ |
| ၃၂၁ | 7001.39.1.2.157 | အင်းလေးဖိနပ်စက်ရုံ | ၂,၆၇၃ | ၁၇၃,၄၁၈,၄၀၀.၀၀ |
| ၃၂၂ | 7001.39.1.2.163 | စိန်ဟင်းသံရည်ကျို | ၂၈ | ၁,၆၁၂,၈၀၀.၀၀ |
| ၃၂၃ | 7001.39.1.2.173 | နဂါးပျံမုန့်လုပ်ငန်း | ၄ | ၈၀,၀၀၀.၀၀ |
| ၃၂၄ | 7001.39.1.2.184 | ကျားနက်ဆေးလိပ် | ၅ | ၁၀၀,၀၀၀.၀၀ |
| ၃၂၅ | 7001.39.1.2.224 | ဂရင်းဆိုရှယ်စားသောက်ဆိုင် | ၂ | ၄၀,၀၀၀.၀၀ |
| ၃၂၆ | 7001.39.1.2.242 | သိန်းပရိဘောဂ | ၃ | ၆၀,၀၀၀.၀၀ |
| ၃၂၇ | 7001.39.1.2.288 | ဦးလှမောင်သစ်ခွဲစက် | ၃ | ၆၀,၀၀၀.၀၀ |
| ၃၂၈ | 7001.39.1.2.296 | စကားဝါဆေးလိပ် | ၉ | ၂၅၂,၀၀၀.၀၀ |
| ၃၂၉ | 7001.39.1.2.317 | အမရဝတီပုံနှိပ်တိုက် | ၁ | ၂၀,၀၀၀.၀၀ |
| ၃၃၀ | 7001.39.1.2.332 | ဧယျဝတီပုလင်းသွတ် | ၁၅ | ၆၂၀,၀၀၀.၀၀ |
| ၃၃၁ | 7001.39.1.2.333 | ထွန်းဟိုတယ် | ၄ | ၈၀,၀၀၀.၀၀ |
| ၃၃၂ | 7001.39.2.2.130 | ဟိန်းရဲစိုးသစ်စက် | ၉၀ | ၆,၅၃၆,၀၀၀.၀၀ |
| ၃၃၃ | 7001.39.3.2.13 | ကျောက်ဆူးဆေးလိပ် | ၆ | ၁၆၈,၀၀၀.၀၀ |
| ၃၃၄ | 7001.39.3.2.117 | စကားဝါဆေးလိပ်(၂) | ၉ | ၂၅၂,၀၀၀.၀၀ |
| ၃၃၅ | 7001.39.3.2.118 | စကားဝါဆေးလိပ်(၃) | ၁၂ | ၃၃၆,၀၀၀.၀၀ |
| ၃၃၆ | 7001.39.3.2.145 | Smooth World International Myanmar Co., Ltd. | ၇၉၃ | ၄၃,၅၂၇,၂၀၁.၅၉ |
| ၃၃၇ | 7001.39.5.2.12 | JoTun Myanmar Co., Ltd. | ၂၈ | ၃,၃၆၀,၀၀၀.၀၀ |
| ၃၃၈ | 7001.39.5.2.31 | Pung Kook Myanmar Limited | ၄၁၉ | ၂၅,၂၂၁,၈၄၅.၁၂ |
| ၃၃၉ | 7001.39.6.2.27 | ငွေလမင်းအထည်ချုပ် | ၂ | ၉၂,၀၀၀.၀၀ |

(ဆက်လက်ဖော်ပြပါမည်)

# ဆရာတော်ဘဒ္ဒန္တဝိစိတ္တာဘိဝံသ(ခေါ်) ဦးဝီရသူကို အနောက်ပိုင်းခရိုင်တရားရုံးတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ချုပ်ရီမန်ရယူပြီး အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်

**ရန်ကုန် နိုဝင်ဘာ ၃**

နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၁၂၄ (က) ဖြင့် တရားစွဲခံထားရသည့် ဆရာတော်ဦးဝီရသူကို ယနေ့ နိုဝင်ဘာ (၃) ရက်တွင် ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံးတွင် ဗီဒီယိုကွန်ဖရင့်စနစ် ဖြင့် နိုဝင်ဘာ ၁၇ ရက် (အင်္ဂါနေ့)ထိ ချုပ်ရီမန်ရယူပြီး အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ပြီဖြစ်ကြောင်း အနောက်ပိုင်းခရိုင်တရားရုံးမှ သိရသည်။

